# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**တရားတို့နှင့် ပြည့်စုံအောင်အားထုတ်**

ဣန္ဒြေကို စောင့်ထိန်းခြင်း၊ မှန်သောစကားကိုဆိုခြင်း၊ သီလကို ကောင်းစွာစောင့်ထိန်းခြင်းတို့သည် ကိလေသာ အညစ်အကြေးများ ကင်းစင်၍ သန့်ရှင်းစင်ကြယ်စေကြောင်း အကျင့်ကောင်းများဖြစ်သောကြောင့် ထိုတရားတို့နှင့် ပြည့်စုံအောင် အားထုတ်ရာ၏။

ယမကဝဂ်(ဓမ္မပဒ-၁၀)

၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက် ၂၀၂၃ ခုနှစ်၊ မေ ၂၃ ရက်၊ တနင်္လာနေ့ အတွဲ (၆၂)၊ အမှတ်(၂၀၁)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုဖြစ်ပွားခဲ့သည့် လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာများမှ လေဘေးသင့်ပြည်သူများအား သွားရောက်ကြည့်ရှုအားပေး၊ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်

**နေပြည်တော် မေ ၂၂**

နေပြည်တော် ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်း မေ ၂၁ ရက် ည ၆ နာရီ မိနစ် ၂၀ ခန့်တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အောင်မြင်ကုန်းကျေးရွာရှိ လူနေအိမ် ၁၅၅ လုံး၊ စာသင်ကျောင်း တစ်ကျောင်း၊ ကျေးလက်ဆေးပေးခန်း တစ်လုံး၊ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းနှင့် တံတားဦးကျေးရွာရှိ လူနေအိမ် ၇၇ လုံး၊ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းတို့ ပျက်စီးဆုံးရှုံးခဲ့ပြီး ဒေသခံပြည်သူ ၁၁၃ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် သေဆုံးသူ ခြောက်ဦးရှိပြီဖြစ်ကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်ဖြစ်ပွားခဲ့သည့် ကျေးရွာများသို့ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ❍



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်အထွေထွေရောဂါကုဆေးရုံကြီး ခုတင်(၁၀၀၀)၌ ဆေးရုံတက်ရောက်ဆေးဝါးကုသမှုခံယူလျက်ရှိသည့် လယ်ဝေးမြို့နယ်အတွင်းမှ လေဘေးသင့်ပြည်သူတစ်ဦးချင်းစီအား ရင်းရင်းနှီးနှီး ကြည့်ရှုအားပေးစဉ်။

## ယနေ့ ဖတ်စရာ

လျှော်အန္တရာယ် အသိကြွယ် ကြိုတင်ပြင်ဆင်ဆောင်ရွက်မယ် — ဆောင်းပါး — စာ ၈

ကာကွယ်ကြမယ်၊ အပူဒဏ်အန္တရာယ် — ဆောင်းပါး — စာ ၁၀

အမေရိကန်၌ အိုမီခရွန်မျိုးကွဲသစ် XBB.1.16 ပျံ့နှံ့နေ — နိုင်ငံတကာသတင်း — စာ ၁၃

ပြန်လည်သက်ဝင်လှုပ်ရှားလာခဲ့တဲ့ ထင်းရှူးမြို့တော် — ရွှေနိုင်ငံမြင်ကွင်းကျယ် — စာ ၁၆

ကြက်သွန်ခင်းများအတွင်း သီးညှပ်စိုက်ပျိုးထားသည့် ကြက်တူရွေးပဲသီးများ ဈေးကောင်းရ — စိုက်၊ မွေး၊ စီးပွား — စာ ၂၀

# ရာသီအလိုက်သဘာဝဘေးအန္တရာယ်များ ကြိုတင်လေ့လာသတိပြုရှောင်ရှား

၂၁ ရာစုဦးပိုင်းမှစတင်၍ ရာသီဥတုပြောင်းလဲမှုများ ကမ္ဘာတစ်ဝန်းလုံးတွင် သိသာထင်ရှားစွာ ဖြစ်ပေါ်လာခဲ့ရာ ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် ပုံမှန်မဟုတ်သော ရာသီဥတုအခြေအနေများနှင့် ဖြစ်စဉ်များကို ကြုံတွေ့လာခဲ့ကြရသည်။ ရာသီဥတုပြောင်းလဲမှုဟု ဆိုရာတွင် ကောင်းသောပြောင်းလဲမှုထက် ဆိုးသောပြောင်းလဲမှုကပိုမိုများပြားပြီးသဘာဝဘေးအန္တရာယ်များ အရေအတွက်အားဖြင့် ပိုမိုဖြစ်ပေါ်လာသလို ပိုမို၍လည်း ပြင်းထန်လာသည်ဟု မိုးလေဝသပညာရှင်များက ပြောဆိုသည်။

ရာသီဥတုပြောင်းလဲဖောက်ပြန်ရခြင်းသည် ကမ္ဘာကြီးပူနွေးလာခြင်းကြောင့်၊ ကမ္ဘာကြီးပူနွေးလာခြင်းသည် လူတို့ကြောင့်ဟုလည်း ဆိုသည်။ လူတို့၏ ပယောဂကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်အပါအဝင် မှန်လုံအိမ်ဓာတ်ငွေ့များ ကမ္ဘာ့လေထုအတွင်း အလွန်အမင်း များပြားလာခြင်းကြောင့် ကမ္ဘာ့အပူချိန် မြင့်တက်လာပြီး ရာသီဥတုများ ဖောက်ပြန်လာရခြင်းပင် ဖြစ်သည်။ ရာသီဥတုဖောက်ပြန်လာခြင်း၏ လက်သည်ဖြစ်သော မှန်လုံအိမ်ဓာတ်ငွေ့များကို လျှော့ချနိုင်ရန်မှာ သစ်ပင်သစ်တောများကို ဂရုတစိုက် စောင့်ရှောက်ထိန်းသိမ်းထားကြရန်လိုသည်။ အပင်ကြီး၊ အပင်လတ်၊ အပင်ငယ်များ၊ နွယ်ပင်နှင့် ချုံပင်များ၊ အောက်ခြေတွင် မြက်ပင်များ စသည်ဖြင့် စိမ်းစိုအုပ်မိုးနေသည့် သစ်တောများသည် မြေအောက်ရေနှင့် ရေအရင်းအမြစ်များကို ထိန်းသိမ်းပေးနိုင်သကဲ့သို့ မြေဆီလွှာကိုလည်း ထိန်းသိမ်းပေးနိုင်သလို လေထုကိုလည်း သန့်စင်အေးမြစေသော အဖိုးတန်သဘာဝအရင်းအမြစ်များဖြစ်ရာ တောများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ မီးရှို့ခြင်းတို့ လက်လွတ်စပယ်မပြုလုပ်ကြရန် လိုသည်။

ယခုအခါ မိမိတို့နိုင်ငံသည် မိုးကြိုကာလရောက်ရှိနေပြီး နိုင်ငံတစ်ဝန်းလုံး၌ နေ့အပူချိန်များမြင့်တက်နေချိန် ဖြစ်သည်။ လေထုမငြိမ်သက်မှု၊ မွန်းလွဲနှင့် ညနေတို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုတို့မှတစ်ဆင့် လေပြင်းများ တိုက်ခတ်ခြင်း၊ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်လက်ခြင်း၊ မိုးသီးကြွေခြင်း၊ နေရာကွက်ကျားမိုးရွာခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်သည့် ရာသီလည်းဖြစ်သည်။ ဧပြီလ ၂၁ ရက် ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေး မြို့နယ်အတွင်းရှိ အောင်မြင်ကုန်းကျေးရွာနှင့် တံတားဦးကျေးရွာတို့တွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ ရာနှင့်ချီ ပျက်စီးခဲ့ရပြီး သေဆုံးသူ ခြောက်ဦးနှင့် ထိခိုက်ဒဏ်ရာရသူ ၁၀၉ ဦးအထိ ရှိခဲ့သည်။ ပျက်စီးမှုထဲတွင် ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်း၊ ကျေးလက်ဆေးပေးခန်းတို့လည်း ပါဝင်သည်။ လေဆင်နှာမောင်းသည် အင်အားပြင်းထန်သည့် ကုန်းတွင်းမုန်တိုင်းတစ်မျိုးဖြစ်ပြီး အဖျက်စွမ်းအားလည်း ကြီးမားသည်။ ကမ္ဘာပေါ်တွင် အမေရိကန်ပြည်ထောင်စုသည် လေဆင်နှာမောင်းတိုက်ခတ်မှု အများဆုံးဖြစ်ပြီး နှစ်စဉ်ပျမ်းမျှအားဖြင့် အကြိမ် ၁၀၀၀ခန့် တိုက်ခတ်သည်ဟု ဆိုသည်။

လေဆင်နှာမောင်းသည် မိုးကြိုးမုန်တိုင်းများမှ ဖြစ်ပေါ်လာပြီး ခေတ်မီမိုးလေဝသရေဒါမှ အလွယ်တကူရှာဖွေနိုင်ကာ မိုးလေဝသပညာရှင်များက ခန့်မှန်းပေးနိုင်သည်။ လေပြင်းများ တိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသီးများကြွေခြင်းတို့ အပါအဝင် မိုးလေဝသလက္ခဏာများသည် လေဆင်နှာမောင်းတိုက်ခတ်လာနိုင်သည့် ရှေ့ပြေးလက္ခဏာများဖြစ်သည်ဟု ဆိုသည်။ ရာသီအလိုက် ဖြစ်ပေါ်လာနိုင်သည့် ရာသီဥတုဆိုင်ရာ သဘာဝဘေးအန္တရာယ်များကို ကြိုတင်လေ့လာကာ သိနားလည်ထားခြင်းဖြင့် သတိပြု ရှောင်ရှားနိုင်ကြပါစေကြောင်း။ ။

## "ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော်(၁၁၁၁၁)ပါးဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းစုပေါင်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနား ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ပါဝင်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်လွှာ"

ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ (ဂိုဏ်းပေါင်းစုံ)၏ ဩဝါဒခံယူ၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသော ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာတော် (၁၁၁၁၁)ပါးဖြင့် ဗုဒ္ဓါဘိသေက အနေကဇာတင်မဟာမင်္ဂလာအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းစုပေါင်းလောင်းလှူပွဲ မင်္ဂလာအခမ်းအနားကို ၂၀၂၃ခုနှစ်၊ မေလ (၂)ရက်၊ ကောဇာသက္ကရာဇ် ၁၃၈၅ခုနှစ်၊ ကဆုန်လဆန်း (၁၄) ရက်နေ့ အရုဏ်တက်ချိန်၌ ရွှေတိဂုံစေတီတော် အထက်ပစ္စယံနှင့် ပြည်သူ့ရင်ပြင်တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် ဆရာတော်ကြီးများ၊ တိပိဋကဓရတိပိဋကကောဝိဒ ဆရာတော်ကြီးများ၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးကျောင်းအားလုံး၏ကျောင်းထိုင်ဆရာတော်ကြီးများနှင့် ပရိယတ္တိစာသင်တိုက်များမှ သံဃာတော်၊ ဆရာတော်များအား ပင့်ဆောင်ကာ စုပေါင်းလှူဒါန်းပူဇော်သွားမည်ဖြစ်ပါ၍ သဒ္ဓါကြည်လင် ပါရမီရှင်အလှူရှင်များအနေဖြင့် မိမိတို့တတ်စွမ်းသမျှ လှူဖွယ်ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများကို ကိုယ်တိုင်လာရောက်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

အခမ်းအနားကျင်းပရေးဦးစီးကော်မတီ

## ရန်ကုန်မြို့၌ ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်း၍ လမ်းအဆင့်မြှင့်တင် ဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် အနော်ရထာလမ်း ဖွင့်ပွဲပြုလုပ်

နေပြည်တော် မေ ၂၂

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား)မှ တာဝန်ယူဆောင်ရွက်ခဲ့သည့် ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်း၍ လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ခဲ့သော ဗိုလ်ချုပ် အောင်ဆန်းလမ်း (ရွှေတိဂုံဘုရားလမ်းမှ သိမ်ဖြူလမ်းအထိ) အရှည် ပေ ၅၅၀၀၊ အကျယ် ပေ ၆၀ လမ်းနှင့် အနော်ရထာလမ်း(သိမ်ဖြူလမ်းမှ ရွှေတိဂုံဘုရားလမ်းအထိ) အရှည် ပေ ၅၅၀၀၊ အကျယ် ပေ ၆၀ လမ်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါ လမ်းများ၌ ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါ လမ်းများအား အသီးသီး ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါ လမ်းများအား လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့် တံတား) ၏ လုပ်ငန်းတာဝန်များတွင် ပါဝင်သော မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ လမ်းများ တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်များအလိုက် လျာထားတင်ပြဆောင်ရွက်လျက်ရှိရာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ဗိုလ်ချုပ်အောင်ဆန်း လမ်း (အောက်ရတနာလမ်းမှ အောက်ပုဇွန်တောင်လမ်းအထိ) စုစုပေါင်း အရှည် ပေ ၁၃၂၀၀ (၂ မိုင် ၄ ဖာလုံ) ကို ကတ္တရာကွန်ကရစ်ထပ်ပိုးလွှာခင်း၍ အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဘားအံမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

နေပြည်တော် မေ ၂၂

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံပြည်သူများကို ယနေ့နံနက်ပိုင်းက ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ညွှန့်ဝင်းဆွေ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးမင်းနှင့်အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး (ဝဲပုံ) စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။



ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ညွှန့်ဝင်းဆွေ၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❍ ရှေ့ဖုံးမှ

ဒဏ်ရာရပြည်သူများအား နီးစပ်ရာဆေးရုံများသို့ ဆေးကုသမှုခံယူနိုင်ရေး ပို့ဆောင်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**ကြည့်ရှုအားပေး**

ထိုသို့ ကူညီကယ်ဆယ်ရေးဆောင်ရွက်နေမှုများနှင့် လေဘေးသင့်ပြည်သူများကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ သွားရောက်ကြည့်ရှုအားပေးသည်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးရွာများမှ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် လူနေအိမ်အပျက်အစီးများကို လိုက်လံကြည့်ရှုစဉ်။



**“လေပြင်း တိုက်ခတ်မှုကြောင့် ပျက်စီးခဲ့ရသည့် စာသင်ကျောင်းများကို လာမည့် ကျောင်းဖွင့်ချိန်အမီ ပြီးစီးအောင် ပြန်လည်တည်ဆောက်ပေးရန်၊ ဘုန်းတော်ကြီးကျောင်းကိုလည်း ကောင်းမွန်အောင် ပြန်လည်ဆောင်ရွက်ပေးရန်နှင့် လူနေအိမ်များကိုလည်း အိမ်ရာကွက် စနစ်တကျ ပြန်လည်ဖော်ဆောင်၍ နေအိမ်များ ပြန်လည်တည်ဆောက်နေထိုင်နိုင်စေရေးအတွက် ကူညီဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား အလေးထားမှာကြား”**



လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများကို တပ်မတော်သားများ ရှင်းလင်းဖယ်ရှားပေးနေစဉ်။



လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများကို တွေ့မြင်ရစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လယ်ဝေးမြို့နယ် အောင်မြင်ကုန်းကျေးရွာ၌ လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားစဉ်။

*စာမျက်နှာ ၃ မှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လယ်ဝေးမြို့နယ် အောင်မြင်ကုန်းကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်အောင်နှင့် လေဘေးသင့် ပြည်သူများကို တွေ့ဆုံအားပေးစကား ပြောကြားကာ လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် သေဆုံးခဲ့ရသည့် အောင်မြင်ကုန်း ကျေးရွာနှင့် တံတားဦးကျေးရွာမှ ပြည်သူများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးခဲ့ရသည့် စာသင်ကျောင်းများကို လာမည့်ကျောင်းဖွင့်ချိန်အမီ ပြီးစီးအောင်

*စာမျက်နှာ ၅ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် သေဆုံးခဲ့ရသည့် လယ်ဝေးမြို့နယ် အောင်မြင်ကုန်းကျေးရွာနှင့် တံတားဦးကျေးရွာမှ ပြည်သူများအတွက် ထောက်ပံ့ငွေများ ပေးအပ်စဉ်။





လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်းနှင့် အဆောက်အအုံ အပျက်အစီးများကို တွေ့ရစဉ်။

စာမျက်နှာ ၄ မှ

ပြန်လည် တည်ဆောက်ပေးရန်၊ ဘုန်းတော်ကြီးကျောင်းကိုလည်း ကောင်းမွန်အောင် ပြန်လည်ဆောင်ရွက်ပေးရန်နှင့် လူနေအိမ်များကိုလည်း အိမ်ရာကွက်စနစ်တကျ ပြန်လည်ဖော်ဆောင်၍ နေအိမ်များ ပြန်လည်တည်ဆောက် နေထိုင်နိုင်စေရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်ကောင်စီနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တို့မှ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးရန်၊ ကျေးရွာရှိ လေဘေးသင့်ပြည်သူများ လတ်တလောစားရေး အဆင်ပြေစေရေးအတွက်လည်း လိုအပ်သည်များကို ကူညီထောက်ပံ့ ဆောင်ရွက်ပေးရန်နှင့် အခြားလိုအပ်သည်များကို တာဝန်ရှိသူများအား အလေးထားမှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် အောင်မြင်ကုန်းကျေးရွာ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်းနှင့် လူနေအိမ်များအား လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော်အထွေထွေရောဂါကု ဆေးရုံကြီး ခုတင်(၁၀၀၀)သို့ ရောက်ရှိကြပြီး ဆေးရုံတက်ရောက် ဆေးဝါးကုသမှုခံယူလျက်ရှိသည့် လေဘေးသင့်ပြည်သူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် စာသင်ကျောင်း အဆောက်အအုံ ပျက်စီးမှုကို ကြည့်ရှုစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နေပြည်တော်အထွေထွေရောဂါကုဆေးရုံကြီး ခုတင်(၁၀၀၀)၌ ဆေးရုံတက်ရောက် ဆေးဝါးကုသမှုခံယူလျက်ရှိသည့် လယ်ဝေးမြို့နယ်အတွင်းမှ လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး ကြည့်ရှုအားပေးစကားပြောကြားစဉ်။





# လယ်ဝေးမြို့နယ် တံတားဦးကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာတို့မှ ဘေးသင့်ပြည်သူများကို ထောက်ပံ့အားပေး

နေပြည်တော် မေ ၂၂

**ယမန်နေ့ ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်အတွင်း လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ကန်သာကျေးရွာအုပ်စု တံတားဦးကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာများတွင် ပြိုကျ ပျက်စီးအိမ်ခြေ ၂၃၅ လုံး၊ သေဆုံး ခြောက်ဦး၊ ဒဏ်ရာရ ၁၁၃ ဦးနှင့် ဘေးသင့်သူ စုစုပေါင်း ၉၆၇ ဦး ထိခိုက် ခံစားခဲ့ရပြီး သာသနိကအဆောက်အဦများ၊ စာသင်ကျောင်းများ ထိခိုက်ပျက်စီးခဲ့ရသည်။**



အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ ယနေ့နံနက်ပိုင်းတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် နေပြည်တော်သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့မှ တာဝန်ရှိသူများသည် ဖြစ်စဉ်ဖြစ်ပွားရာ တံတားဦးကျေးရွာနှင့် အောင်မြင်ကုန်းကျေးရွာများသို့ သွားရောက်ပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် ကယ်ဆယ်ရေးပစ္စည်း ၁၇ မျိုးကို စုစုပေါင်း အိမ်ထောင်စု ၂၃၅ စုအတွက် ထောက်ပံ့ ပေးအပ်သည်။

အလားတူ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ လူမှု ဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထား ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင် ဦးဆောင်သော နေပြည်တော်သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ တာဝန်ရှိသူ များသည် အဆိုပါဘေးသင့်ပြည်သူများ တက်ရောက် ကုသမှုခံယူလျက်ရှိသည့် ဒက္ခိဏသီရိမြို့နယ် ခုတင် (၅၀)ဆံ့ ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး အောင်မြင် ကုန်းကျေးရွာနှင့် တံတားဦးကျေးရွာတို့မှ ဒဏ်ရာရ လူနာ ၃၄ ဦးတို့အတွက် အားဖြည့်အစားအစာများ၊ ထောက်ပံ့ကြေးငွေများ ပေးအပ်ထောက်ပံ့၍ ရင်းရင်း နှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားကာ ကျေးရွာအတွက် လမ်းဖောက်လုပ်ခြင်း၊ ရေရရှိရေး၊ သာသနိကအဆောက်အဦများ ပြန်လည်တည် ဆောက်ပေးခြင်းနှင့် လျှပ်စစ်မီးနှင့် နေအိမ်များ ပြန်လည်တည်ဆောက်နိုင်ရေး နိုင်ငံတော်မှ ကူညီ ပံ့ပိုးဆောင်ရွက်ပေးမည့် အခြေအနေများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ ဦးဆောင်သော တာဝန်ရှိသူများသည် အဆိုပါဘေးသင့်ပြည်သူများ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် လယ်ဝေး မြို့နယ် ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိ ပြီး အောင်မြင်ကုန်းကျေးရွာနှင့် တံတားဦးကျေးရွာ တို့မှ ဒဏ်ရာရလူနာ ၂၈ ဦးတို့အတွက် အားဖြည့်အစား အစာများ၊ ထောက်ပံ့ကြေးငွေများ ပေးအပ်ထောက်ပံ့ ၍ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကား ပြောကြားကာ နိုင်ငံတော်မှ ကူညီပံ့ပိုးဆောင်ရွက်ပေး မည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့ ဦးဆောင်သော တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် မိုးလုံလေလုံ အားကစားရုံအတွင်း အောင်မြင်ကုန်းကျေးရွာနှင့် တံတားဦးကျေးရွာတို့မှ ဘေးသင့်ပြည်သူများကို ယာယီနေရာချထားနိုင်ရေး တည်းခိုနေထိုင် စားသောက်ရေး အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးနိုင်ရေးအတွက် သွားရောက်ကြည့်ရှု ခဲ့ပြီး ဆောင်ရွက်ရမည့်အချက်များကို ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်းများ ပေါင်းစပ် ဆောင်ရွက်နိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လယ်ဝေးမြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများကို အလှူရှင်များမှ လှူဒါန်းသည့် ပစ္စည်းနှင့်အလှူငွေများ ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် မေ ၂၂

နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်သည် ယနေ့နံနက် ပိုင်းတွင် နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အတူ လေဘေးသင့်ခဲ့သည့် နေရာများသို့ သွားရောက်၍ ဒေသခံပြည်သူများကို ကြည့်ရှု အားပေးစကား ပြောကြားခဲ့ပြီး တာဝန်ရှိသူများကို လိုအပ်သည် များ မှာကြားသည်။



ထို့နောက် ထိခိုက်ဒဏ်ရာရရှိ ခဲ့သူများကို ဆေးကုသမှုခံယူနေ သည့် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံ၊ ဒက္ခိဏသီရိမြို့နယ် ခုတင် (၅၀)ဆံ့ဆေးရုံနှင့် လယ်ဝေးမြို့နယ် ခုတင် (၁၀၀) ဆံ့ ဆေးရုံများသို့ သွားရောက်၍ဆေးဝါးကုသမှုခံယူ လျက်ရှိသည့်လူနာများကို ကြည့်ရှု အားပေးစကား ပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ လေဘေးသင့် ပြည်သူများနေထိုင်ရန် စီစဉ် ဆောင်ရွက်မည့် လယ်ဝေးမြို့နယ် အားကစားကွင်းကို သွားရောက် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူ များက သက်ဆိုင်ရာ ကဏ္ဍ အလိုက် ပြင်ဆင်ဆောင်ရွက် ထားရှိမှုကို ရှင်းလင်းတင်ပြကြပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

ညနေပိုင်းတွင် လေဘေးသင့် အိမ်ထောင်စုများကို ထောက်ပံ့ ပေးအပ်ပွဲ အခမ်းအနားကို ပြည်ထောင်စုနယ်မြေ နေပြည် တော် လယ်ဝေးမြို့နယ် အားကစား ကွင်း၌ ကျင်းပရာ လေဘေးသင့် အိမ်ထောင်စုများအတွက် စိုက်ပျိုး ရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ 30 Kg ဆန်အိတ် ၉၀၊ ဆီ၊ ခေါက်ဆွဲထုပ်၊ အချိုရည် များကို ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ကလည်းကောင်း၊ သမဝါယမနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခြောက်ပြည်ဆန်အိတ် ၂၃၈အိတ်၊ ခေါက်ဆွဲထုပ်နှင့် ကြက်ဥ၊ ရေသန့် ဘူးတို့ကို ဒုတိယဝန်ကြီး ဦးမြင့်စိုး က လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာနမှ ကယ်ဆယ်ရေး ပစ္စည်း ၁၀ မျိုးပါ ထောက်ပံ့ပစ္စည်းပုံး ၂၅၅ ပုံးနှင့် ထောက်ပံ့ငွေကျပ် ၃၂၆၈၀၇၀၀ ကို တာဝန်ရှိသူတစ်ဦးကလည်း ကောင်း၊ နေပြည်တော်ကောင်စီမှ ခြောက်ပြည်ဆန်အိတ် ၂၃၅ အိတ်၊ ဆီ ၅၀ သား ၂၃၅ ဘူး၊ ရေသန့် တစ်လီတာဘူး ၂၃၅ ကတ်နှင့် ကြက်ဥတို့ကို နေပြည်တော် ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက လည်းကောင်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်တို့ မှ ၂၄ ပြည်ဆန်အိတ် ၅၀ တို့ကို နေပြည်တော်စည်ပင်သာယာရေး ကော်မတီ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် တာဝန်ရှိသူ များကလည်းကောင်း၊ အလှူရှင် များမှ လှူဒါန်းသည့် အလှူငွေကျပ် သိန်း ၅၀၀ ကျော်ကို အလှူရှင်များ ကလည်းကောင်း ပေးအပ်လှူဒါန်း ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများ က လက်ခံရယူသည်။ ယနေ့ လေဘေးသင့်ပြည်သူများအတွက် ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများ နှင့် အလှူရှင်များမှ စုစုပေါင်း ပစ္စည်းတန်ဖိုးနှင့် အလှူငွေကျပ် သိန်းတစ်ထောင်ကျော် လှူဒါန်း ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မုံရွာမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



**နေပြည်တော် မေ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နယ် ခဝဲကျင်းကျေးရွာမှ ဒေသခံ ပြည်သူ ၆၅ ဦးတို့ကို ယနေ့တွင် အနောက်မြောက်တိုင်း စစ်ဌာန ချုပ်၊ နယ်မြေခံဆေးကုသရေး အဖွဲ့က အဆိုပါကျေးရွာ စာသင် ကျောင်း၌ ကျန်းမာရေးစောင့် ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ပေးသည်။

**ဆေးဝါးကုသဆောင်ရွက်**

နယ်မြေခံဆေးကုသရေးအဖွဲ့ က ဒေသခံပြည်သူများကို သွေးတိုးရောဂါ၊ အရိုးအကြော ရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ နှလုံးရောဂါ၊ မျက်စိရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်း ဆိုင်ရာ ရောဂါ၊ အသည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက် ၍ လိုအပ်သည့် ဆေးဝါးကုသမှု များ ဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်း ဒေသကြီး အောင်မြေသာစံမြို့နယ် အတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူ ၁၃၄ ဦးတို့ကို အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံ ဆေးကုသရေးအဖွဲ့က ယနေ့တွင် အဆိုပါမြို့နယ်ရှိ မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မ ကြီး၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးကြ သည်။

**ကာကွယ်ဆေးထိုးနှံ**

နယ်မြေခံ ဆေးကုသရေးအဖွဲ့ က သံဃာတော်များနှင့် ဒေသခံ ပြည်သူများအား သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချို ရောဂါ၊ အသက်ရှူလမ်းကြောင်း ဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသ မှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ် ရောဂါ၊ ကလေးရောဂါ၊ အထွေထွေ ရောဂါတို့နှင့်ပတ်သက်၍ လိုအပ် သည့် ဆေးဝါးကုသမှုများ ဆောင် ရွက်ပေးသည်။ ထို့ပြင် သံဃာ တော် ၈၆ ပါးနှင့် ဒေသခံပြည်သူ ၄၂ ဦးတို့ကိုလည်း တိုင်းစစ်ဌာန ချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်း များ၊ စေတနာ့ဝန်ထမ်းများ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှု များကို သက်ဆိုင်ရာ တပ်နယ်များ မှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး လိုအပ်သည် များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ဘဲလင်း - အုန်းတော မဟာဓာတ်အားလိုင်းတာဝါတိုင်များ ပြုပြင်မှုကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၂**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့အနီးမှ ဖြတ်သန်းသွယ်တန်းတည်ဆောက်ထားသည့် ၂၃၀ ကေဗွီ ဘဲလင်း-အုန်းတော မဟာဓာတ်အားလိုင်းရှိ တာဝါတိုင်အမှတ် ၆၇၊ ၆၈နှင့် ၆၉ တာဝါတိုင် သုံးတိုင် မေ ၂၀ ရက်တွင် မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် ပြိုလဲပျက်စီးသွားခဲ့သဖြင့် ပြန်လည်ပြုပြင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)



**ဓာတ်အားပြည့်ဝစွာ အမြန်ဆုံးသုံးစွဲနိုင်ရေး**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တာဝါတိုင်များ ပြန်လည်ပြုပြင် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိရာ ယာယီရှင်းလင်းဆောင်၌ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရအောင်ဘိုနှင့် တာဝန်ရှိသူတို့က တာဝါတိုင်များပြိုလဲပျက်စီးဖြစ်ပေါ်ခဲ့မှု၊ လက်ရှိပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ရာနှုန်းပြည့်ပြီးစီးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စီမံကိန်းလုပ်ငန်းခွင်အတွင်း တာဝါသံပေါင်များ တပ်ဆင်နေမှု၊ ဓာတ်အားလိုင်း ကြိုးဆွဲခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တာဝါတိုင်များ ပြန်လည်စိုက်ထူနိုင်ရေး Foundation လုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ အမြန်ဆုံးသုံးစွဲနိုင်ရေးအတွက် တာဝါတိုင်ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ အမြန်ဆုံး ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် လုပ်ငန်းများဆောင်ရွက်စဉ် လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေး ဂရုပြုဆောင်ရွက်သွားရန် မှာကြားသည်။

**တာဝါတိုင် ပြန်လည်ပြုပြင်တည်ဆောက်**

အဆိုပါ ၂၃၀ ကေဗွီ ဘဲလင်း-အုန်းတော မဟာဓာတ်အားလိုင်းသည် လျှပ်စစ်ဓာတ်အား ၃၄၀ မဂ္ဂါဝပ်ခန့်ကို စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့ရွာဒေသများသို့ ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိပြီး မေ ၂၀ ရက်တွင် မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် ဓာတ်အားလိုင်း တာဝါတိုင် သုံးတိုင် ပြိုလဲပျက်စီးသွားခဲ့၍ အဆိုပါဒေသများတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့သဖြင့် ဓာတ်အားအမြန်ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရေး လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ စီမံကိန်းမန်နေဂျာရုံး လေးရုံးနှင့် မဟာဓာတ်အားလိုင်းမှူးရုံး သုံးရုံးတို့မှ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်း ၂၅၀ ဖြင့် အဖွဲ့ သုံးဖွဲ့ခွဲကာ ဓာတ်အားလိုင်းတာဝါတိုင် ပြန်လည်ပြုပြင် တည်ဆောက်ခြင်းလုပ်ငန်းများအား ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင်ရှေ့ခြေသည်း ၅ ခုစီနှင့် နောက်ခြေသည်း ၄ ခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့်ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၇ ချက် ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်လေး"ရဋ္ဌနန္ဒက" မှာ ယခုအသက် ၉ လသားအရွယ်တွင် အရပ်အမြင့် ၃ ပေ ၅ လက်မ၊ ကိုယ်လုံးလုံးပတ် ၆ ပေ ၁ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၄၉၀ ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်၊ နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့် လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မေ ၂၂**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# လေပြင်းတိုက်ခတ်မှုများကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် မြို့နယ်၊ ကျေးရွာများအား လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်၊ စားသောက်ဖွယ်ရာများနှင့် အိမ်ဆောက်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**နေပြည်တော် မေ ၂၂**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း၌ ယနေ့ နံနက် ၁ နာရီခန့်တွင် လေပြင်းတိုက်ခိုက်မှုကြောင့် အဆိုပါမြို့နယ်အတွင်းရှိ ရပ်ကွက် ကိုးရပ်ကွက်နှင့်ကျေးရွာ ၉၄ ရွာတို့မှ နေအိမ် ၆၃၈ လုံး၊ စာသင်ကျောင်းငါးကျောင်း၊ ဘုန်းတော်ကြီးကျောင်း သုံးကျောင်း၊ ဓမ္မာရုံ တစ်ခု၊ လျှပ်စစ်မီးတိုင် ကိုးတိုင်၊ စေတီတော် နှစ်ဆူ၊ ဌာနဆိုင်ရာရုံးအဆောက်အဦ နှစ်လုံး၊ ဝန်ထမ်းအိမ်ရာ နှစ်ခန်း၊ ရေစင်တစ်ခုနှင့် နတ်မောက်မြို့နယ်အတွင်းရှိ မြို့ပေါ်မှ ရပ်ကွက်ခုနစ်ခုနှင့် ကျေးရွာ ၂၀ တို့မှ နေအိမ် ၂၉၆ လုံးတို့ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည်။

အလားတူ မန္တလေးတိုင်းဒေသကြီးအတွင်း ယနေ့ နံနက် ၁ နာရီခွဲခန့်တွင် လေပြင်းတိုက်ခတ်မှုကြောင့် အောင်မြေသာစံမြို့နယ်၌ နေအိမ် လေးလုံး၊ လျှပ်စစ်မီးတိုင် ၂၄ တိုင်၊ စာသင်ကျောင်း နှစ်ကျောင်း၊ စေတီတော်နှစ်ဆူ၊ မော်တော်ယာဉ် ခြောက်စီး၊ မတ္တရာမြို့နယ် တောင်ပြုံးကြီးကျေးရွာ၌ နေအိမ်သုံးလုံး၊ ဆူးကားကျေးရွာ၌ နေအိမ်ကိုးလုံး၊ ဥဒေါင်းကျေးရွာ၌ နေအိမ် ၁၆ လုံး၊ သပြေသာကျေးရွာ၌ စာသင်ကျောင်း တစ်ကျောင်း၊ ပေါက်ဝဲကျေးရွာ၌ နေအိမ် ၂၅ လုံး၊ ပုသိမ်ကြီးမြို့နယ်သရက်တစ်ပင်ကျေးရွာ၌ လျှပ်စစ်မီးတိုင် ခြောက်တိုင်၊ စေတီ တစ်ဆူနှင့် သပိတ်ကျင်းမြို့နယ်၊ ပေါက်တစ်ပင်ကျေးရွာတို့၌ နေအိမ်ခုနစ်လုံးတို့ အမိုးလန်၊ ပြိုကျပျက်စီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုများ ဖြစ်ပေါ်ခဲ့သည့်နေရာများသို့ ယနေ့ နံနက်ပိုင်းတွင် မန္တလေးတပ်နယ်နှင့် စလင်းတပ်နယ်တို့မှ နယ်မြေခံ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများက သွားရောက်၍ အမိုးလန် ပြိုကျနေသည့် စာသင်ကျောင်းများနှင့် လူနေအိမ်များကို သန့်ရှင်းရေးပြုလုပ်ပေးခြင်း၊ လျှပ်စစ်မီးတိုင်များအား ပြန်လည် ထူထောင်ပေးခြင်း၊ စေတီတော်များ မြေခနေမှုအား သန့်ရှင်းရေး ပြုလုပ်ပေးခြင်းနှင့် လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းပေးခြင်းစသည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုပြီး လေဘေးသင့် ပြည်သူများကို စားသောက်ဖွယ်ရာများနှင့် အိမ်ဆောက်ပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် လဲကျနေသော သစ်ပင်များ ခုတ်ထွင်ရှင်းလင်းပြီး သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။



မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် လဲကျနေသော သစ်ပင်များ ခုတ်ထွင်ရှင်းလင်းပြီး သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

# လျှင်အန္တရာယ် အသိကြွယ် ကြိုတင်ပြင်ဆင် ဆောင်ရွက်မယ်

မောင်လူမွန်(သုတေသန)

မြန်မာနိုင်ငံသည် ကမ်းရိုးတန်းရှည်လျားသည့်နိုင်ငံဖြစ်ခြင်း၊ မြစ်ချောင်းပေါများခြင်း၊ တောင်ကုန်းတောင်တန်းများပြားခြင်း၊ မြောက်မှတောင်အထိရှည်လျားသည့် သက်ရှင်ပြတ်ရွေ့ဖြစ်သော စစ်ကိုင်းပြတ်ရွေ့နှင့် အခြားသောပြတ်ရွေ့ငယ်များရှိခြင်း၊ နိုင်ငံ၏ရာသီဥတုအခြေအနေအရ မြို့ပြမီးနှင့် တောမီးလောင်ကျွမ်းခြင်း၊ ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်း၊ တောင်ပြိုခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှင်လှုပ်ခြင်း၊ ဆူနာမီဖြစ်ပေါ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်မျိုးစုံဖြစ်ပွားနိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။

အဆိုပါ သဘာဝဘေးများအနက် ကြိုတင်ခန့်မှန်းတွက်ဆ၍မရသော ဘေးအန္တရာယ်မှာ ငလျင်ဘေးအန္တရာယ်ဖြစ်သည်။ ၎င်းဘေးအတွက် ကြိုတင်ပြင်ဆင်ခြင်း (Preparedness)၊ ကြိုတင်ကာကွယ်ခြင်း(Prevention)၊ အမြဲအဆင်သင့်ဖြစ်အောင် စီမံဆောင်ရွက်ခြင်း(Readiness)ဖြင့်သာ လက်ဦးမှုရယူနိုင်မည်ဖြစ်သည်။ ငလျင်သည် အချိန်အခါမရွေး၊ ရာသီမရွေးဖြစ်ပေါ်နိုင်သော သဘာဝဘေးတစ်မျိုးဖြစ်သော်လည်း တွေးတောကြောက်ရွံ့နေရန်မလိုဘဲ ကြိုတင်ပြင်ဆင်မှု အစီအမံများ စနစ်တကျဆောင်ရွက်ထားခြင်းဖြင့် ငလျင်ဘေးကို ရင်ဆိုင်ဖြေရှင်းနိုင်မည်ဖြစ်သည်။



ငလျင်ဒဏ်ကြောင့် ဆူနာမီလှိုင်းကြီးများ ဖြစ်ပေါ်နိုင်ပုံကို ဂရပ်ဖစ်နည်းပညာဖြင့် သရုပ်ဖော်ထားပုံ။

## ငလျင်ဆိုတာဘာလဲ၊ ငလျင်ဘာကြောင့် လှုပ်ရသလဲ

ကမ္ဘာကြီးကို တစ်ဆက်တစ်စပ်တည်းမဟုတ်သည့် မြေလွှာချပ်ကြီးများ၊ ကျောက်ချပ်လွှာထုကြီးများဖြင့် ဖွဲ့စည်းထားသည်။ အဆိုပါမြေလွှာချပ်ကြီးများ၊ ကျောက်ချပ်လွှာထုကြီးများ ရွေ့လျားစဉ် ကျောက်ချပ်လွှာထု၊ မြေလွှာချပ်ကြီးများ အချင်းချင်း တိုက်မိတတ်ကြသည်။ ထိုအချိန်တွင် ငလျင်လှုပ်ခြင်းဟူသည့် တုန်ခါမှုကြီးဖြစ်လာသည်။ ထို့ပြင် **မြေငလျင်လှုပ်ခြင်းသည် ကမ္ဘာမြေအတွင်းရှိ ပြတ်ရွေ့ကြောများ ရုတ်တရက် ရွေ့လျားမှုကြောင့်လည်း ဖြစ်ပေါ်လာတတ်သည်။ မြေသားထုများ၊ ကျောက်လွှာထုများ ကွဲအက်ပြတ်ရွေ့မှုနှင့် ပြတ်ရွေ့ကြောများ ရွေ့လျားမှုကြောင့် Elastic Strain Energyခေါ် ကျုံ့နိုင်အား၊ ဆွဲဆန့်အားများစုစည်းကာ ငလျင်လှိုင်းများ(Seismic Waves) ဖြစ်ပေါ်စေပြီး မြေမျက်နှာပြင်လှုပ်ခတ်မှုအထိဖြစ်ပွားကာ ငလျင်ဖြစ်လာရသည်။** အဆိုပါ ကျောက်ချပ်လွှာထု၊ မြေလွှာချပ်ကြီးများ တွန်းမိ၊ တိုက်မိသည့်အရှိန်၊ ပြင်းအားပေါ်မူတည်၍ ပြင်းထန်သည့်ငလျင်လှုပ်နိုင်သကဲ့သို့ အားပျော့သည့်ငလျင်လည်း လှုပ်နိုင်သည်။ ငလျင်သည် သဘာဝကြောင့်ဖြစ်သည့်အပြင် လူသားတို့၏ လုပ်ဆောင်မှုကြောင့်လည်း ဖြစ်ပေါ်နိုင်သည်။ **အဓိကအားဖြင့် ဘူမိဗေဒဆိုင်ရာ၊ သဘာဝဖြစ်စဉ်ဆိုင်ရာ ကျောက်ချပ်လွှာထုကြီးများ ရွေ့လျားခြင်း၊ မီးတောင်များ ပေါက်ကွဲခြင်း၊ မြေလွှာအတွင်းပိုင်း ပေါက်ကွဲခြင်း၊ လူသားတို့၏ တီထွင်စမ်းသပ်မှု၊ လုံ့လပယောဂကြောင့် (အဏုမြူဗုံး၊ အဖျက်စွမ်းအားမြင့် ဓာတုလက်နက်စမ်းသပ်ဖောက်ခွဲခြင်း၊ အလွန်ကြီးမားပြင်းထန်သည့် မိုင်းခွဲခြင်း စသည်) တို့ကြောင့် ငလျင်လှုပ်ခတ်ခြင်းဖြစ်တတ်သည်။**

ကမ္ဘာပေါ်တွင် အဓိကအားဖြင့် ငလျင်ရပ်ဝန်းကြီးနှစ်ခုရှိ၍ ပစိဖိတ်ကမ်းရိုးတန်းတစ်လျှောက်ကို ပစိဖိတ်အနားပတ်လည်ရပ်ဝန်း **(The Pacific Rim)** ဟု ခေါ်သည်။ မြေထဲပင်လယ်မှစတင်၍ ဟိမဝန္တာတောင်တန်းနှင့် အနောက်ရိုးမတို့ကိုဖြတ်ပြီးလျှင် အင်ဒိုနီးရှားကျွန်းစုများအထိ သွယ်တန်းနေသောဒေသကို အယ်လဖိုက်ရပ်ဝန်း **(Alphides Belt)** ဟုခေါ်သည်။ ကမ္ဘာပေါ်တွင် လှုပ်ခဲ့ပြီးသော ငလျင်အားလုံး၏ ၉၀ ရာခိုင်နှုန်းသည် ပစိဖိတ်အနားပတ်လည်ရပ်ဝန်း၌ ကျရောက်၍ ၁၀ ရာခိုင်နှုန်းမှာ အယ်လဖိုက်ရပ်ဝန်းတွင် ကျရောက်သည်။ မြန်မာနိုင်ငံသည် အယ်လဖိုက်ငလျင်ရပ်ဝန်းထဲ၌ ကျရောက်နေသည်။

## မြန်မာနိုင်ငံနှင့် ငလျင်ကြော

မြန်မာနိုင်ငံတွင် မြောက်လတ္တီတွဒ် ၂၂ ဒီဂရီ၏အထက်ကို မြောက်ပိုင်း၊ အောက်ကို တောင်ပိုင်းဟူ၍ ပိုင်းခြားကြည့်လျှင် မြောက်ပိုင်း၌ မြန်မာနိုင်ငံတွင် လှုပ်သောငလျင်များ၏ ၇၇ ရာခိုင်နှုန်းလှုပ်သည်။ ယင်းသို့ လှုပ်ရာဒေသမှာ မြန်မာတစ်နိုင်ငံလုံးဧရိယာ၏ ၃၀ ရာခိုင်နှုန်းသာရှိသည်။ မြောက်ပိုင်း၌လှုပ်သော ငလျင်အားလုံး၏ ၈၅ ရာခိုင်နှုန်းသည် ရစ်ချ်တာစကေး ၅ ၏အထက်အထိ ပြင်းထန်သည်။ ငလျင်လှုပ်သောအကြိမ်ပေါင်းကို ဆန်းစစ်ကြည့်ပြန်လျှင်မူ မြန်မာနိုင်ငံတွင် ရစ်ချ်တာစကေး ၈ နှင့်အထက် ပြင်းထန်သော ငလျင်ကြီးမျိုးသည် နှစ်ပေါင်း ၁၃၇ နှစ်ကြာလျှင် တစ်ကြိမ်၊ ၇ မှ ၇ ဒသမ ၉ အထိ ပြင်းထန်သောငလျင်မျိုးသည် ရှစ်နှစ်လျှင်တစ်ကြိမ်၊ ၆ မှ ၆ ဒသမ ၉ အထိ ပြင်းထန်သော ငလျင်မျိုးသည် လေးနှစ်ခန့်လျှင် တစ်ကြိမ် စသည်ဖြင့် အသီးသီးလှုပ်တတ်သည်။ ကျန်ငလျင်ငယ်များမှာ နှစ်နှစ်တစ်ကြိမ်ခန့် လှုပ်တတ်သည်။

၁၉၀၄ ခုနှစ်မှ ၁၉၆၉ ခုနှစ်အထိ လှုပ်ခဲ့သော ငလျင်တို့ကို အတန်းခွဲ၍ကြည့်သောအခါ ရစ်ချ်တာစကေး ၇ ဒသမ ၇၅ မှ ၈ ဒသမ ၅ အထိ အလွန်ပြင်းထန်သော ငလျင်နှစ်ကြိမ်၊ ၇ မှ ၇ ဒသမ ၇ အထိ ပြင်းထန်သော ငလျင် ၁၃ ကြိမ်၊ ၆ မှ ၆ ဒသမ ၉ အထိ ပြင်းထန်သော အလတ်စားငလျင် ၁၅ ကြိမ်လှုပ်ခဲ့သည်ဟု သိရသည်။ အနာဂတ်တွင် ငလျင်ဒဏ်ခံရဖွယ်ရှိသော မြန်မာနိုင်ငံအရပ်ဒေသတို့ကို ဘူမိဗေဒပညာရှင်တို့က ပြင်းထန်နှုန်း မှန်းဆတွက်ချက်ကြည့်ရာ မြောက်ပိုင်းချင်းတောင်၊ နာဂတောင်တန်း၊ ပတ်ကွိုင်တောင်တန်း၊ စစ်ကိုင်း၊ မိုးကုတ်၊ ဝန်းသိုစသောဒေသတို့သည် ရစ်ချ်တာစကေး ၆ ဒသမ ၉ အထက်ပြင်းသော ငလျင်ဒဏ်ကို ခံရဖွယ်ရှိသည်။ ပဲခူးရိုးမအလယ်ကြောနှင့် ရှမ်းကုန်းပြင်မြင့်အနောက်စွန်းကြားရှိ ဧရာဝတီမြစ်ဝှမ်းပိုင်းမှာ ရစ်ချ်တာစကေး၆ ဒသမ ၂ ခန့် (အိုင်ပီအီးစကေး ၈ အထိ) ငလျင်ပြင်းထန်နိုင်သည်။ ရန်ကုန်ဒေသတွင် ရစ်ချ်တာစကေး ၅ ဒသမ ၅ မှ ၆ ဒသမ ၂ အထိ လှုပ်နိုင်သည်။ တနင်္သာရီတိုင်းသည် ငလျင်ရပ်ဝန်းနှင့် လွတ်သောအရပ်ဖြစ်သည်။ ရှမ်းကုန်းပြင်မြင့်သည် ငလျင်ဒဏ်ကိုအနည်းငယ်သာ ခံရဖွယ်ရှိသည်။ ၂၀ ရာစုနှစ်ဦးပိုင်းမှ ယခုအချိန်အထိ မြန်မာနိုင်ငံတွင် အားပျော့သော ငလျင်များမှတစ်ပါး ငလျင်ကြီးငလျင်ငယ်ပေါင်း အကြိမ် ၄၀၀ ကျော်လှုပ်ခဲ့သည်။ ပညာရှင်တို့ အစောဆုံး မှတ်တမ်းတင်ထားသော ငလျင်မှာ ၁၇၆၂ ခုနှစ် ဧပြီ ၂ ရက် ညနေ ၅ နာရီတွင် လှုပ်သော ရခိုင်နှင့် ဘင်္ဂလားပင်လယ်ငလျင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် အပြင်းထန်ဆုံးဟု ယူဆရသောငလျင်မှာ ၁၉၁၂ ခုနှစ် မေ ၂၃ ရက် နံနက် ၃ နာရီခန့်တွင် လှုပ်သော မေမြို့ငလျင်ဖြစ်သည်။ ထိုငလျင်၏ ဗဟိုချက်မှာ တောင်ကြီးမြို့ဖြစ်၍ ရစ်ချ်တာစကေး ၈ အထိ ပြင်းထန်သည်။ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် မန္တလေး၊ စစ်ကိုင်း၊ မိုးကုတ်ခရိုင်များအတွင်း စတုရန်းမိုင်ပေါင်း ၃၇၅၀၀၀ ရှိ နယ်မြေများသည် ထိုငလျင်ဒဏ်ကို ခံလိုက်ကြရသည်။ မိုးကုတ်တစ်မြို့တည်း၌ပင်လျှင် စေတီပုထိုးပေါင်း ၆၀ မျှ ပြိုကျပျက်စီးသည်။ ငလျင်ဖြစ်ပွားမှုနှင့် စပ်လျဉ်း၍ ခရစ်မပေါ်မီ ဘီစီ ၄၄၃ ခုနှစ် ဒွတ္တဘောင်မင်း လက်ထက်တွင် လှုပ်ခဲ့သည့်ငလျင်မှသည် ခရစ်နှစ် ၁၇၁၄ စနေမင်းလက်ထက်တွင် လှုပ်ခဲ့သည့် ငလျင်များကို မှတ်တမ်းပြုစုထားခဲ့ကြောင်း သိရှိရသည်။

ငလျင်လှုပ်ခြင်းများကို မြေငလျင်တိုင်းတာစက်၊ မြေငလျင်မှတ်စက်(Seismograph) ဖြင့် မှတ်တမ်းတင်သည်။ ငလျင်ပမာဏ(၃) သို့မဟုတ် ၎င်းအောက်ရှိသော ငလျင်များသည် အများအားဖြင့် သိရှိနိုင်ခြင်းမရှိဘဲ ပမာဏ(၇)ရှိသော ငလျင်များသည် ကြီးမားသော ဒေသတစ်ခုလုံးတွင် ပြင်းထန်သော ဆုံးရှုံးမှုများကို ဖြစ်ပွားစေသည်။ ငလျင်၏ပြင်းအား (Magnitude) ကို ရစ်ချ်တာစကေးဖြင့် တိုင်းတာသည်။ ငလျင်လှုပ်ခတ်မှုပြင်းအားကြောင့် ဖြစ်ပေါ်နိုင်သည့် ထိခိုက်ပျက်စီးနိုင်မှုကို **Modified Mercalli Scale** ဖြင့် အဆင့်သတ်မှတ်တိုင်းတာသည်။ ငလျင်၏ ကနဦး ဖြစ်ပေါ်သည့်အမှတ်ကို ၎င်း၏ဆုံချက်(Epicenter) သို့မဟုတ် အောက်ဘက်ဗဟိုချက်ဟုခေါ်သည်။ ငလျင်ဗဟိုချက်ဟူသော အသုံးအနှုန်းသည် အောက်ဘက်ဗဟိုချက်၏အပေါ်တည့်တည့်တွင်ရှိသော မြေမျက်နှာပြင်ရှိအမှတ်ကို ရည်ညွှန်းပါသည်။

## မြန်မာနိုင်ငံတွင် ငလျင်ဖြစ်ပေါ်စေသော အကြောင်းရင်း

မြန်မာနိုင်ငံတွင် ငလျင်လှုပ်ရှားမှုများကို ဖြစ်ပေါ်စေသော အဓိကအကြောင်းရင်းနှစ်ရပ်ရှိသည်။ ပထမအကြောင်းရင်းမှာ မြောက်- အရှေ့မြောက်ဘက်သို့ ရွေ့လျားနေသည့် အိန္ဒိယမြေထုချပ်(India Plate) သည် ယူရေးရှားမြေထုချပ်(Eurasian Plate)၏ အောက်သို့ပျမ်းမျှတစ်နှစ်လျှင် လေးစင်တီမီတာမှ ခြောက်စင်တီမီတာနှုန်းဖြင့် ငုပ်လျှိုးဝင်ရောက်နေပြီး အဆိုပါ ငုပ်လျှိုးဝင်ရောက်နေသည့် Subduction Zone အစပိုင်းတစ်လျှောက်ရှိ Arakan Trench၊ Andaman Trench, Sumatra Trench နှင့် Java Trench များကြောင့်ဖြစ်သည်။ ဒုတိယအကြောင်းရင်းမှာ အနောက်ဘက် ချင်းတောင်တန်း၊ ရခိုင်ရိုးမဒေသမှ အရှေ့ဘက်စစ်ကိုင်းပြတ်ရွေ့အကြားရှိ မြန်မာမြေထုချပ်ငယ်သည် ကပ္ပလီပင်လယ်ရှိ ဖြန့်ကြက်ဗဟိုရပ်ဝန်း (Andaman Spreading Zone)မှ ပျမ်းမျှအားဖြင့် တစ်နှစ်လျှင် ၂ ဒသမ ၅ မှ ၃ ဒသမ ၀ စင်တီမီတာနှုန်းဖြင့် မြောက်ဘက်သို့ ဘေးတိုက်ရွေ့လျားမှုဖြစ်စဉ်ကြောင့် စစ်ကိုင်းပြတ်ရွေ့နှင့်အတူ ဆက်စပ်ဖြစ်ပေါ်သော ဘေးတိုက်ပြတ်ရွေ့(Strike-Slip Fault) များ ဖြစ်ပေါ်ခဲ့ခြင်းတို့ကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံတွင် ငလျင်ကို ဖြစ်ပေါ်စေသော အဓိကသက်ရှင်ပြတ်ရွေ့ကြီးအဖြစ် **စစ်ကိုင်းပြတ်ရွေ့အပြင် ကဘော်ပြတ်ရွေ့၊ ကျောက်ကြမ်းပြတ်ရွေ့၊ မိုးမိတ်ပြတ်ရွေ့၊ နန်းမပြတ်ရွေ့၊ ရွှေလီပြတ်ရွေ့၊ ဖာပွန်ပြတ်ရွေ့၊ မြောက်ဦးပြတ်ရွေ့** စသည့်ပြတ်ရွေ့များနှင့် ပြတ်ရွေ့ငယ်များစွာ တည်ရှိနေသည်။

*စာမျက်နှာ ၉ သို့*

❑ **မြန်မာနိုင်ငံတွင် ရစ်ချ်တာစကေး ၈ နှင့်အထက် ပြင်းထန်သော ငလျင်ကြီးမျိုးသည် နှစ်ပေါင်း ၁၃၇ နှစ်ကြာလျှင် တစ်ကြိမ်၊ ၇ မှ ၇ ဒသမ ၉ အထိ ပြင်းထန်သောငလျင်မျိုးသည် ရှစ်နှစ်လျှင်တစ်ကြိမ်၊ ၆ မှ ၆ ဒသမ ၉ အထိ ပြင်းထန်သော ငလျင်မျိုးသည် လေးနှစ်ခန့်လျှင် တစ်ကြိမ် စသည်ဖြင့် အသီးသီးလှုပ်တတ်သည်။ ကျန်ငလျင်ငယ်များမှာ နှစ်နှစ်တစ်ကြိမ်ခန့် လှုပ်တတ်သည်**

*စာမျက်နှာ ၈ မှ*

**စစ်ကိုင်းပြတ်ရွေ့သည် မြန်မာနိုင်ငံ၏ မြို့ကြီးများဖြစ်သည့် စစ်ကိုင်း၊ မန္တလေး၊ မိတ္ထီလာ၊ သာစည်၊ ရမည်းသင်း၊ ပျဉ်းမနား၊ နေပြည်တော်၊ တောင်ငူ၊ ဖြူးနှင့် ပဲခူးမြို့များကို ဖြတ်သန်းသွား၍ အဆိုပါ မြို့ကြီးများနှင့် အနီးတစ်ဝိုက်တွင် ငလျင်လှုပ်ရှားမှုကို တွေ့ကြုံခံစားရနိုင်သည်။** အတိတ်ကာလ၏ သမိုင်းမှတ်တမ်းများအရ စစ်ကိုင်းပြတ်ရွေ့ကြောင့် လှုပ်ရှားခဲ့သော ငလျင်များသည် အင်အားများ၍ မြေပြင်ဗဟိုချက်အနက်တိမ်သောကြောင့် အခြားသောငလျင်များနှင့် နှိုင်းယှဉ်လျှင် ပျက်စီးမှုပိုမိုများပြားသည်။ မြန်မာနိုင်ငံတွင် ငလျင်လှုပ်ရှားမှုသည် ပြတ်ရွေ့များရွေ့လျားမှု ဖြစ်စဉ်ကြောင့် ဖြစ်ပေါ်သည်သာမက အိန္ဒိယမြေထုချပ်သည် မြန်မာမြေထုချပ်အောက်သို့ တိုးဝင်မှုဖြစ်စဉ်များကြောင့်လည်း ဖြစ်ပေါ်နိုင်သည်။ မြေထုချပ်(Plate)ဟု ခေါ်သော ကျောက်သားထုချပ်နှစ်ခုသည် တစ်ခုနှင့် တစ်ခု တွန်းတိုက်မိရာမှ တစ်ခုကအခြားတစ်ခုအောက်သို့ ငုပ်လျှိုးဝင်ရောက်ပြီး အပေါ်တစ်ခုသည် တွန်းတိုက်ခံရသည့်အတွက် တွန့်ခေါက်လာ၍ အဆိုပါ တွန်းတိုက်သည့်နေရာတွင် အားများ တဖြည်းဖြည်းစုစည်းမိလာကာ တစ်ချိန်တွင် စုစည်းမိသောအားများ (စွမ်းအင်များ) ရုတ်တရက် ရုန်းကန်၍ အဘက်ဘက်သို့ ပြန့်ထွက်သွားရာ လမ်းကြောင်းတစ်လျှောက်ရှိ ကြားခံအရာများအားလုံး တုန်ခါ၍ ငလျင်လှုပ်ခြင်းကို ဖြစ်ပေါ်စေသည်။

၂၀၁၀ ပြည့်နှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း လှုပ်ရှားခဲ့သောငလျင်များကို ပြန်လည်ဆန်းစစ်ကြည့်ရာ စုစုပေါင်း ၈၅၇ ကြိမ်လှုပ်ရှားခဲ့ပြီး အင်အားအနည်းငယ်ရှိသောငလျင် ၇၆၂ ကြိမ်၊ အင်အားအသင့်အတင့်ရှိသော ငလျင် ၈၈ ကြိမ်နှင့် အင်အားပြင်းထန်သော ငလျင်ခုနစ်ကြိမ် လှုပ်ရှားခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီးသည် အခြားသောတိုင်းဒေသကြီးနှင့် ပြည်နယ်များထက် ငလျင်လှုပ်ရှားမှု ပိုမိုကြုံတွေ့နေရသည့်အပြင် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်လည်း ငလျင်လှုပ်ရှားမှုများပြားပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ငလျင်လှုပ်ရှားမှုအလွန်နည်းပါးသည်ကို တွေ့ရှိရသည်။

## ငလျင်ဘေးဒဏ်ကင်းဝေးဖို့ ကြိုတင်သတိပြု ပြင်ဆင်စို့

မြေထုချပ်တိုးဝင်မှုကြောင့် ဖြစ်ပေါ်သောငလျင်များ၏ မြေပြင်ဗဟိုချက်သည် နက်သောကြောင့် ပြတ်ရွေ့များရွေ့လျားပြီး လှုပ်ရှားသော ငလျင်များလောက် ပျက်စီးမှုမရှိနိုင်သော်လည်း ဆောက်လုပ်ထားသော အဆောက်အအုံများသည် ဆောက်လုပ်ထားသည့် သက်တမ်းကြာမြင့်ခြင်းနှင့် ကြံ့ခိုင်မှုအားနည်းခြင်းတို့ကြောင့် မြေပြင်ဗဟိုချက်နက်သော အင်အားပြင်းငလျင်အချို့တွင် ပျက်စီးမှုများရှိနိုင်သည်။ ငလျင်လှုပ်ရှားမှုသည် အခြားသော သဘာဝဘေးများကဲ့သို့ ကြိုတင်မသိရှိနိုင်ခြင်း၊ သတိပေးနိုင်ခြင်းမရှိသည့်အတွက် မိမိတို့နေထိုင်သောဒေသများတွင် ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ တွက်ချက်ဆောက်လုပ်သင့်သည်။ ငလျင်သည် ကြိုတင်မခန့်မှန်းနိုင်သော သဘာဝဘေးတစ်မျိုးဖြစ်သော်လည်း ယနေ့အချိန်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ငလျင်ကြောင့် အတိတ်ကာလက ဖြစ်ပေါ်ခဲ့သောဖြစ်စဉ်များကို ပြန်လည်လေ့လာတွက်ချက်သည့် နည်းပညာ(Paleoseismology)ဖြင့် ငလျင်လှုပ်ရှားနိုင်သည့် အလားအလာအားလေ့လာနိုင်၍ ၂၀၁၁ ခုနှစ်တွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မြန်မာနိုင်ငံငလျင်ကော်မတီ၊ ဂျပန်နိုင်ငံ ကျိုတိုတက္ကသိုလ်တို့နှင့် ပူးပေါင်း၍ ၁၉၃၀ ပြည့်နှစ်တွင် အင်အားပမာဏ ၇ ဒသမ ၃ ဖြင့် လှုပ်ရှားခဲ့သော ပဲခူးငလျင်ဖြစ်စဉ်ကို သုတေသနပြု လေ့လာခဲ့ကြသည်။ ငလျင်သည် နှစ်ပေါင်း ၁၆၀ အတွင်း တစ်ကြော့ပြန် လှုပ်ရှားနိုင်သည့်အပြင် ယခုအခါ ငလျင်လှုပ်ခဲ့သည်မှာ နှစ်ပေါင်း ၉၀ ကျော်ကြာလာပြီဖြစ်၍ ငလျင်ဘေးကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသင့်သည်။

၁၉၃၀ ပြည့်နှစ် ပဲခူးငလျင်လှုပ်ရှားခဲ့စဉ်က ပဲခူးမြို့တွင် လူဦးရေ ၅၀၀ ခန့်သေဆုံးခဲ့ပြီး လူနေအိမ်အများအပြားပြိုကျ၍ ရန်ကုန်မြို့တွင်လည်း အဆိုပါ ပဲခူးငလျင်ကြောင့် လူနေအိမ်အချို့ ပျက်စီးကာ လူငါးဦးခန့် သေဆုံးခဲ့သည်။ ရန်ကုန်မြို့အနေဖြင့် ပဲခူးငလျင် တစ်ကြော့ပြန်လည် လှုပ်ရှားနိုင်၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသင့်သကဲ့သို့ ရခိုင်ပြည်နယ် စစ်တွေမြို့အနီးတွင်လည်း ၁၇၆၂ ခုနှစ်က အင်အားပြင်းထန်သော ငလျင်ကြီးတစ်ခု လှုပ်ရှားခဲ့ပြီး အဆိုပါငလျင်ကြီးကြောင့် ဆူနာမီရေလှိုင်းများလည်းဖြစ်ပေါ်ခဲ့၍ ယခုအခါ နှစ်ပေါင်း ၂၆၀ ခန့်ရှိပြီဖြစ်သဖြင့် အဆိုပါ ဒေသအနီးတစ်ဝိုက်တွင်လည်း ငလျင်ဘေးကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသင့်သည်။ ထို့ပြင် ငလျင်လှုပ်နိုင်သည့်ဒေသ သို့မဟုတ် ငလျင်ပြတ်ရွေ့တည်ရှိရာ ဒေသတွင် နေထိုင်ကြသူများအနေဖြင့် ငလျင်သတိ အမြဲရှိနေကြရန်နှင့် ငလျင်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ မရှိရစေရန် ကြိုတင်ပြင်ဆင်ကြရမည်ဖြစ်သည်။ ငလျင်မလှုပ်မီ၊ ငလျင်လှုပ်စဉ်နှင့် ငလျင်လှုပ်ပြီးချိန်များတွင် ဆောင်ရွက်ရန်အချက်များကို လူတိုင်းသိရှိထားသင့်သည်။ ၎င်းတို့ကို **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက အခမဲ့ဖြန့်ဝေသည့်ပိုစတာ၊ လက်ကမ်းစာစောင်၊ Myanmar Disaster Alert Appနှင့် Bill Board များ၊ Website များတွင်** အလွယ်တကူ လေ့လာမှတ်သားနိုင်ပါသည်။

## ငလျင်လှုပ်တဲ့အခါ ဘာတွေဖြစ်နိုင်သလဲ

**ငလျင်၏သက်ရောက်မှုကြောင့် လူ့အသက်သေကျေခြင်း၊ လမ်း၊ တံတားများနှင့် အခြေခံအဆောက်အအုံများ ပြိုလဲပျက်စီးခြင်း၊ လူနှင့် တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရခြင်း၊ ဆက်သွယ်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ ပြတ်တောက်ပျက်စီးခြင်း၊ လျှပ်စစ်လိုင်းများ၊ ဓာတ်ငွေ့ပိုက်၊ ရေနံပိုက်၊ ရေပိုက်လိုင်းများ ပေါက်ကွဲခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ တောင်ပြိုမြေပြိုခြင်း၊ သောက်သုံးရေတွင် ကူးစက်ရောဂါပိုးများ ဝင်ရောက်ခြင်း၊ စီးပွားရေး၊ လူမှုရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများသာမက ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ယိုယွင်းခြင်းတို့ ဖြစ်ပွားတတ်သည်။ ငလျင်သည် ပင်လယ်သမုဒ္ဒရာအတွင်း သတ်မှတ်ထားသည့်မြေလွှာအနက်၊ ပြင်းအား (Magnitude) ၇ ဒသမ ၅ အထက်ငလျင်လှုပ်ပါက သမုဒ္ဒရာရေလှိုင်းကြီးများ (Tsunami) ဖြစ်ပွားကာ နီးစပ်ရာ ကမ်းရိုးတန်းတစ်လျှောက်ရှိသက်ရှိ၊ သက်မဲ့များ၏ အသက်ပေါင်းများစွာ သေကျေပျက်စီးစေနိုင်သည်။** ပင်လယ်သမုဒ္ဒရာအတွင်း လှုပ်ခတ်သည့် ငလျင်ကြောင့် ဆူနာမီခေါ် သမုဒ္ဒရာရေလှိုင်းကြီးများ (Series of Ocean Waves) သည် အမြင့်ပေ ၁၀၀ မှ ပေ ၁၈၀ အထိ မြင့်မားနိုင်ကာ ဂျက်လေယာဉ်၏ အမြန်နှုန်းတစ်နာရီလျှင် မိုင် ၅၀၀ (၈၀၅ ကီလိုမီတာ)အရှိန်အဟုန်ဖြင့် ကမ်းခြေသို့ ရောက်ရှိနိုင်သည်။ ဆူနာမီအများစု ၈၀ ရာခိုင်နှုန်းသည် ပစိဖိတ်သမုဒ္ဒရာအတွင်း ဖြစ်ပွားတတ်သည်။ The National Earthquake Information Center အဆိုအရ ကမ္ဘာပေါ်တွင် သိသာထင်ရှားသည့် ငလျင်တစ်နေ့လျှင် ၅၅ ကြိမ်၊ တစ်နှစ်လျှင်အကြိမ်ပေါင်း ၂၀၀၀၀ ကျော် လှုပ်ခတ်ကြောင်း သိရသည်။

## အိန္ဒိယသမုဒ္ဒရာဆူနာမီ ၂၀၀၄ သို့မဟုတ် The Boxing Day Tsunami

**အိန္ဒိယသမုဒ္ဒရာဆူနာမီသည် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၂၆ ရက် နံနက်အစောပိုင်းတွင်(The Pacific Ring of Fire ခေါ် ငလျင်ရပ်ဝန်းအတွင်း ကျရောက်နေသည့်) အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်းအနောက်မြောက်ပိုင်း အိန္ဒိယသမုဒ္ဒရာကြမ်းပြင်အနက် ၁၈ ဒသမ ၆ မိုင်(၃၀ကီလိုမီတာ) အနက်တွင်ပြင်းအား ရစ်ချ်တာစကေး ၉ ဒသမ ၁ ဖြင့် လှုပ်ခဲ့ပြီး အရှေ့အာဖရိက ကမ်းခြေအထိ သက်ရောက်မှုရှိခဲ့သည်။ အဆိုပါဆူနာမီသည် အိန္ဒိယကျောက်ချပ်လွှာထုနှင့် ဗမာကျောက်ချပ်လွှာထုတို့ ဆန်ဒါချောက်တွင် ထိတွေ့ပွတ်တိုက်မှုဖြစ်ပွားရာမှ (the Indian Plate and the Burma Plate, collided at the Sunda Trench) ဟီရိုရှီးမားမြို့ပေါ်သို့ ကြဲချခဲ့သည့် အဏုမြူဗုံးထက် အဆပေါင်း ၂၃၀၀ ပြင်းအားရှိသည့် မြေငလျင်လှုပ်မှုကြောင့် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ငလျင်ကြောင့် ဖြစ်ပေါ်လာသည့် ဆူနာမီ၏ ဘေးဒဏ်ကို သမုဒ္ဒရာကမ်းရိုးတန်းနိုင်ငံ ၁၂ နိုင်ငံ အထိခံစားခဲ့ရပြီး လူပေါင်း ၂၃၀၂၇၃ ဦးသေဆုံးခဲ့ကြရကြောင်း မှတ်တမ်းများအရ သိရသည်။ ယင်းငလျင်သည် နှစ်ပေါင်း ၄၀ အတွင်း အမြင့်မားဆုံးနှင့် ၂၀၀၀ ပြည့်နှစ် နောက်ပိုင်းလှုပ်ခဲ့သည့် မြေငလျင်များအနက် အပြင်းထန်ဆုံးငလျင်အဖြစ် မှတ်တမ်းဝင်ခဲ့သည်။ ခရစ္စမတ်အပြီး နောက်တစ်ရက် ဖြစ်ပွားခဲ့ခြင်းကြောင့် The Boxing Day Tsunami ဟု ထင်ရှားသည်။** ငလျင်ကြောင့် ဖြစ်ပေါ်လာသည့် ဆူနာမီခေါ် သမုဒ္ဒရာရေလှိုင်းကြီးများ၏ အဖျက်စွမ်းအားကြီးမားပုံကို သတိပြုမိစေခြင်းငှာ **နှစ်စဉ် နိုဝင်ဘာ ၅ ရက်ကို ကမ္ဘာ့ဆူနာမီနေ့ (World Tsunami Awareness Day) အဖြစ်** ကုလသမဂ္ဂက သတ်မှတ်ခဲ့ပါသည်။

## တူကီယဲနှင့် ဆီးရီးယားငလျင်

တူကီယဲ (တူရကီ)နိုင်ငံနှင့် ဆီးရီးယားတို့တွင် ယခုနှစ် ဖေဖော်ဝါရီ ၆ ရက်က လှုပ်ခဲ့သည့် ပြင်းအား ၇ ဒသမ ၈ ရှိငလျင်သည် ကျောက်လွှာချပ်ထု သုံးခုဆုံရာ တူကီယဲနိုင်ငံ Gaziantep မြို့အနောက်ဘက် မိုင်၂၀ ကျော်အကွာရှိဒေသ အနက် ၁၁ မိုင်တွင် တစ်မိနစ်မှ တစ်မိနစ်ခွဲအချိန်ကာလအတွင်း လှုပ်သွားခြင်းဖြစ်သည်။ **အဆောက်အအုံပေါင်း ၆၀၀၀ ကျော်ပြိုကျပျက်စီးခဲ့ရကာ လူပေါင်း ၅၀၀၀၀ကျော်အထိ (တူကီယဲတွင် ၄၅၉၆၈ ဦးနှင့် ဆီးရီးယားတွင် ၇၂၅၉ဦး) သေဆုံးခဲ့ရသည်။ ထိုမျှမက ၇ ဒသမ ၄ ပြင်းအားရှိ နောက်ဆက်တွဲငလျင်နှင့် ငလျင်ငယ်ပေါင်း ၄၀၀၀ ကျော် အထိခံစားခဲ့ရ၍ ရာစုနှစ်အတွင်း ဥရောပ၏ အဆိုးရွားဆုံး သဘာဝဘေးကြီးဖြစ်ကြောင်းနှင့် တူကီယဲရှိလူဦးရေ ၁၅ သန်းနှင့် ဆီးရီးယားရှိ လူဦးရေ ၁၁ သန်း၊ စုစုပေါင်း လူဦးရေ ၂၆ သန်းအပေါ် သက်ရောက်မှုရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ခန့်မှန်းထုတ်ပြန်ထားသည်။**

## ငလျင်မလှုပ်မီ သဘာဝအလျောက် ကြိုတင်သိရှိနိုင်သည့် အခြေအနေများ

ငလျင်ကို ခေတ်မီနည်းစနစ်များဖြင့် ခန့်မှန်းတွက်ချက်၍ မရနိုင်သေးသော်လည်း ငလျင်မလှုပ်မီ သဘာဝအလျောက် ကြိုတင်သိရှိနိုင်သည့် အချက်များကို သတိထားရန် လိုအပ်ပါသည်။ ဥပမာအားဖြင့် တိရစ္ဆာန်များသည် ပုံမှန်မဟုတ်သော အပြုအမူများ ပြုမူခြင်း၊ ဆူညံစွာအော်ဟစ်ခြင်း၊ နေရာရွှေ့ပြောင်းခြင်း၊ ဆိုးရွားသော အနံ့များရခြင်း၊ ရေတွင်းများပုံမှန်မဟုတ်ဘဲ ရေခန်းသွားခြင်း၊ မြစ်၊ ချောင်းမှ ရေများရုတ်တရက် ကျဆင်းသွားခြင်း၊ ရေမျက်နှာပြင်မြင့်တက်လာခြင်းနှင့် အပူချိန်တိုးလာခြင်း၊ Foreshocks ခေါ် အကြိုငလျင်ငယ်များ လှုပ်ခြင်း၊ ငလျင်လှုပ်မည့် ဒေသအနီးတွင် တော်လဲသံများ ကြားရခြင်းတို့ကိုတွေ့ရှိရပါက ငလျင်ကြီးများ လှုပ်ခတ်နိုင်၍ ကြိုတင်ပြင်ဆင်ရန် လိုအပ်မည်ဖြစ်သည်။ ငလျင်လှုပ်ရှားမှုကို ဖြစ်ပေါ်စေသည့် ပြတ်ရွေ့များ အနီးတစ်ဝိုက်နှင့် မြေထုချပ်တိုးဝင်မှု ဖြစ်ပေါ်စေနိုင်သောဒေသများတွင် နေထိုင်သူများ အနေဖြင့် ငလျင်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသင့်ပါသည်။

## ငလျင်အန္တရာယ်အသိကြွယ် ဂရုပြုလို့ဆောင်ရွက်မယ်

မြို့ပြများ၌ အထပ်မြင့် အဆောက်အအုံများ တည်ဆောက်ရာတွင် မြေငလျင်ဒဏ်ခံနိုင်စေရန် Building Code နှင့်အညီ စနစ်တကျ တွက်ချက်ဆောက်သင့်ပါသည်။ နံရံကပ်ဗီရိုကြီးများ၊ စာအုပ်စင်များ၊ ပန်းချီကားချပ်များ စသည့် ပြိုလဲကျနိုင်သည့် ပစ္စည်းများကို ခိုင်ခံ့အောင် ပြုလုပ်ထားရပါမည်။ လေးလံ၊ ကွဲရှနိုင်သည့်ပစ္စည်းများကို စင်အောက်အဆင့်များတွင်သာ ထားသင့်ပါသည်။ အမြင့်တွင် မတင်ထားသင့်ပါ။ မိမိတို့အိမ်တွင် ခြကိုက်ဆွေးမြည့်နေသည့်နေရာများရှိပါက သေချာပြုပြင်သင့်သည်။ ဓာတ်မီး၊ လျှပ်စစ်မီးအိမ်၊ ဆေးသေတ္တာစသည့် အရေးပေါ်ပစ္စည်းများကို အဆင်သင့် ဆောင်ထားရမည်။ ငလျင်ကြောင့် မိသားစုတကွဲတပြားဖြစ်ခဲ့ပါက ပြန်ဆုံရမည့်ဆုံမှတ်(Meeting Points) ကြိုတင်သတ်မှတ်ထားသင့်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနသည် သဘာဝဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးအတွက် သဘာဝဘေးအသိပညာပေးလုပ်ငန်းများ၊ သင်တန်းဖွင့်လှစ်ပို့ချခြင်းများ ဆောင်ရွက်ပေးနေသကဲ့သို့ ငလျင်ဘေးအပါအဝင် မုန်တိုင်းဘေးသဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်ခန်း၊ ရေဘေးသဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်ခန်းတို့ကို ဆက်စပ်ဦးစီးဌာန များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းကာ စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိသည်။ ငလျင်ဘေးနှင့် စပ်လျဉ်း၍ **အမျိုးသားအဆင့်ငလျင်ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ရေးစီမံချက်**ကိုလည်း ၂၀၁၉ ခုနှစ်တွင် ရေးဆွဲထုတ်ပြန်ခဲ့သည်။ ထို့ပြင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည်လည်း ငလျင်ဆိုင်ရာ ဟောပြောပို့ချမှုများ၊ ကြိုတင်သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတကာနှင့်ပူးပေါင်း၍ ငလျင်သုတေသနစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**○ ရန်ကုန်မြို့အနေဖြင့် ပဲခူးငလျင် တစ်ကြော့ပြန်လည် လှုပ်ရှားနိုင်၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသင့်သကဲ့သို့ ရခိုင်ပြည်နယ် စစ်တွေမြို့အနီးတွင်လည်း ၁၇၆၂ ခုနှစ်က အင်အားပြင်းထန်သော ငလျင်ကြီးတစ်ခုလှုပ်ရှားခဲ့ပြီး အဆိုပါငလျင်ကြီးကြောင့် ဆူနာမီရေလှိုင်းများလည်းဖြစ်ပေါ်ခဲ့၍ ယခုအခါ နှစ်ပေါင်း ၂၆၀ ခန့်ရှိပြီဖြစ်သဖြင့် အဆိုပါ ဒေသအနီးတစ်ဝိုက်တွင်လည်း ငလျင်ဘေးကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားသင့်သည်။ ထို့ပြင် ငလျင် လှုပ်နိုင်သည့်ဒေသ သို့မဟုတ် ငလျင်ပြတ်ရွေ့တည်ရှိရာ ဒေသတွင် နေထိုင်ကြသူများအနေဖြင့် ငလျင်သတိ အမြဲရှိနေကြရန်နှင့် ငလျင်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ မရှိရစေရန် ကြိုတင်ပြင်ဆင်ကြရမည်ဖြစ်သည်**

*စာမျက်နှာ ၁၁ သို့*

# ကာကွယ်ကြမယ်၊ အပူဒဏ်အန္တရာယ်

**စိန်ငွေးလှိုင်(ဟိုပုံးမြေ)**

“မနှစ်ကထက်ပူတယ်”၊ “ပူလိုက်တာ ဘယ်လိုနေရမှန်းမသိဘူး” ဆိုသော စကားသံများမှာ နွေရာသီသို့ရောက်ရှိလာလျှင် ကြားရစမြဲဖြစ်သည်။ မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်အညာဒေသများတွင် အမြင့်ဆုံးအပူချိန်မှာ ၄၁ ဒီဂရီစင်တီဂရိတ်အထိ ရှိတတ်သည်။ နေ့တာရှည်၍ ညတာတို၏။ နေ့လယ်နေ့ခင်းအချိန်များတွင် အပြင်သို့မထွက်နိုင်လောက်အောင် ပူပြင်းလှသည်။ ယခင်က ရာသီဥတုပူပြင်းခြင်းသည် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အထက်အညာဒေသများတွင် ဖြစ်ပေါ်တတ်သော်လည်း ယခုအခါတွင် တစ်နိုင်ငံလုံးနီးပါး သိသိသာသာ ဖြစ်ပေါ်လျက်ရှိသည်။

### ကျန်းမာရေးဆိုင်ရာပြဿနာများ

အပူလွန်ကဲခြင်းကြောင့် နောက်ဆက်တွဲခံစားရမည့် ကျန်းမာရေးဆိုင်ရာပြဿနာများမှာ ချွေးအထွက်များပြီး ခန္ဓာကိုယ်ယားယံကာ နေမထိထိုင်မသာဖြစ်ခြင်း၊ အနီကွက်များဖြစ်ပေါ်လာခြင်း၊ ရေ နှင့် ဓာတ်ဆားများ အထူးသဖြင့် ဆိုဒီယမ်ဓာတ်ဆုံးရှုံးမှုကြောင့် ကြွက်သားများတောင့်တင်းနာကျင်ခြင်း၊ ပူလောင်သည့်နေရာတွင် ကြာရှည်မတ်တတ်ရပ်ခြင်း၊ ထိုင်ခြင်းတို့ကြောင့် ခြေထောက်များဖောရောင်လာခြင်း၊ ကြွက်တက်ခြင်း၊ အပူဒဏ်ကြောင့် သွေးကြောများမှာ ကျယ်လာပြီး ရုတ်တရက်မူးမေ့ခြင်း စသည်တို့ဖြစ်ကြသည်။ ပူပြင်းသောရာသီဥတုတွင် ချွေးများထွက်လာရာ ၎င်းနှင့်အတူဆားဓာတ်များလည်း ကုန်ခန်းသွား၏။ ထိုအချိန်တွင် ရေကိုမသောက်မိပါက ခန္ဓာကိုယ်က ပြန်လည်ထိန်းညှိပေးသော အမိုးနီးယားဖြစ်စဉ်အရ ဆီးအရောင်ရင့်လာကာ ဆီးချုပ်ခြင်းကို ဖြစ်စေသည်။ အပူချိန်မြင့်မားမှုကြောင့် ဆုံးရှုံးသွားသော ရေနှင့် ဆိုဒီယမ်ဓာတ်တို့ကို ပြန်လည်မဖြည့်တင်းနိုင်ပါက အပူလျှပ်ခြင်းကို ဖြစ်ပေါ်စေနိုင်သည်။ ထို့ပြင် ခန္ဓာကိုယ်၏အပူဓာတ်ကို ထိန်းညှိပေးသည့်စနစ်မှာ ချို့ယွင်းလာကာ အပြင်းအထန်ဖျားနာခြင်းကိုဖြစ်ပေါ်စေနိုင်၏။

အပူလျှပ်၍ဖျားနာပါက သတိလစ်ခြင်း၊ တက်ခြင်း၊ ပြင်းထန်စွာ ခေါင်းမူးခြင်း၊ အမြင်ဝေဝါးခြင်း၊ ဂယောင်ချောက်ချားဖြစ်ခြင်း၊ မေ့မြောသွားခြင်း၊ အရေပြားခြောက်သွေ့ပူလောင်ခြင်း၊ သွေးပေါင်ချိန်ကျလာခြင်း၊ အသက်ရှူမြန်ခြင်း၊ ခန္ဓာကိုယ်၏ အပူချိန်သည် ၁၀၅ ဒီဂရီဖာရင်ဟိုက်အထက်သို့ ရောက်ရှိခြင်း၊ အန်ခြင်း၊ ဝမ်းသွားခြင်းတို့ ခံစားရတတ်သည်။ ထိုအချိန်တွင် လူနာကို ပါးပါးချောင်ချောင် အဝတ်အစားဝတ်ပေးပါ။ အေးသည့်နေရာသို့ ရွှေ့ထားပါ။ လေအေးပေးစက်၊ ပန်ကာဖွင့်ပေးပါ။ ရေဖတ်တိုက်ပေးပါ။ အရည်သောက်နိုင်ပါက အရည်များများတိုက်ပါ။ ဓာတ်ဆားရည်တိုက်ပါ။ ၎င်းအခြေအနေမှာ အရေးပေါ်ကုသရန်လိုအပ်သည့်အတွက် ဆေးရုံ၊ ဆေးခန်းသို့ သွားရောက်ပြသရမည်။




**❍ အပူလျှပ်ခြင်းသည် ကလေးငယ်များ၊ အဝလွန်သူများ၊ အသက်အရွယ်ကြီးရင့်သူများတွင် ပို၍အဖြစ်များတတ်၏။ ရိုးရိုးသာမန်အပူလျှပ်သည့် လက္ခဏာများမှာ ချွေးထွက်များခြင်း၊ ဖြူဖပ်ဖြူရော်ဖြစ်ပြီး ခြေဖျားလက်ဖျားအေးစက်ခြင်း၊ ခေတ္တမူးမေ့ခြင်း၊ ခေါင်းကိုက်ခြင်း၊ ရေငတ်ခြင်း၊ ခြေကုန်လက်ပန်းကျခြင်း၊ ပျို့အန်ခြင်း၊ သွေးခုန်နှုန်းမြန်ခြင်းတို့ ဖြစ်ကြသည်။ နေပူထဲမှ ပြန်လာပြီးစအချိန်တွင် ချက်ချင်းရေချိုးခြင်း၊ မျက်နှာသစ်ခြင်းတို့ ပြုလုပ်ပါက အပူလျှပ်ခြင်းကို ဖြစ်ပေါ်စေနိုင်၏။ အဘယ်ကြောင့်ဆိုသော် လူ၏ခန္ဓာကိုယ်သည် ပူနေရာမှ ရုတ်တရက်အေးသွားသောအခါ အရေပြားရှိ သွေးကြောများ၏ တုံ့ပြန်မှုမှာ ကမောက်ကမဖြစ်ကာ နှလုံးခုန်ခြင်းကိုပင် ရပ်တန့်စေနိုင်သည်**

အပူလျှပ်ခြင်းသည် ကလေးငယ်များ၊ အဝလွန်သူများ၊ အသက်အရွယ်ကြီးရင့်သူများတွင် ပို၍အဖြစ်များတတ်၏။ ရိုးရိုးသာမန်အပူလျှပ်သည့် လက္ခဏာများမှာ ချွေးထွက်များခြင်း၊ ဖြူဖပ်ဖြူရော်ဖြစ်ပြီး ခြေဖျားလက်ဖျားအေးစက်ခြင်း၊ ခေတ္တမူးမေ့ခြင်း၊ ခေါင်းကိုက်ခြင်း၊ ရေငတ်ခြင်း၊ ခြေကုန်လက်ပန်းကျခြင်း၊ ပျို့အန်ခြင်း၊ သွေးခုန်နှုန်းမြန်ခြင်းတို့ဖြစ်ကြသည်။ နေပူထဲမှပြန်လာပြီးစအချိန်တွင် ချက်ချင်းရေချိုးခြင်း၊ မျက်နှာသစ်ခြင်းတို့ ပြုလုပ်ပါက အပူလျှပ်ခြင်းကို ဖြစ်ပေါ်စေနိုင်၏။ အဘယ်ကြောင့်ဆိုသော် လူ၏ခန္ဓာကိုယ်သည် ပူနေရာမှ ရုတ်တရက်အေးသွားသောအခါ အရေပြားရှိ သွေးကြောများ၏ တုံ့ပြန်မှုမှာ ကမောက်ကမဖြစ်ကာ နှလုံးခုန်ခြင်းကိုပင် ရပ်တန့်စေနိုင်သည်။

နွေရာသီတွင် အချို့လူများ၏ ရင်ဘတ်၊ ကျောကုန်းအပေါ်၊ လည်ပင်း၊ လက်မောင်းတို့၌ မိတ်ဖုများ ပေါက်တတ်သည်။ မိတ်ပေါက်ခြင်းကို ဆေးပညာအရ cholinergic urticaria ဟုခေါ်ဆိုပြီး ကိုယ်တွင်းအပူချိန်မြင့်တက်လာသည့်အခါ ဖြစ်လေ့ဖြစ်ထရှိသော အရေပြားဆိုင်ရာပြဿနာတစ်ခုဖြစ်၏။ ချွေးထွက်လေလေ ပို၍ယားယံလေလေဖြစ်သည်။ ချွေးထွက်များသူ၊ အပူအစပ်အစားအစာများကို လွန်စွာစားသုံးသူ၊ စိတ်ပူပန်မှုများသူတို့တွင် မိတ်ပေါက်တတ်၏။ အရေပြားပေါ်ကို သက်ရောက်လာသည့် ပြင်ပအပူချိန်နှင့် လူ၏ခန္ဓာကိုယ်တို့ ဓာတ်မတည့်မှုပင်ဖြစ်၏။ ခန္ဓာကိုယ်၌ အပူချိန်ပြန်ကျသွားသောအခါ၊ မိုးရွာသောအခါတွင် အလိုအလျောက်ပျောက်သွားတတ်၏။ ဒေသနည်းအရ သနပ်ခါး၊ မန်ကျည်းခေါက်တို့ လိမ်းပေးခြင်းအားဖြင့်လည်း သက်သာပျောက်ကင်းစေသည်။

### လိုက်နာရမည့်အချက်များ

အပူဒဏ်ကြောင့် မလိုလားအပ်သော ကျန်းမာရေးဆိုးကျိုးများမဖြစ်ပေါ်စေရန် လူတို့သည် သွားလာနေထိုင်မှုပုံစံများကိုလည်း ဂရုစိုက်ရမည်။ လိုက်နာရမည့်အချက်များမှာ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း၌ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ် စသည်တို့တွင်ရေချိုးခြင်းကို ရှောင်ကြဉ်ပါ။ အရိပ်ရပြီး အေးမြသောနေရာများတွင်နေထိုင်ပါ။ နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။ နေပူထဲတွင် ပြင်းထန်သောကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။ နေ့ခင်းဘက်တွင် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ။ အလင်းရောင်ပြန်သော အဖြူရောင်နှင့် အရောင်ဖျော့သည့်အဝတ်အထည်များကို ဝတ်ဆင်ပါ။ ပွပွချောင်ချောင် ချည်ထည်များကိုဝတ်ဆင်ပါ။ နွေရာသီတွင်ကျရောက်သည့် နေရောင်တွင် ခရမ်းလွန်ရောင်ခြည်များသဖြင့် နေလောင်ခံခရင်(မ်)ကို လိမ်းပြီး နေကာမျက်မှန်ကိုလည်း တပ်ဆင်သင့်သည်။ ပြတင်းပေါက်များကို ဖွင့်ထားခြင်းအားဖြင့် လေဝင်လေထွက်ကောင်းကာ ပူသောလေများကို ဖလှယ်သကဲ့သို့ဖြစ်နေပါလိမ့်မည်။ ပန်ကာနှင့် လေအေးပေးစက်တို့ကို တစ်ချိန်လုံးအသုံးမပြုသင့်ပါ။ ထွက်နေသောချွေးဖြင့် အအေးပတ်ကာ လေဖြတ်ဝေဒနာကိုပင် ဖြစ်ပေါ်စေနိုင်၏။ ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်များတွင် အရိပ်ရပြီး လေဝင်လေထွက်ကောင်းသည့် နေရာမျိုးတွင် နားနေပါ။ “ကြယ်စုံမှသာ ရေချိုးပါ” ဆိုသော မြန်မာစကားပုံအရ ကြယ်လစုံသောညချမ်းအချိန်တွင် ရေချိုးပါက ခန္ဓာကိုယ်၏အပူချိန်ကို သဟဇာတဖြစ်စေသည်။ အချို့လူကြီးသူမများက “ရေမချိုးခင် ရေလေးတစ်ခွက်လောက် သောက်လိုက်ပါဦး” ဟု ပြောဆိုတတ်ကြသည်။ ရေချိုးတော့မည်ဆိုပါက အအေးဓာတ်သည် ခန္ဓာကိုယ်အတွင်းသို့ရုတ်တရက်ဝင်ရောက်လာမည်ဖြစ်ရာ အစာအိမ်အတွင်းရှိ အေးမြသောရေက ကြိုတင်၍ကာကွယ်သည့်သဘောမျိုးဖြစ်ပေသည်။

### အစားအသောက်များဖြင့်လည်း ကာကွယ်နိုင်

အပူဒဏ်ကို အစားအသောက်များဖြင့်လည်း ကာကွယ်နိုင်၏။ အလွယ်ကူဆုံးနှင့် အရိုးရှင်းဆုံးနည်းမှာ ရေများများသောက်ခြင်းပင် ဖြစ်သည်။ လူ၏ခန္ဓာကိုယ်တွင် အရည်ဓာတ် ၆၀ ရာခိုင်နှုန်းပါဝင်ကာ လူတစ်ယောက်သည် နွေရာသီ၌ တစ်နေ့လျှင် ရေသန့်ဘူး သုံးဘူးခန့်အထိ သောက်သုံးသင့်၏။ ထို့ပြင် ရေဆာသည့်အချိန်တိုင်း သောက်သင့်သည်။ ရေသည်ခန္ဓာကိုယ်တွင် ရေဓာတ်ခန်းခြောက်ခြင်းကို ဖြည့်တင်းပေးကာ မြင့်တက်လာသော အပူချိန်ကိုထိန်းညှိပေး၏။ သစ်သီးများတွင် အအေးဓာတ်ပါဝင်ရာ အရည်ရွှမ်းသည့် သစ်သီးများကိုလည်း စားသုံးသင့်သည်။ ၎င်းတွင်ပါဝင်သော အမျှင်ဓာတ်ကလည်း ဝမ်းချုပ်ခြင်းကိုသက်သာစေ၏။ ဝမ်းချုပ်ပါက ခန္ဓာကိုယ်အတွင်း၌ အပူဓာတ်များ ကိန်းအောင်းနိုင်ရာ ဝမ်းမှန်စေရန်အတွက် မန်ကျည်းမှည့်ဖျော်ရည်များကို သောက်သုံးကြသည်။ သစ်သီးဖျော်ရည်များသည် ရေဓာတ်ခန်းခြောက်ခြင်းနှင့် သကြားဓာတ်များကိုဖြည့်ဆည်းပေးသည့်အတွက် သောက်သုံးသင့်ပေသည်။ ဖရဲသီးမှာရေဓာတ်အများဆုံးပါဝင်သော သစ်သီးဖြစ်ရာ ၉၀ ရာခိုင်နှုန်း ပါဝင်သဖြင့် ဖျော်ရည်ပြုလုပ်ကာ သောက်သုံးကြသည်။ ထို့ပြင် ကြံရည်၊ တလည်းသီးဖျော်ရည်၊ ဂရိတ်ဖရုသီးဖျော်ရည်၊ လိမ္မော်သီးဖျော်ရည်၊ စပျစ်သီးဖျော်ရည်တို့ကိုလည်း သောက်သုံးသင့်သည်။

*စာမျက်နှာ ၁၁ သို့*

## နတ်မောက်မြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များအမိုးလန်ပြီး သစ်ပင်များ ပြိုလဲ

**နတ်မောက် ဧပြီ ၂၂**
မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ဧပြီ၂၀ ရက် ည ၈နာရီက လေပြင်းတိုက်ခတ်မှုကြောင့် မိုးနံ့တောကျေးရွာအုပ်စုအတွင်းရှိ သမှုန်းကုန်းကျေးရွာနှင့် သပြေလှကျေးရွာတို့၌ လူနေအိမ်များ အမိုးလန်ခြင်းနှင့် သစ်ပင်များပြိုလဲခြင်းများ ဖြစ်ပွားခဲ့သည်။

အဆိုပါလေပြင်းတိုက်ခတ်မှုကြောင့် မိုးနံ့ကျေးရွာအုပ်စု သမှုန်းကုန်းကျေးရွာ၌ လူနေအိမ် ၂၇ လုံးနှင့် သပြေလှကျေးရွာ၌ လူနေအိမ်လေးလုံး၊ စုစုပေါင်း ၃၁ လုံး အမိုးလန်ပျက်စီးခြင်းနှင့် ကျေးရွာအတွင်းရှိ သစ်ပင်ကြီးများ ပြိုလဲပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ပြီးကြောင်းနှင့် အခြားလူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။ အဆိုပါ လေပြင်းတိုက်ခတ်ရာနေရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာဌာနဆိုင်ရာများ သွားရောက်ခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများအား လိုအပ်သည်များကို ပေါင်းစပ်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## ညောင်ဦးမြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ် နှစ်လုံး ထိခိုက်ပျက်စီး

**ညောင်ဦး ဧပြီ ၂၂**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် တက်မကျေးရွာအုပ်စု သပွတ်စုကျေးရွာ၌ ဧပြီ ၂၀ ရက် ညပိုင်းက လေပြင်းတိုက်ခတ်မှု ဖြစ်ပွားခဲ့သဖြင့် ကျေးရွာရှိ လူနေအိမ် နှစ်လုံး ထိခိုက်ပျက်စီးခဲ့ကြောင်း မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူထံမှ သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှုကြောင့် ညောင်ဦးမြို့နယ် တက်မကျေးရွာအုပ်စု သပွတ်စုကျေးရွာရှိ ဦးသိန်းနိုင် ပိုင်ဆိုင်သော ပေ ၂၀ ပတ်လည် သွပ်မိုး၊ ထရံကာ တစ်ထပ်လူနေအိမ် သွပ်အမိုး ၁၀ ချပ်နှင့် သစ်သား ဒိုင်းမြား ၁၀ ချောင်းခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ ဒေါ်သန်းလှိုင် ပိုင်ဆိုင်သော ပေ ၂၀ ပတ်လည် သွပ်မိုး၊ ထရံကာ တစ်ထပ်လူနေအိမ် သွပ်အမိုး ၁၀ ချပ်နှင့် သစ်သား ဒိုင်းမြား၁၀ ချောင်းခန့် ထိခိုက်ပျက်စီးဆုံးရှုံးခဲ့ကြောင်းနှင့် အခြားလူနှင့် တိရစ္ဆာန်ထိခိုက်မှုမရှိကြောင်း သိရသည်။ လေပြင်းတိုက်ခတ်မှုကြောင့် လေဘေးသင့်နေအိမ်ရှိ မိသားစုဝင်များ အဆင်ပြေစွာနေထိုင်နိုင်ရေးအတွက် ကျေးရွာနေပြည်သူများက လိုအပ်သည်များ ဝိုင်းဝန်းကူညီပေးကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

## စာပေဗိမာန်စာမူဆုရ စာအုပ်ဖြန့်ချိရောင်းချ

**နေပြည်တော် ဧပြီ ၂၂**
ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၂၁ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆု ရရှိသည့် စာရေးဆရာမ တက္ကသိုလ်မြမဉ္ဇူ၏ 'ဘဝမြစ်ပြင်ကျယ်နှင့် အခြားဝတ္ထုတိုများ' စာအုပ်ကို ဖြန့်ချိရောင်းချလျက်ရှိသည်။ ယင်းစာအုပ်တွင် ဝတ္ထုတို ၁၂ ပုဒ် ပါဝင်သည်။ ဝတ္ထုတိုအားလုံးသည် လူ့ဘဝဇာတ်ခုံပေါ်တွင် ဖြစ်ပျက်နေကြသည့် ဘဝသရုပ်ဖော်ဝတ္ထုတိုများဖြစ်ကာ ရသမြောက်အောင်ရေးဖွဲ့ထားသည်။ မိဘအပေါ် ဆိုးညစ်ယုတ်မာသောကြောင့် အရက်သမားမှ အရူးဘဝသို့ ပြောင်းလဲသွားသူ၊ သံခေါင်းစွပ်သရဲ မြွေဆရာ ကတိသစ္စာမတည်သောကြောင့် အသက်ဆုံးရှုံးသွားရပုံ၊ ချမ်းသာသောဂျပန်သူဌေးကြီး၏ ချစ်ရေးဆိုမှုကို ကံငါးပါးထိန်းသိမ်းသော မြန်မာအမျိုးသမီးတစ်ဦးက ငြင်းပယ်သောဝတ္ထုတို၊ ဇနီးမောင်နှံနှစ်ဦး၏ တစ်ဦးနှင့်တစ်ဦး ဆန့်ကျင်လေ့ရှိသော စိတ်နေသဘောထားကို ဟာသနှောကာ ရေးသားထားသည့်ဝတ္ထုတို၊ ဖဲသမားထွန်းမောင်၏ အသုဘမှ ရယ်မောဖွယ်ဟာသ၊ ယောဂီဒေါ်ဂွမ်းပုံ၏ဘဝဇာတ်လမ်း စသည့်ဝတ္ထုတိုများပါဝင်သည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ကျပ် ၂၅၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၀၄၄၈)၊ အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၆၇-၃၄၁၄၆၈၁)၊ ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် (ဖုန်း ၀၂-၄၀၃၀၁၈၆) နှင့် အမြို့မြို့ရှိ စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဆက်သွယ်ဝယ်ယူနိုင်ပြီး လက်ကားမှာယူလိုပါက အမှတ် ၅၂၉- ၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန(ဖုန်း ၀၁- ၈၂၄၉၀၃၁၊ ၀၁-၈၃၈၀၄၄၈) သို့ ဆက်သွယ်နိုင်သည်။

**သတင်းစဉ်**

## လောင်းလုံးမြို့၌ မီးဘေးလုံခြုံရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပြီး 191 စတစ်ကာများ ကပ်ပေး

**လောင်းလုံး ဧပြီ ၂၂**
တနင်္သာရီ တိုင်းဒေသကြီး လောင်းလုံးမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် မီးလောင်မှုဖြစ်ပေါ်ပါက အလွယ်တကူ မီးငြိမ်းသတ်နိုင်ရေး အတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ဦးစီးအရာရှိ ဦးမျိုးဇော်ဦးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဧပြီ ၂၁ ရက်က မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ ခြင်းနှင့် 191 စတစ်ကာများ ကပ်ပေးခြင်းများကို မြို့မစည်ပင်သာယာဈေးနှင့် လမ်းဆုံလမ်းခွ၌ ပြုလုပ်သည်။



အဆိုပါ မီးဘေးလုံခြုံရေး အသိပညာပေးလက်ကမ်းစာစောင်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန်အတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များ၊ အပြင်မသွားမီ သတိပြုရမည့်အချက်များ၊ မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ပုံမီးငြိမ်းသတ် နည်းများ၊ ဆေးလိပ် သောက်ခြင်းတွင် လိုက်နာရမည့် အချက်များ စသောအကြောင်း အရာများနှင့် မီးလောင်ကျွမ်းမှု တစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက မီးသတ်ရုံးသို့ ချက်ချင်းအကူအညီ တောင်းခံနိုင်ရန်အတွက် အရေးပေါ်ဖုန်းနံပါတ် 191 စတစ်ကာများကို ကပ်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သိန်းသိန်း(လောင်းလုံး)**

*စာမျက်နှာ ၉ မှ*
### လျှင်ဘေးကို တုံ့ပြန်ဖို့ ကြိုတင်ပြင်ဆင် ဆောင်ရွက်စို့

မြန်မာနိုင်ငံသည် ငလျင်အပါအဝင် သဘာဝဘေးများစွာ တွေ့ကြုံခံစားရသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး အင်အားပြင်းငလျင်ကြီးများ လှုပ်ရှားခဲ့သကဲ့သို့ ကမ်းရိုးတန်းဒေသများတွင် ဆူနာမီရေလှိုင်း ရိုက်ခတ်ခြင်းများ တွေ့ကြုံခံစားခဲ့ရသည်။ သဘာဝဘေးအန္တရာယ်များသည် လူသားအားလုံးနှင့် သက်ဆိုင်သည်။ တစ်ဦးတစ်ယောက်တည်း၊ တစ်ဌာန၊ တစ်ဖွဲ့တည်းက ဆောင်ရွက်၍မရပါ။ လူတိုင်းပါဝင်ဆောင်ရွက်မှသာ အရေးကြုံလာပါက ဘေးဒဏ်ကြံ့ကြံ့ခံနိုင်မည်ဖြစ်သည်။ သို့ဖြစ်၍ ပြည်သူများအား ငလျင်ဆိုင်ရာအသိပညာပေးခြင်း၊ ကြိုတင်ပြင်ဆင်မှုများ ကျယ်ပြန့်စွာ ဆောင်ရွက်ခြင်း၊ ငလျင်ဘေးဆိုင်ရာ သုတေသနပြုလေ့လာဆန်းစစ်ခြင်းဖြင့် ငလျင်ဘေးအန္တရာယ်လျော့ပါးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ယခုအခါ ငလျင်ဘေးအန္တရာယ်နှင့် ပတ်သက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ၏ ညွှန်ကြားမှုဖြင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဆက်စပ်ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်သဘာဝဘေးစီမံခန့်ခွဲရေး အဖွဲ့များ၊ ဒေသခံပြည်သူလူထုအားလုံး ပါဝင်သည့် ငလျင်ဘေး အရေးပေါ်တုံ့ပြန်မှုနှင့် သရုပ်ပြလေ့ကျင့်မှုတို့ကို ငလျင်ဘေးကျရောက်နိုင်ခြေရှိသည့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဆောင်ရွက်နေသကဲ့သို့ စဉ်ဆက်မပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ သို့ဖြစ်ပါ၍ သဘာဝဘေးအသိပညာပေးလုပ်ငန်းများနှင့် သဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်မှုများ၊ အထူးသဖြင့် ကြိုတင်သတိပေးချက် ထုတ်ပြန်နိုင်ခြင်းမရှိသည့် ငလျင်ဘေးအန္တရာယ်နှင့်စပ်လျဉ်း၍ **"ငလျင်အန္တရာယ် အသိကြွယ် ကြိုတင်ပြင်ဆင်ဆောင်ရွက်မယ်"** ဟူသည့်အတိုင်း ငလျင်ဘေးကြောင့် ထိခိုက်ဆုံးရှုံးမှုလျော့ပါးစေရေးအတွက် ငလျင်ဘေးသဏ္ဌာန်တူ သရုပ်ပြလေ့ကျင့်မှုများတွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့်အတူ တတ်စွမ်းသမျှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ကျမ်းကိုးစာရင်း**
(၁) မှန်နန်းရာဇဝင်
(၂) ရခိုင်ရာဇဝင်သစ်
(၃) ရွှေကိုင်းသား-သမိုင်းဝင်ငလျင်ကြီးများနှင့်ပုဂံ
(၄) မြန်မာနိုင်ငံ၏ ငလျင်ဘေးအန္တရာယ် by Dr. Yin Myo Min Htwe (DMH)
(၅) ငလျင်နှင့် ပတ်သက်သည့် အချက်အလက်များ၊ Earthquake, Wikipedia

*စာမျက်နှာ ၁၀ မှ*

အရက်သောက်ခြင်းသည် လူ၏အပူချိန်ကို ချက်ချင်းမြင့်တက်စေကာ ချွေးပေါက်များကို ကျယ်စေသဖြင့် ရာသီဥတုပူပြင်းချိန်တွင် မသောက်သင့်ပါ။ အပူအစပ်အစားအစာများမှာ ခန္ဓာကိုယ်၏ အပူချိန်ကိုတိုးစေသဖြင့် ပူပြင်းသော နွေရာသီတွင် အပူအစပ်အစားအစာများကို မစားသင့်ပေ။ ရေခဲရေ သောက်ခြင်းသည် ရေငတ်မှုကို အာသာပြေလွယ်သည်ဆိုသော်လည်း များများစားစား မသောက်သုံးသင့်ပါ။ ရေခဲရေသည် ချွဲသလိပ်များကို ပိုပြီးဖြစ်ပေါ်စေပြီး လည်ချောင်းကို နာကျင်စေကာ အသက်ရှူလမ်းကြောင်းကိုပင် အနှောင့်အယှက်ပေးတတ်၏။

နှစ်စဉ် နွေရာသီကာလအတွင်း ပြင်းထန်သည့် နေအပူရှိန်ကြောင့် မိမိတို့၏နေအိမ်များတွင် နေထိုင်ရန်ခက်ခဲပြီး အပူဒဏ်ကိုတိမ်းရှောင်ရန် လိုအပ်သည့် ပြည်သူများအနေဖြင့် အပူဒဏ်ကာကွယ်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပရဟိတအသင်းအဖွဲ့များက ဆောင်ရွက်ပေးသည့် အပူရှောင်စခန်းများတွင်လည်း သွားရောက်နေထိုင်ကြသည်။ ဒေသထွက် ပစ္စည်းဖြစ်သည့် ထန်းလက်များဖြင့် မိုးကာပေးခြင်း၊ ချောင်းသဲဖြူများ ခင်းပေးကာ ၎င်းအပေါ်တွင် ရေဖျန်းပေးခြင်း၊ အစားအသောက်များ စီစဉ်ပေးခြင်းတို့ ပြုလုပ်ပေးလျက်ရှိရာ အလွန်ကောင်းမွန်သောလုပ်ငန်းတစ်ခု ဖြစ်ပေသည်။

ယနေ့ကမ္ဘာလောကကြီးတွင် သစ်ပင်သစ်တောများပြုန်းတီးလာခြင်း၊ လူဦးရေထူထပ်လာခြင်း၊ စက်ရုံ၊ အလုပ်ရုံမီးခိုးများမှတစ်ဆင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ပိုမိုထွက်ရှိလာခြင်း၊ သဘာဝသယံဇာတပစ္စည်းများ နည်းပါးလာခြင်း စသည်တို့ကြောင့် ရာသီဥတုမှာပူပြင်းလျက်ရှိရာ အပူဒဏ်ကာကွယ်ရေးဆိုသည်မှာ သဘာဝဘေးအန္တရာယ်ဆိုင်ရာအချက်တွင် ပါဝင်လျက်ရှိ၏။ အပူဒဏ်ကြောင့်ဖြစ်ပေါ်လာသည့် ရောဂါဝေဒနာများသည်လည်း သတိထားရမည့်အဆင့်သို့ ရောက်ရှိနေသည်။ "အသက်ကို ဉာဏ်စောင့်၊ ဥစ္စာကို ကံစောင့်" ဆိုသောစကားအတိုင်း လူသားတို့သည် အသက်ရှည်ရာ အနာမဲ့ကြောင်းအတွက် အပူဒဏ်ကာကွယ်ရေးဆိုင်ရာအချက်များအတိုင်း လိုက်နာနေထိုင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

**ကိုးကား-**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေး အသိပညာမြှင့်တင်ရေးဌာနနှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့တို့မှ ပူးပေါင်းထုတ်ဝေသည့် ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များ စာအုပ်(၂၀၁၇)။**

# ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီနှင့် ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက် ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ တပ်ဖွဲ့ဝင်/ ဝန်ထမ်းများနှင့် မိသားစုဝင်များကို သွားနှင့်ခံတွင်းကုသပေးနေမှု ကြည့်ရှုအားပေး

**နေပြည်တော် မေ ၂၂**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် အရိန္ဒမာခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာန လက်အောက်ရှိ တပ်ဖွဲ့ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်/ ဝန်ထမ်းများနှင့် မိသားစုဝင် စုစုပေါင်း ၂၆၀ တို့ကို ယနေ့ နံနက် ၉ နာရီက ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန သွားနှင့်ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှု နယ်လှည့်ကွင်းဆင်း ဆေးကုသရေးအဖွဲ့မှ ကျန်းမာရေးဝန်ထမ်း ၂၈ ဦးတို့က သွားဖာခြင်း၊ သွားနှုတ်ခြင်းနှင့် သွားနှင့်ခံတွင်း သန့်ရှင်းရေး ပြုလုပ်ပေးခြင်းတို့ကို အခမဲ့ကုသ ပေးသည်။

သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှု ခံယူကြသည့် တပ်ဖွဲ့ဝင်/ ဝန်ထမ်းများနှင့် မိသားစုဝင်များကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် တိုးရီ၊ ဒုတိယဝန်ကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်ချုပ် ဇင်မင်းထက်နှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦးနှင့်ဇနီး၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဇနီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲအရာရှိကြီးများက ကြည့်ရှုအားပေးကြပြီး **(ယာပုံ)** ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ နယ်လှည့်ကွင်းဆင်း ဆေးကုသရေးအဖွဲ့ကို ဒုတိယဝန်ကြီးများက ထောက်ပံ့ငွေနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# စိုက်ပျိုးရေးသိပ္ပံ(ပွင့်ဖြူ) ၌ မွေးမြူရေးဒီပလိုမာသင်တန်းဖွင့်လှစ်ရေး အကြိုလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**နေပြည်တော် မေ ၂၂**

စိုက်ပျိုးရေး၊ မွေးမြူရေး အလယ်အလတ်အဆင့် ပညာရှင်များဖြစ်စေရေး သင်ကြားလေ့ကျင့်မွေးထုတ်ပေးရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချပြီး အသက်မွေးဝမ်းကျောင်းပြုနိုင်ရေးသာမက စုပေါင်းဆောင်ရွက်သည့် အလေ့အကျင့်ကောင်းများနှင့် စဉ်ဆက်မပြတ် လေ့လာကြိုးစားလိုစိတ်၊ တွေးခေါ်မြော်မြင်နိုင်စွမ်းနှင့် ဆင်ခြင်သုံးသပ်နိုင်စွမ်းမြင့်မားသည့် အသိပညာ ဖွံ့ဖြိုးရေးကိုပါ အလေးထားပို့ချပေးကြစေလိုကြောင်း ယမန်နေ့က မကွေးတိုင်းဒေသကြီးရှိ စိုက်ပျိုးရေးသိပ္ပံ(ပွင့်ဖြူ) ကျောင်း တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားသည်။



စိုက်ပျိုးရေးသိပ္ပံ (ပွင့်ဖြူ)၌ မွေးမြူရေးဒီပလိုမာသင်တန်း တိုးချဲ့ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်လျက်ရှိရာ မွေးမြူရေးပညာ လက်တွေ့သင်ကြားရေး အဆောက်အအုံများဖြစ်သည့် ကြက်၊ ဝက်၊ ဆိတ်နှင့် နွားမွေးမြူရေးခြံများ တည်ဆောက်ပြီးစီးပြီဖြစ်သကဲ့သို့ လျာထား ကျောင်းသားကျောင်းသူဦးရေအပြည့်အဝ လက်ခံသင်ကြားပေးနိုင်ရေးအတွက် အိပ်ဆောင်များနှင့် စာသင်ဆောင်များ တိုးချဲ့ပြင်ဆင်မွမ်းမံမှုများ ဆောင်ရွက်ပြီးဖြစ်ကာ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သတ်မှတ်ထားသည့် စာသင်ကာလအတွင်း သင်ကြားရေးလုပ်ငန်းများ ထိရောက်စွာ သင်ကြားပေးနိုင်ရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ကွင်းဆင်းစစ်ဆေးကြခြင်းဖြစ်သည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးသည် မဲဇလီရေလွှဲဆည်မှ ပွင့်ဖြူမြို့နယ်အတွင်းရှိ နွေစပါး ဧကသုံးသောင်းခန့်အပါအဝင် စိုက်ပျိုးမြေ စုစုပေါင်း ဧကခြောက်သောင်းကျော် စိုက်ပျိုးရေပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဆည်ရေသောက် တောင်သူများ စုပေါင်းဖွဲ့စည်းထားသည့် ရေအသုံးချသူများအဖွဲ့ (WUG)များနှင့်တွေ့ဆုံ၍ ဆည်ရေများ လေလွင့်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးနှင့် အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေး၊ စိုက်ပျိုးရေးလုပ်ငန်း၊ ရေအသုံးချမှုလုပ်ငန်းများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် မွေးမြူရေးသုတေသနဦးစီးဌာန မွေးမြူရေးသုတေသနစခန်း(ပွင့်ဖြူ)သို့ ရောက်ရှိရာ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက နွားများတွင်ဖြစ်ပွားတတ်သော Coccidia ကပ်ပါးရောဂါအပေါ် Toltrazuril နှင့် Amprolium တို့၏ နှိမ်နင်းနိုင်စွမ်းကို Coccidia ကပ်ပါးရောဂါ စွဲကပ်နေသော ဒေသနွား (နွားရွှေနီ) ကိုးကောင် (Average BW 200 kg)ကို အသုံးပြု၍ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် သုတေသနပြု ဆောင်ရွက်ခဲ့မှု၊ သုတေသနရလဒ်များကို အများပြည်သူထံ အသိပညာဖြန့်ဝေနိုင်ရန် ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက တိရစ္ဆာန်မျိုးရိုးဗီဇနှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းနိုင်ရန်အတွက် မျိုးရင်းမျိုးစစ်များ ထိန်းသိမ်းခြင်း၊ မျိုးထိန်းမျိုးပွားခြင်းနှင့် မျိုးကောင်းမျိုးသန့် ထုတ်လုပ်ခြင်းတို့အတွက် သုတေသနပြုဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး မွေးမြူရေးသုတေသနစခန်း၏ လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)** **သတင်းစဉ်**

# သန့်ရှင်းသာယာသောမြို့၊ ရွာများဖြစ်စေရေးဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက ဆောင်ရွက်

**နေပြည်တော် မေ ၂၂**

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာဒေသများ သန့်ရှင်းသာယာ လှပရေးကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် အတွင်းရှိ မြို့နယ်ခုနစ်မြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့၌ လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်း ရှိ မြို့နယ် လေးမြို့နယ်တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ လည်းကောင်း၊ ရခိုင်ပြည်နယ် အတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၅ မြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ မြို့နယ်ကိုးမြို့နယ်တို့၌ လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာ အဆောက်အဦများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ် တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိ လူငယ်၊ လူရွယ်များ စုစည်း၍ "မြို့ရွာသန့်ရှင်း ရောဂါကင်း၊ စုပေါင်းအမှိုက်ရှင်း"စာသားတံဆိပ်ပါတူညီဝတ်စုံများ ဝတ်ဆင်ပြီး ပြည်ကြီးတံခွန်မြို့နယ် လောကမဏိ စူဠာဘုရားဝင်း အတွင်း/ အပြင်၌ စုပေါင်းအမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှု ရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာလျှင် ၁၀၀ ကျပ်ဖြင့် ဝယ်ယူ၍ စနစ်တကျ အမှိုက်စွန့်ပစ်ကြသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



မိုင်းတုံမြို့ မြို့လယ်ပန်းခြံအနီးရှိ နမ့်တုံချောင်း ရေစီးရေလာကောင်းမွန်ရေးသန့်ရှင်းရေး ဆောင်ရွက်စဉ်။

❒ *ကျောဖုံးမှ*

အဆိုပါ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် ခရိုင်/ မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပရဟိတလူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း အင်အား ၃၀၀ ခန့်က ငပလီကမ်းခြေတစ်လျှောက်တွင် အမှိုက်များကောက်ခြင်း၊ ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ မီးရှို့ရှင်းလင်းခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထိုသို့စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ သံတွဲခရိုင် ခရီးစဉ်ဒေသဆိုင်ရာစီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးချစ်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်သာစိန်နှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ဗြိတိန်ဒုတိယဝန်ကြီးချုပ် ဒိုမနစ်ရက်ဘ် ရာထူးမှနုတ်ထွက်

လန်ဒန် ဧပြီ ၂၂

**ဗြိတိန် ဒုတိယဝန်ကြီးချုပ် ဒိုမနစ်ရက်ဘ် ရာထူးမှနုတ်ထွက်ကြောင်းကို ဧပြီ ၂၁ ရက်က ကြေညာခဲ့သည်။ လုပ်ဖော်ကိုင်ဖက်များကိုအနိုင်ကျင့်ခြင်းနှင့် နှိပ်စက်မှုများပြုလုပ်သည်ဟူသော စွပ်စွဲချက်များနှင့် ရင်ဆိုင်ရပြီးနောက် ရာထူးမှနုတ်ထွက်ခဲ့ခြင်းဖြစ်သည်။**

ဒိုမနစ်ရက်ဘ်သည် ယခင်ဗြိတိန်ဝန်ကြီးချုပ် ဘောရစ်ဂျွန်ဆင်၏ လက်ထက်တွင် နိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူလည်း ဖြစ်သည်။ ၎င်းသည် တရားရေးဝန်ကြီးအဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။ အဆိုပါတာဝန်များကိုထမ်းဆောင်စဉ် လုပ်ဖော်ကိုင်ဖက်များအပေါ် အသုံးမကျသူဟု ခေါ်ဆိုမှုများနှင့် နှုတ်အားဖြင့် အနိုင်ကျင့်ပြောဆိုမှုများ ပြုလုပ်ထားသည်ဟု စွပ်စွဲထားသည်။

ဒိုမနစ်ကိုယ်တိုင်ကမူ အဆိုပါစွပ်စွဲမှုများကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပေးရန် တောင်းဆိုခဲ့သည်။ ရန်လိုသည့်အပြုအမူများ ပြုလုပ်ခြင်းနှင့် အာဏာကို အလွဲသုံးခြင်း သို့မဟုတ် အနိုင်ကျင့်မှုများ ပြုလုပ်သည်ကို တွေ့ရှိခဲ့ရကြောင်း စုံစမ်းစစ်ဆေးသူများက ပြောသည်။ ဒိုမနစ်ရက်ဘ်မှာ ဗြိတိန်ဝန်ကြီးချုပ် ရစ်ရှီဆူနက်နှင့် နိုင်ငံရေးအရ ရင်းနှီးသည့် မိတ်ဆွေလည်းဖြစ်သည်။


ဗြိတိန် ဒုတိယဝန်ကြီးချုပ် ဒိုမနစ်ရက်ဘ်

ဗြိတိန်ဝန်ကြီးချုပ်ကလည်း ဒိုမနစ်၏ ရာထူးမှ နုတ်ထွက်ကြောင်းကို ဝမ်းနည်းစွာဖြင့် လက်ခံခဲ့ကြောင်း ပြောသည်။ အစိုးရအဖွဲ့မှ အဆင့်မြင့်အရာရှိတစ်ဦးဖြစ်သူ အိုလီဗာဒေါက်ဒန်မှာ ဒုတိယဝန်ကြီးချုပ်ဖြစ်လာမည်ဖြစ်ပြီး အဲလက်စ်ချော့သည် တရားရေးဝန်ကြီး ဖြစ်လာမည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်၌ လက်ရှိအချိန်အထိ တုပ်ကွေးရောဂါကြောင့် သေဆုံးသူပေါင်း ၁၉၀၀၀ အထိ ရှိလာ

**လော့စ်အိန်ဂျလိစ် ဧပြီ ၂၂**

အမေရိကန်နိုင်ငံ၌ ယခုနှစ်ရာသီတွင် လက်ရှိအချိန်အထိ တုပ်ကွေးရောဂါကြောင့် ဖျားနာသူပေါင်း ၂၆ သန်းထက်မနည်းရှိပြီး ဆေးရုံတက်ရောက် ကုသမှုခံယူရသူ ၂၉၀၀၀၀ နှင့် သေဆုံးသူ ၁၉၀၀၀ ရှိကြောင်း ဧပြီ ၂၁ ရက်တွင် အမေရိကန်ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (စီဒီစီ) က ထုတ်ပြန်သော နောက်ဆုံးအချက်အလက်အရ သိရသည်။

ထို့ပြင် လက်ရှိအချိန်အထိ တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ကလေးငယ်ပေါင်း ၁၄၃ ဦးအထိ ရှိလာကြောင်း သိရသည်။ ဧပြီလနောက်ဆုံးရက်အတွက် ဧပြီ ၁၅ ရက်အထိ တုပ်ကွေးရောဂါကြောင့် ဆေးရုံတက်ရောက်ကုသမှုခံယူရသူ ၂၀၀၀ နီးပါး ရှိသည်ဟု စီဒီစီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

တုပ်ကွေးရောဂါ ဖြစ်ပွားနေသမျှကာလတစ်လျှောက် အသက်ခြောက်လနှင့် အထက်ရှိသူတိုင်း နှစ်စဉ်တုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် စီဒီစီက အကြံပြုထားသည်။

**ဆင်ဟွာ**


ကယ်လီဖိုးနီးယားပြည်နယ် ဆေးဘက်ဆိုင်ရာစင်တာတစ်ခု၌ ဆေးဝန်ထမ်းတစ်ဦးက တုပ်ကွေးကာကွယ်ဆေး ထိုးနှံပေးစဉ်။

# အယ်ရှာဘတ်စစ်သွေးကြွ ၃၈ ဦးကို ဆိုမာလီလုံခြုံရေးတပ်ဖွဲ့ သုတ်သင်နိုင်ခဲ့

**မိုဂါဒစ်ရှူး ဧပြီ ၂၂**

ဆိုမာလီ လုံခြုံရေးတပ်ဖွဲ့သည် လွန်ခဲ့သည့် နှစ်ရက်က နိုင်ငံတောင်ပိုင်း၌ ဆောင်ရွက်ခဲ့သည့် သီးခြားစစ်ဆင် ရေး နှစ်ခုအတွင်း အယ်ရှာဘတ်စစ်သွေးကြွ ၃၈ ဦးကို သုတ်သင်နိုင်ခဲ့ကြောင်း သိရသည်။

ဧပြီ ၂၁ ရက် ညနေပိုင်းက ဆောင်ရွက်ခဲ့သည့် ပထမစစ်ဆင်ရေးတွင် အယ်ရှာဘတ်စစ်သွေးကြွ ၂၀ ကို သုတ်သင်နိုင်ခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အမျိုးသားထောက်လှမ်းရေးနှင့် လုံခြုံရေးအေဂျင်စီ (အင်န်အိုင်အက်စ်အေ)က ပြောသည်။ ထို့ပြင် ဧပြီ ၂၂ ရက် အစောပိုင်းက ဆောင်ရွက်ခဲ့သည့် ဒုတိယစစ်ဆင်ရေးတွင် အယ်ရှာဘတ် စစ်သွေးကြွ ၁၈ ဦးကို သုတ်သင်နိုင်ခဲ့ကြောင်းနှင့် အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဆိုမာလီ အမျိုးသားတပ်မတော် (အက်စ်အင်န်အေ) က ပြောသည်။

**ဆင်ဟွာ**

# အမေရိကန်၌ အိုမီခရွန်မျိုးကွဲသစ် XBB.1.16 ပျံ့နှံ့နေ

**လော့စ်အိန်ဂျလိစ် ဧပြီ ၂၂**

အိုမီခရွန်မျိုးကွဲသစ်မှာ အမေရိကန်၌ ကူးစက်ပျံ့နှံ့လျက်ရှိပြီး အပတ်စဉ် ကိုဗစ်-၁၉ ကူးစက်မှုအသစ်များတွင် မျိုးကွဲသစ်၏ ကူးစက်မှုမှာ ၁၀ ရာခိုင်နှုန်း ရှိသည်ဟု အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ဧပြီ ၂၁ ရက် ထုတ်ပြန်ချက်အရ သိရသည်။

လာမည့် သီတင်းပတ်များအတွင်း ကူးစက်မှုများ ပို၍များပြားလာမည်ဖြစ်ပြီး နိုင်ငံအတွင်း နောက်ထပ်လွှမ်းမိုးမည့် ကိုဗစ်-၁၉ မျိုးကွဲသစ်ဟုလည်း ကျွမ်းကျင်သူများက သတိပေးထားသည်။ ကူးစက်မှု အလွန်မြန်ဆန်သည့် အိုမီခရွန်မျိုးကွဲ XBB. 1.5 မှာ အမေရိကန်၌ လွှမ်းမိုးနေဆဲဖြစ်ပြီး ယခုသီတင်းပတ်အတွင်း ကူးစက်မှုများ၏ ၇၃ ဒသမ ၆ ရာခိုင်နှုန်းမှာ အဆိုပါမျိုးကွဲကြောင့်ဖြစ်သည်ဟု အဆိုပါစင်တာ၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**

# အင်ဒိုနီးရှားနိုင်ငံအလယ်ပိုင်း၌ ပြင်းအား ၆ ဒသမ ၄ အဆင့်ရှိ ငလျင်လှုပ်

**ဂျကာတာ ဧပြီ ၂၂**

အင်ဒိုနီးရှားနိုင်ငံ အလယ်ပိုင်း မြောက်ဆူလာဝေစီ ပြည်နယ်၌ ဧပြီ ၂၁ ရက်က ပြင်းအား ၆ ဒသမ ၄ အဆင့်ရှိ ငလျင်လှုပ်မှု ဖြစ်ပွားကြောင်း အင်ဒိုနီးရှား မိုးလေဝသ၊ ရာသီဥတုနှင့် ဘူမိရူပဗေဒ အေဂျင်စီက ပြောသည်။

အဆိုပါ ငလျင်သည် ဂျကာတာ စံတော်ချိန် ညနေ ၅ နာရီ ၂၁ မိနစ်တွင် ပင်လယ်ကြမ်းပြင်အောက် အနက် ၁၀ ကီလိုမီတာကို ဗဟိုပြုလှုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ငလျင်လှုပ်မှုကြောင့် ကြီးမားသော လှိုင်းလုံးကြီးများ ဖြစ်ပေါ်လာနိုင်ခြေ မရှိသည့်အတွက် မိုးလေဝသအေဂျင်စီက ဆူနာမီ သတိပေးချက် ထုတ်ပြန်ထားခြင်း မရှိပေ။

**ဆင်ဟွာ**

# စားနပ်ရိက္ခာဖူလုံရေးစီမံချက်များကို သဘောတူရေးရည်ရွယ်ချက်ဖြင့် ဂျီ - ၇ စိုက်ပျိုးမွေးမြူရေးဝန်ကြီးများ ဂျပန်၌ ဆွေးနွေးမှုစတင်

**တိုကျို ဧပြီ ၂၂**

ဂျီ-၇ မှ စိုက်ပျိုးမွေးမြူရေးဝန်ကြီးများသည် စားနပ်ရိက္ခာဖူလုံရေးအတွက် အထူးပြုသည့် စီမံချက်များကို သဘောတူညီရေးဆိုသည့် ရည်ရွယ်ချက်ဖြင့် ဂျပန်နိုင်ငံအနောက်တောင်ပိုင်းတွင် ဆွေးနွေးပွဲများ စတင်ပြုလုပ်လျက်ရှိကြောင်း သိရသည်။

နှစ်ရက်ကြာ ကျင်းပမည့် အဆိုပါ မျက်နှာစုံညီအစည်းအဝေးကို မိယာဇာကီမြို့တွင် ဧပြီ ၂၂ရက် နံနက်ပိုင်းက စတင်ခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံ စိုက်ပျိုးမွေးမြူရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီး နိုမူရာ တီဆုရိုက သဘာပတိအဖြစ် ဆောင်ရွက်ကြောင်း သိရသည်။

ဂျီ - ၇ ဝန်ကြီးများအနေဖြင့် တူညီသည့် သဘောထားအမြင်များအပေါ် အခြေခံပြီး ကမ္ဘာလုံးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်ပြီး ဆွေးနွေးမှုများကို ဦးဆောင်သွားမည်ဖြစ်ကြောင်း နိုမူရာ တီဆုရိုက ပြောသည်။ စားနပ်ရိက္ခာဖူလုံရေး စိန်ခေါ်မှုများကို ရင်ဆိုင်ရချိန်တွင် စိုက်ပျိုးမွေးမြူရေးနှင့် စားနပ်ရိက္ခာစနစ်တွေကို စဉ်ဆက်မပြတ် ဖြစ်လာအောင် မည်သို့ပြုလုပ်ဆောင်ရွက်ရမည်ဆိုသည်ကို ဆွေးနွေးသင့်ကြောင်းလည်း ၎င်းက ပြောသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် စားနပ်ရိက္ခာ ပြတ်တောက်မည့် အန္တရာယ် မြင့်မားလာမှုနှင့် ရင်ဆိုင်နေရကြောင်း သိရသည်။ အဆိုပါဝန်ကြီးများသည် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှု မြှင့်တင်ရေးနည်းလမ်းနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများကို ထောက်ပံ့ရာတွင် ဂျီ - ၇ ၏ ကျွမ်းကျင်မှုများကို အသုံးချရေး ဆွေးနွေးသွားဖွယ်ရှိသည်။

**အင်န်အိတ်ချ်ကေ**



ဂျီ - ၇ စိုက်ပျိုးမွေးမြူရေးဝန်ကြီးများ ဆွေးနွေးစဉ်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မိတ္ထီလာမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးနိုင်ရန် ပျိုးပင်ပေါင်း ၈၁၆၆၆ ပင် ပျိုးထောင်ထားရှိ

မိတ္ထီလာ မေ ၂၂

**မိတ္ထီလာမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ၂၀၂၃ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးနိုင်ရန် ပျိုးပင်ပေါင်း ၈၁၆၆၆ ပင် ပျိုးထောင်ထားရှိကြောင်း သိရသည်။**

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးနိုင်ရန် ပေါက်ချောင်းရပ်ကွက် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနရှိ ပျိုးဥယျာဉ်တွင် ယူကလစ်၊ တမာ၊ ဒဟတ်၊ သဘော်ကုက္ကို၊ မြန်မာကုက္ကို၊ ရင်းမာ၊ မဲဇလီ၊ ကျွန်း စသည့် ပျိုးပင်ပေါင်း ၈၁၆၆၆ ပင် ပျိုးထောင်ထားရှိသည်။ အဆိုပါ ပျိုးပင်များထဲမှ ကျေးရွာသုံး စိုက်ခင်း ဧက ၅၀ အတွက် ပျိုးပင်ပေါင်း ၃၃၇၅၀၊ အထူးစိမ်းလန်းစိုပြည်ရေးတစ်အုပ်တစ်မစိုက်ခင်း အတွက် ပျိုးပင် ၆၁၀၀၊ အခြားစိုက်ခင်း ၂၅ ဧက အတွက် ပျိုးပင်ပေါင်း ၃၇၈၁၁ ပင်၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဘက်စုံသုံး စိုက်ခင်း တစ်ဧကအတွက် ပျိုးပင်ပေါင်း ၁၃၆၀၊ တစ်အိမ်ထောင် သစ်မာအပင် ၂၀ အတွက် ပျိုးပင်ပေါင်း ၃၂၀၀၊ တစ်အိမ်ထောင် ကျွန်းသုံးပင်အတွက် ပျိုးပင်ပေါင်း ၃၄၅ ပင်နှင့် ပြည်သူ့ဗဟိုပြု စိုက်ခင်းအတွက် ပျိုးပင်ပေါင်း ၁၀၀၀ တို့ကို ပျိုးထောင်ထားရှိကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

## မြို့တော်အင်္ဂါရပ်များနှင့်အညီ ဖွံ့ဖြိုးစည်ပင်သာယာရေးအတွက် လုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ဘားအံ မေ ၂၂

ကရင်ပြည်နယ်၏မြို့တော် ဘားအံမြို့အား မြို့တော်အင်္ဂါရပ်များနှင့်အညီ သန့်ရှင်းသာယာလှပပြီး ဖွံ့ဖြိုးတိုးတက်စည်ပင်သာယာသော အစိမ်းရောင်ခရီးသွားမြို့တော်ဖြစ်စေရေးအတွက် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်း၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး သူရမြင့်သူနှင့် တာဝန်ရှိသူများနှင့်အတူ မေ ၂၂ ရက် နံနက်ပိုင်းက ရေစီးရေလာကောင်းမွန်ရေးနှင့် မြို့တွင်းလမ်းများအဆင့်မြှင့်တင် တိုးချဲ့တည်ဆောက်ရေးလုပ်ငန်းများအား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်နယ်ရန်ပုံငွေကျပ် ၅၉၇ ဒသမ ၉၈ သန်းဖြင့် ဘားအံမြို့ အ.ထ.က(၄)မှ ကြာအင်းလမ်းဆုံအထိ လမ်းသားတိုးချဲ့မည့်နေရာ၊ လမ်းဘေးဝဲယာ ရေမြောင်း ပလက်ဖောင်းပြုလုပ်မည့်နေရာ၊ ပလက်ဖောင်း လျှောက်လမ်းပြုလုပ်မည့်နေရာ၊ Box Culvert နှစ်စင်း တိုးချဲ့မည့်နေရာ၊ လမ်းသားတိုးချဲ့မြေဖို့ရန်အတွက် ကျောက်စီမြေထိန်းနံရံ ပြုလုပ်မည့်နေရာ၊ ပြည်နယ်ရန်ပုံ ငွေကျပ် ၉၀၆ ဒသမ ၃ သန်းဖြင့် ဘားအံမြို့ အမှတ် (၆) ရပ်ကွက် လုပ်သားလမ်း ကျောက်စီရေမြောင်းပြုလုပ်ခြင်း၊ လုပ်သားလမ်းနှင့် ခွယ်ကဘောင်တံတားကြား ပင်မကျောက်စီရေမြောင်းပြုလုပ်ခြင်း၊ ခွယ်ကဘောင်တံတားမှ ကန်သာယာ(ရန်မျိုးအောင်လမ်းအထိ) ပင်မကျောက်စီရေမြောင်းပြုလုပ်ခြင်း စုစုပေါင်းကျောက်စီရေမြောင်းအရှည် ပေ ၃၄၈၀ ဆောင်ရွက်ခြင်း။



ပြည်နယ် ရန်ပုံငွေကျပ် ၈၂ ဒသမ ၈ သန်းဖြင့် အမှတ်(၁) ရပ်ကွက် မန်နဲစံတံတားနှင့် ကန်သာယာကြား (၈၇၀ ပေ x ၉ ပေ) ကျောက်စီမြေထိန်းနံရံ ပြုလုပ်ခြင်း၊ ကန်သာယာရေကန် ပြန်လည်တူးဖော်နိုင်ရေးနှင့် ပြည်နယ်ရန်ပုံငွေကျပ် ၄၁၅ ဒသမ ၇၈ သန်းဖြင့် အမှတ်(၆)ရပ်ကွက် ကြာအင်းလမ်းဆုံမှ သိမ်တော်ကြီးကွေ့အထိ လမ်းသားတိုးချဲ့ခြင်း၊ ရေမြောင်းပလက်ဖောင်းပြုလုပ်ခြင်း၊ လမ်းသားတိုးချဲ့မြေဖို့ရန်အတွက် ကျောက်စီမြေထိန်းနံရံ ပြုလုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ **(အပေါ်ပုံ)** ပြည်နယ်စည်ပင်သာဘာရေးအဖွဲ့ ညွှန်ကြားရေးမှူး သူရမြင့်သူက တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်က မကြာမီအတွင်း မိုးရာသီသို့ ရောက်ရှိတော့မည်ဖြစ်သည့်အတွက် မြို့တော်အင်္ဂါရပ်များနှင့်အညီ လမ်းများ၊ လူနေရပ်ကွက်များတွင် ရေစီးရေလာ ကောင်းမွန်စေရေး၊ အမှိုက်များကင်းစင်ကာ သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ စံချိန်စံနှုန်းများနှင့်အညီ လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်ရန်ပုံငွေကျပ် ၁၅၉ ဒသမ ၀၃၅ သန်းဖြင့် ဘားအံမြို့ အမှတ်(၉)ရပ်ကွက် သိမ်တော်ကြီးကွေ့မှ တက္ကသိုလ်ဓမ္မာရုံအထိ တစ်ဖက်လျှင် လေးပေအကျယ် လမ်းသားတိုးချဲ့ခြင်း ပေ ၁၃၅၀၊ ရေမြောင်းပလက်ဖောင်းပြုလုပ်ခြင်း ပေ ၁၃၅၀ နှင့် မြေကြီးဖို့ခြင်းလုပ်ငန်း၊ ပြည်နယ်ရန်ပုံငွေ ၂၆၀ ဒသမ ၂၄၆ သန်းဖြင့် ဘားအံ–အိန္ဒုလမ်း ရေမြောင်းပလက်ဖောင်းပြုလုပ်ခြင်း ပေ ၂၉၇၀၊ Box Culvert ပြုလုပ်မည့်နေရာ၊ ပြည်နယ်ရန်ပုံငွေကျပ် ၃၄၃ သန်းဖြင့် ဘားအံမြို့ အမှတ်(၂)ရပ်ကွက် အမှတ်(၁) ပျံကျဈေးမှ ဆယ်အိမ်စုတံတားအထိ အလျားပေ ၁၃၀၀၊ အကျယ် ၁၂ ပေ၊ အနက် ၈ ပေရှိ ကျောက်စီရေမြောင်းပြုလုပ်ခြင်းလုပ်ငန်း၊ ပြည်နယ်ရန်ပုံငွေ ၂၁၆ ဒသမ ၆၃ သန်းဖြင့် ဘားအံမြို့ အမှတ်(၇) ရပ်ကွက်၊ စောစံစီဖိုးလမ်း၊ လမ်းဘေးဝဲ/ယာ တစ်ဖက် ၄ ပေစီ လမ်းသားတိုးချဲ့ခြင်း လုပ်ငန်းအရှည် ၄၀၆၇ ပေနှင့် Box Culvert တိုးချဲ့ခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က မြို့တော်အင်္ဂါရပ်နှင့်ကိုက်ညီမှုရှိရန်၊ ပြည်သူများ စိတ်အေးချမ်းသာစွာ သွားလာနိုင်ရန်၊ ရေစီးရေလာကောင်းမွန်ရန်၊ ယာဉ်အန္တရာယ် / လမ်းအန္တရာယ်ကင်းရှင်းရေး ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်၊ စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရန်၊ တာဝန်ရှိသူအဆင့်ဆင့်က ကြီးကြပ်ဆောင်ရွက်ရန်နှင့်အခြား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၄-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၅၅ | ၂၁၀၀ | ၂၀၉၅ | ၂၀၆၀ | ၂၁၀၀ | ၂၁၂၅ | ၂၁၁၀ | ၂၀၈၅ | ၂၁၈၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၀ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၀ | ၂၃၇၀ | ၂၈၁၀ |
| 95 Ron | ၂၁၄၅ | ၂၁၉၅ | ၂၁၉၅ | ၂၁၅၅ | ၂၁၉၅ | ၂၂၁၅ | ၂၂၀၀ | ၂၁၈၀ | ၂၂၇၅ | ၂၂၉၅ | ၂၁၈၅ | ၂၂၀၀ | ၂၂၃၀ | ၂၂၃၀ | ၂၂၃၅ | ၂၄၆၅ | ၂၈၈၅ |
| HSD (500 ppm) | ၁၉၇၅ | ၂၀၂၅ | ၂၀၂၀ | ၁၉၈၀ | ၂၀၂၀ | ၂၀၄၅ | ၂၀၄၀ | ၂၀၀၅ | ၂၁၂၅ | ၂၁၂၀ | ၂၀၁၅ | ၂၀၂၅ | ၂၀၆၀ | ၂၀၆၀ | ၂၀၆၅ | ၂၂၉၀ | ၃၁၀၀ |
| HSD (50 ppm) | ၂၀၅၅ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၀ | ၂၁၀၀ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၂၀၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၅ | ၂၃၇၀ | ၃၁၃၀ |
| HSD (10 ppm) | ၂၀၅၅ | ၂၁၀၅ | ၂၁၀၀ | ၂၀၆၀ | ၂၁၀၀ | ၂၁၂၅ | ၂၁၂၀ | ၂၀၈၅ | ၂၂၀၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၅ | ၂၃၇၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၄၇ | ၂၀၂၀ |
| 95 Ron | ၂၀၃၇ | ၂၁၁၁ |
| HSD (500 ppm) | ၁၈၇၄ | ၁၉၄၁ |
| HSD (50 ppm) | ၁၉၄၈ | ၂၀၁၆ |
| HSD (10 ppm) | ၁၉၄၈ | ၂၀၁၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၆ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၄)ရာခိုင်နှုန်းရှိ

(၂၂-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၁-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၃,၆၁၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့ အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၄) ရာခိုင်နှုန်းရှိပါသည်။ ယနေ့တွေ့ရှိသော ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ်(၄၆) ဦး အနက် (၁၉) ဦး၊ (၄၁.၃) ရာခိုင်နှုန်းမှာ ပြည်ပမှ ဝင်ရောက်လာသူများအား ဓာတ်ခွဲစစ်ဆေးရာမှ တွေ့ရှိခြင်းဖြစ်ပြီး (၂၇) ဦး၊ (၅၈.၇) ရာခိုင်နှုန်းမှာ ပြည်တွင်းတွင် ကူးစက်ဖြစ်ပွားသူများဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာသစ် တွေ့ရှိမှုအခြေအနေ

(၂၂-၄-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲအတည်ပြုလူနာသစ်တွေ့ရှိမှု | လူနာသစ် (ဦးရေ) | ရာခိုင်နှုန်း |
|---|---|---|
| ပြည်ပမှဝင်ရောက်လာသူများ | (၁၉) ဦး | (၄၁.၃) % |
| ပြည်တွင်းတွင်ကူးစက်ဖြစ်ပွားသူများ | (၂၇) ဦး | (၅၈.၇) % |
| **စုစုပေါင်း** | **(၄၆) ဦး** | **(၁၀၀) %** |

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၂၈၆,၂၀၃) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၁၀၄) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၀) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၆၇၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆) လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေ ကာကွယ်ရေးနည်းလမ်းများကို ဆက်လက် လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ပြန်လည်သက်ဝင်လှုပ်ရှားလာခဲ့တဲ့ ထင်းရှူးမြို့တော်



**ယဉ်လာဒ်**

**ပြည်တွင်း ပြည်ပ ခရီးသွားတွေများစွာ စိတ်ဝင်စားစွာ လာရောက်လည်ပတ်ကြတဲ့ ထင်းရှူးမြို့တော် တစ်နည်းအားဖြင့် Trekking မြို့တော် ကလောမြို့က ယခုလို ပွင့်လင်းရာသီမှာ ပြန်လည်သက်ဝင်လှုပ်ရှားလာနေခဲ့ပါပြီ။ ကလောမြို့ရဲ့ပတ်ဝန်းကျင် တောတောင်သဘာဝရှုခင်းလေးတွေဟာ လှပလွန်းပြီး ထင်းရှူးရနံ့တွေနဲ့ အေးမြတဲ့ တောင်ပေါ်မြို့လေးမို့ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းရှင်တွေနဲ့ ခရီးသွား လည်ပတ်နေသူတွေရဲ့ကြားမှာ စိတ်ဝင်စားခြင်းခံရတဲ့မြို့တော် ဖြစ်လာခဲ့ပါတယ်။**

ကလောမြို့တော်လို့ဆိုလိုက်တာနဲ့ Kalaw Trekking အကြောင်းကိုလည်း မေ့ထားလို့မရပါဘူး။ Trekking ဆိုတာ လမ်းလျှောက်ရုံ၊ တောင်တက်ရုံ သက်သက်လည်း မဟုတ်ပါဘူး။ ဘဝမှာ မမြင်ဖူးတာတွေ သွားကြည့်မယ်။ မစားဖူးတာတွေကို စားကြမယ်။ တိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့တွေကို လေ့လာကြမယ်။ အပန်းလည်းဖြေရင်းနဲ့ ကျန်းမာရေးကို တစ်ပြိုင်နက်တည်း အတူယှဉ်တွဲထားတဲ့ ခရီးသွားခြင်းမျိုးဖြစ်ပါတယ်။

ကလောကနေ တိုင်းရင်းသားတွေ နေထိုင်ကြတဲ့ ကျေးရွာတွေကို သွားရောက်လည်ပတ်ကြတဲ့ Trekking လမ်းကြောင်းများစွာရှိပါတယ်။ တစ်ယောက်နဲ့ တစ်ယောက် Trekking လမ်းကြောင်းရှာဖွေခြင်းကလည်း မတူညီပါဘူး။ ကလောကနေ တိုင်းရင်းသားကျေးရွာတွေကို သွားတဲ့ Trekking လမ်းကြောင်း ၁၁ ကြောင်း ဝန်းကျင်ခန့် ရှိပါတယ်။

ကလောမြို့ကို ရောက်ပြီဆိုရင် ကလောမြို့ရဲ့ အထင်ကရ လည်ပတ်စရာတွေ များစွာရှိပါတယ်။ အဲဒီထဲကမှ ရှန်ဘာလာ view Point၊ City View၊ သိမ်တောင်၊ Hill top Villa၊ မနော့လှ၊ Kalaw View point၊ Kalaw Cafeyard၊ အိုးစည်တောင်၊ ဗျိုက်တောင်၊ ပင်းတယ၊ ရွှာငံ အသွားလမ်း၊ မြင်းမူကုန်းနဲ့ အလွမ်းတောင်စတဲ့ နေရာတွေကတော့ ပြည်တွင်း ခရီးသွား ဧည့်သည်တွေရဲ့ မျက်စိကျစရာနေရာတွေဖြစ်ပြီး သွားလာရအတော်လေး အဆင်ပြေပါတယ်။



ကလောမြို့သို့ လာရောက်လည်ပတ်သူများအား ကလောဘူတာ၌ တွေ့ရစဉ်။

"အများအားဖြင့် နှစ်ယောက်တွဲနဲ့ အုပ်စုလိုက် Trekking လျှောက်ကြတဲ့သူတွေ များကြပါတယ်။ ကလောမှာ လမ်းလျှောက်ပြီး သွားရတဲ့ ရသခံစားမှုကတော့ ခရီးသွားတွေရဲ့စိတ်ထဲမှာ ကျေနပ်နေဆဲရှိနေသေးပါတယ်" ဟု ကလောအခြေစိုက် Trekking ဝန်ဆောင်မှုပေးနေတဲ့ ဒေသခံဧည့်လမ်းညွှန်က စာရေးသူကို ပြောပြပါတယ်။

ပြီးခဲ့တဲ့ ၂၀၂၂ နှစ်စပိုင်းဖြစ်တဲ့ တစ်လပိုင်းကနေ လေးလပိုင်းအထိတော့ ပြည်တွင်းမှာ နေထိုင်ကြတဲ့ နိုင်ငံခြားသားတချို့ ကလောမှာ Trekking လျှောက်ခဲ့ကြတယ်လို့ ဝန်ဆောင်မှုပေးခဲ့တဲ့ ဒေသခံဧည့်လမ်းညွှန်က ပြောပါတယ်။

**မတူညီတဲ့ ရိုးရာဓလေ့ထုံးထမ်းတွေကို ထဲထဲဝင်ဝင် လေ့လာလို့ရတာကတော့ ကလောမြို့ရဲ့ Trekking လျှောက်ခြင်းပါပဲ။ ကလောမြို့ရဲ့ နာမည်ကြီး View Point မှာ လှပတဲ့ တောင်တန်းတွေကို မြင်ရပြီး View Point ကနေ လှမ်းကြည့်ရင် ရွှေမင်းဖုန်းတောင်ကို မြင်ရတဲ့မြင်ကွင်းက လှပပါတယ်**

အများအားဖြင့် ကလောမှာ Trekking လျှောက်ကြတာက ခရီးတိုအချိန်အားဖြင့် သုံးနာရီဝန်းကျင်ခန့်သာ လမ်းလျှောက်ကြပြီး ခရီးသွားအများစုကတော့ ကားနဲ့ ညနေခင်းရှုခင်း ကြည့်လောက်သာ လည်ပတ်လေ့ရှိကြပါတယ်။

"ကျွန်တော်ကတော့ လူတစ်ဦးကို ခရီးတိုဝန်ဆောင်မှုအတွက် လမ်းပြဂိုက်ကြေးအပါ သုံးသောင်းခွဲယူပါတယ်။ View point တွေရဲ့ ဝင်ကြေးကတော့ ဧည့်သည်က ကျခံရပါတယ်" ဟု ဒေသခံဧည့်လမ်းညွှန်က ပြောပါတယ်။

အေးစက်တဲ့လေနုအေး အထိအတွေ့များက ပြင်းရှရှ။ တောထွက်အစားအစာတွေကို စားသုံးရင်းနဲ့မတူညီတဲ့ ရိုးရာဓလေ့ထုံးထမ်းတွေကို ထဲထဲဝင်ဝင် လေ့လာလို့ရတာကတော့ ကလောမြို့ရဲ့ Trekking လျှောက်ခြင်းပါပဲ။ ကလောမြို့ရဲ့ နာမည်ကြီး View Point မှာ လှပတဲ့ တောင်တန်းတွေကို မြင်ရပြီး View Point ကနေ လှမ်းကြည့်ရင် ရွှေမင်းဖုန်းတောင်ကို မြင်ရတဲ့မြင်ကွင်းက လှပပါတယ်။ ကလော View Point ဟာ ကလောကို အလည်အပတ်ရောက်လာတဲ့သူ မှန်သမျှ ရောက်အောင် လာကြတဲ့ နေရာတစ်ခုဆိုရင်လည်း မမှားပါဘူး။

ဒါ့ပြင် ကလောမြို့ရဲ့ ညနေဆည်းဆာအလှကို သိမ်တောင်ပေါ်ကနေကြည့်ရတာက အလွန်ကို လှပလွန်းပါတယ်။ ကလောတစ်မြို့လုံးကို အပေါ်စီးကနေ ကြည့်လို့ရတဲ့ Sightseen တစ်ခုပါ။ ရှုပ်ထွေးလှတဲ့ မြို့ပြကနေ ထွက်ပြေးလာပြီး အေးချမ်းတဲ့ ကလောမြို့လေးမှာ အခုလို ခြေကျင်လျှောက်ရတာကလည်း ဘဝမှာ အမှတ်တရတစ်ခုဖြစ်စေမှာပါ။

ကလောမြို့ရဲ့ သန့်ရှင်းလတ်ဆတ်တဲ့ အောက်ဆီဂျင်ကို ထပ်ပြီး လာရောက်ခံစားဖို့ ဖိတ်ခေါ်ပါတယ်လို့ ဒေသခံဧည့်လမ်းညွှန်တစ်ဦးက ပြောပါတယ်။ လွမ်းမောဖွယ်ရာကောင်းလှတဲ့ တောင်တန်းတွေကြားက ဒယ်အိုးပုံစံ တည်ရှိနေတဲ့ ကလောမြို့တော် တစ်နည်းအားဖြင့် Trekking မြို့တော်ကတော့ ပြည်တွင်းပြည်ပခရီးသွားတွေကြားမှာ အမြဲထင်ရှားကျော်ကြားနေဦးမှာပါပဲ။ ။





ကလောမြို့၏ လည်ပတ်စရာ ခရီးစဉ်နေရာများတွင် Trekking လျှောက်နေသူများ။

# နေပြည်တော်နဲ့အနီးဆုံးမှာရှိတဲ့ ငလိုက်ဆင်စခန်းမှာ အပန်းဖြေကြမယ်

## နေသော်

နေပြည်တော်ကနေ မိနစ် ၃၀လောက် မော်တော်ကားနဲ့ သွားရောက်မယ်ဆိုရင် အပန်းဖြေစရာ သဘာဝ အလှအပတွေ ပြည့်နှက်နေတဲ့ ငလိုက်ဆင်စခန်းသာကို ရောက်ရှိနိုင်ပါတယ်။ ရန်ကုန်-မန္တလေး အမြန်လမ်း မိုင်တိုင် ၂၁၇ မှာ တည်ရှိတာပါ။ နေပြည်တော်ကနေ ပျဉ်းမနား- တောင်ညို လမ်းမ အတိုင်း ၁၆ မိုင်လောက် သွားရင်ပဲဖြစ်ဖြစ်၊ အမြန်လမ်းကနေဖြစ်ဖြစ် သွားရောက်လို့ရပါတယ်။

ငလိုက်ဆင်စခန်းမှာ ဆင်တွေကို အနီးကပ်တွေ့မြင်နိုင်ပြီး ဆင်စာကျွေးမွေးတာ၊ ဆင်ဘူဖေးလှူဒါန်းတာတွေ ပြုလုပ်ရင်း အပန်းဖြေနိုင်ပါတယ်။ ဆင်လိမ္မာလေးတွေရဲ့ ကပြဖျော်ဖြေတာတွေကို ပိတ်ရက်တွေမှာ ကြုံတွေ့ရနိုင်သလို တောတွင်းဆင်စီးမှုအတွေ့အကြုံတွေ၊ ဆင်ဦးစီးတွေရဲ့ နေထိုင်စားသောက်မှုဘဝပုံစံတွေကိုလည်း လေ့လာခွင့်ရနိုင်ပါတယ်။

ဆင်စွယ်ပြတိုက်မှာ ဆင်လေးတွေရဲ့ ဓလေ့သဘာဝအကျင့်စရိုက်တွေ၊ ဖြတ်သန်းမှုတွေ၊ ဆင်တွေနဲ့ လူသားတွေရဲ့ ပတ်သက်ဆက်နွယ်မှုတွေကိုလည်း စိတ်ဝင်တစား လေ့လာကြည့်ရှုလို့ရသလို ရွက်အုပ်ဖြတ်လျှောက်လမ်း၊ တောတွင်းဖြတ်လျှောက်လမ်းနဲ့ ကြိုးတံတားတစ်လျှောက် အနားယူအပန်းဖြေနိုင်ပါတယ်။



ယခုနှစ် နွေကျောင်းပိတ်ရက်တွေမှာ ဆန်းသစ်ထူးခြားမှုအနေနဲ့ကတော့ အေးမြတဲ့ အမြဲစိမ်းစိုနေတဲ့ ထင်းရှူးတောအုပ်လေးရယ်၊ ဦးပိန်တံတားထက်ပိုရှည်တဲ့ သစ်သားတံတားလေးရယ်၊ ချစ်စရာဆင်အက အလှပြပွဲ၊ ဆင်ဝတ်တန်ဆာတွေကို အပြည့်အစုံဝတ်ဆင်ထားတဲ့ ခံ့ညားလှပတဲ့ ဆင်ကလေးတွေရဲ့အပေါ်မှာ ဓာတ်ပုံရိုက်ကူးတာတွေအပြင် ခြေထောက်သုံးချောင်းထောက်ဆွေသော်ကြီးရဲ့ ထူးခြားမှုတွေကိုလည်း လေ့လာနိုင်ပါတယ်လို့ ငလိုက်ဆင်စခန်း တာဝန်ရှိသူများထံက သိရပါတယ်။

ဆည်ရေပြင် အလှအပတွေကို ခံစားရင်း ကုန်ကျစရိတ်သက်သာစွာ စားသုံးနိုင်မယ့် စားသောက်ဆိုင်တဲလေးတွေကလည်း ခရီးသွားတွေကို ဆွဲဆောင်စေပါတယ်။ ကုန်ကျစရိတ် သက်သက်သာသာနဲ့ သဘာဝအလှအပတွေကို တစ်ဝကြီးခံစားရင်း တစ်နေ့တာ အပန်းဖြေဖို့အတွက်တော့ ငလိုက်ဆင်စခန်းကို ရွေးချယ်လိုက်ပါတော့လို့ အကြံပြုလိုက်ပါရစေ။ ။







# နွေရာသီအပူရှိန်မြင့်မားမှုကြောင့် ရှမ်းရွာသစ်မြို့ပရေကြေတိုရေတံခွန်သို့ ခရီးသွားပြည်သူ ၁၀၀၀ ခန့် နေ့စဉ်လာရောက် ရေကစားအပန်းဖြေ

**ရှမ်းရွာသစ် ဧပြီ ၂၂**

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့ရှိ ပရေကြေတိုရေတံခွန်သို့ အနယ်နယ်အရပ်ရပ်မှ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လျက်ရှိရာ နွေရာသီကာလတွင် ရာသီဥတုအပူရှိန် မြင့်မားမှုကြောင့် အပူရှောင်သည့် ခရီးသွားပြည်သူ ၁၀၀၀ ကျော်ခန့် နေ့စဉ်လာရောက် အပန်းဖြေရေကစားလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့က လှိုင်းဘွဲမြို့ကနေ မိသားစုလိုက်အပန်းဖြေလာရောက်ပြီး ရေကစားကြတာပါ။ အခုအချိန်မှာ နွေရာသီကာလဖြစ်တဲ့အတွက် အပူရှိန်အလွန်မြင့်တာကြောင့် အပူရှောင်တဲ့အနေနဲ့ လာရောက်အပန်းဖြေ ရေကစားတာ ဖြစ်ပါတယ်။ ရေတံခွန်မှာ ကျွန်တော်တို့သာမက တခြားဒေသတွေက ခရီးသွားဧည့်သည်တွေ လာရောက်အပန်းဖြေနေကြတာတွေလည်း ရှိပါတယ်။ နေ့စဉ်လူဦးရေ ၁၀၀၀ ကျော်ခန့် လာရောက်တာကိုလည်း သိရပါတယ်။ ပရေကြေတို ရေတံခွန်ဟာဆိုရင် ကရင်ပြည်နယ်ရဲ့ အထင်ကရနေရာတစ်ခု ဖြစ်တာကြောင့် ကရင်ပြည်နယ်အတွက်လည်း အများကြီးဂုဏ်ယူပါတယ်။ အပူရှောင်လိုသူတွေအနေနဲ့လည်း တောတောင်တွေကြားမှ သာယာလှပအေးချမ်းတဲ့ ပရေကြေတိုရေတံခွန်ကို လာရောက်ပြီး အပန်းဖြေအနားယူကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်"ဟု အပန်းဖြေလာရောက်သည့် ခရီးသွား ပြည်သူတစ်ဦးက ပြောသည်။



ပရေကြေတို ရေတံခွန်သည် ရှမ်းရွာသစ်မြို့ မဲသမူးကျေးရွာအုပ်စု ပရေကြေထကျေးရွာ၌ တည်ရှိပြီး ရှမ်းရွာသစ်မြို့မှ သုံးမိုင်ခန့်ကွာဝေးသော ကျောက်ထပ် ရှစ်ဆင့်ရှိ တောင်ကုန်း၊ တောင်တန်းများကြားမှ အေးမြကြည်လင်နေသော ရေများဖြင့် သဘာဝအတိုင်းဖြစ်ပေါ်နေသော ရေတံခွန်တစ်ခုလည်းဖြစ်သည်။ ထို့ပြင် ကရင်ပြည်နယ်အတွင်းရှိ ထင်ရှားသည့် ရေတံခွန်တစ်ခုလည်းဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ ယာဉ်ကြီး၊ ယာဉ်ငယ်များဖြင့် အဖွဲ့လိုက် နေ့စဉ်လာရောက် အပန်းဖြေရေကစားကြကြောင်း၊ ရေတံခွန်တစ်လျှောက် ရေကူးကြသူများ၊ အရိပ်ရသစ်ပင်အောက်များ၌ အပန်းဖြေအနားယူကြသူများ၊ ဓာတ်ပုံရိုက်သူများဖြင့် နေ့စဉ်စည်ကားလျက်ရှိကြောင်း သိရသည်။

ဇင်လေး(ပြန်/ဆက်)

# မကွေးမြို့၌ ကဆုန်ညောင်ရေသွန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲစည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**မကွေး ဧပြီ ၂၂**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ကြီးမှူးကျင်းပမည့် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ကဆုန်လပြည့်နေ့တွင် မကွေးမြို့ မြသလွန်ဘုရားပွဲတော်ကွင်း၌ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် တက်ရောက်သည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယခင်နှစ်များက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ဆရာတော်၊ သံဃာတော်များ သီတင်းသုံးရာ ဘုန်းတော်ကြီးကျောင်းများအရောက် ဆွမ်းဆန်တော်များသွားရောက်လှူဒါန်းခဲ့ရပြီး ယခုနှစ်တွင် မကွေးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၉၆ ကျောင်းနှင့် စာသင်တိုက်အသီးသီးမှ သံဃာတော်အပါး ၁၀၀၀ ကျော်ကို လောင်းလှူသွားမည်ဖြစ်၍ ကဆုန်ညောင်ရေသွန်းပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယခင်နှစ်များထက် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယခုနှစ် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မကွေးမြို့ မြသလွန်ဘုရားပွဲတော်ကွင်း၌ ကျင်းပဆောင်ရွက်သွားမည်ဖြစ်သဖြင့် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးသန်းဆွေဝင်းနှင့် တာဝန်ရှိသူများက ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားရှိမှု အခြေအနေများနှင့် လုပ်ငန်းတာဝန်များအား ရှင်းလင်းတင်ပြခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



အဆိုပါ ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို မကွေးတိုင်းဒေသကြီး ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပရေးဦးစီးကော်မတီမှ ကြီးမှူး၍ ဌာနဆိုင်ရာများ၊ မြို့ပေါ်ရပ်ကွက်များမှ စေတနာရှင် အလှူရှင်များ ပူးပေါင်းကာ ၁၃၈၅ ခု၊ ကဆုန်လပြည့်၊ မေ ၃ ရက် နံနက်ပိုင်းတွင် မကွေးမြို့ မြသလွန်ဘုရားပွဲတော်ကွင်းပြင်၌ မကွေးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၉၆ ကျောင်းနှင့် စာသင်တိုက်အသီးသီးမှ သံဃာတော်အပါး ၁၀၀၀ ကျော်အား ဆွမ်းဆန်စိမ်းလောင်းလှူသွားမည်ဖြစ်ကြောင်းနှင့် ညနေပိုင်းတွင် နှစ်စဉ် ရိုးရာမပျက် ကဆုန်ညောင်ရေသွန်းပွဲကို မကွေးမြသလွန်ရင်ပြင်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ညီညာ**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့ ဧက ၁၀၀ စံပြစိုက်ကွက်အတွင်း သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) ထယ်ထိုးမြှုပ်နှံခြင်း တောင်သူအသိပညာပေး ကွင်းသရုပ်ပြပွဲနှင့် မျိုးစေ့သန့်စင်စက်ဖွင့်ပွဲတက်ရောက်

**မြစ်ကြီးနား ဧပြီ ၂၂**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်အတွင်းရှိ ဧက ၁၀၀ စံပြ စိုက်ကွက်အတွင်း သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) ထယ်ထိုးမြှုပ်နှံခြင်း တောင်သူအသိပညာပေး ကွင်းသရုပ်ပြပွဲကို ဧပြီ ၂၂ ရက် နံနက် ၁၀ နာရီက အဆိုပါစံပြစိုက်ကွက်ရှိ ပိုက်ဆံလျှော်စိုက်ခင်း၌ကျင်းပရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်သည်။ **(ယာပုံ)**



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဧက ၁၀၀ စံပြ စိုက်ကွက်အား တစ်နှစ်ပတ်လုံး သီးထပ်သီးနှံများဖြင့် သန့်ရှင်းသာယာလှပသော ပြည်နယ်၏ စံပြစိုက်ကွက် ဧရိယာတစ်ခုဖြစ်ပေါ်လာစေရေး ပြောကြားပြီး သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်)ပင်များကိုထယ်ထိုးမြှုပ်နှံခြင်းကွင်းသရုပ်ပြသမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် အဆိုပါ စံပြ စိုက်ကွက်အတွင်း ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု ဦးစီးဌာနမှ အကျိုးပြုစိုက်ဧက ၁၅ ဧကအတွက် ဆိုလာစနစ်ဖြင့် စက်ရေတွင်းတူးဖော်၍ ရေလွှတ်တင်နိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဧက ၁၀၀ စံပြ စိုက်ကွက်အတွင်း ဆောင်းသီးထပ်သီးနှံအတွက် စိုက်ပျိုးရေလုံလောက်မှုရှိစေရေး စက်ရေတွင်းပေါင်း ကိုးတွင်း တူးဖော်ထားရှိမှုနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ထိုမှတစ်ဆင့် မြစ်ကြီးနားခရိုင် စိုက်ပျိုးရေးဦးစီးဌာနဝင်း အတွင်း စိုက်ပျိုးရေးဦးစီးဌာန၏ မျိုးကောင်းမျိုးစေ့ သန့်စင်စက်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီးနှင့် ပြည်နယ် ဦးစီးမှူးတို့က မျိုးစေ့သန့်စင်စက်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်က မျိုးစေ့သန့်စင်စက် စတင်လည်ပတ်နိုင်ရေး စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးပြီး မျိုးစေ့သန့်စင်စက် လည်ပတ်ထုတ်လုပ်နိုင်မှု အခြေအနေများနှင့် အကျိုးဖြစ်ထွန်းမှု အခြေအနေများ ပြသထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အဆိုပါရုံးဝင်း အတွင်း သီးထပ်တိုးချဲ့ စိုက်ပျိုးနိုင်ရေး အကျိုးဆောင်တောင်သူများနှင့် တွေ့ဆုံပွဲကို ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ရသေ့တောင်မြို့ပေါ် သောက်သုံးရေရရှိရေး ကွင်းဆင်းကြည့်ရှုစစ်ဆေး

**စစ်တွေ ဧပြီ ၂၂**

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းက စစ်တွေခရိုင် ရသေ့တောင်မြို့ သောက်သုံးရေရရှိရေး၊ မြို့နယ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရသေ့တောင်မြို့ အလိုတော်ပြည့် ဘုန်းတော်ကြီးကျောင်းတွင် အလိုတော်ပြည့် ဆရာတော်ကြီးအား သွားရောက်ဖူးမြော်ကာ လှူဖွယ်ဝတ္ထုများ ဆက်ကပ် လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရသေ့တောင်မြို့ ပြည်သူများ သုံးစွဲလျက်ရှိသည့် ကန်တော်ကြီးရေကန်၊ တောင်လုမော်ကျေးရွာရှိ ဘက်စုံစံပြ ငါးကန်နှင့် စေတီတောင်ရပ်ကွက် ရေပေးဝေနေမှု၊ ချောင်းဝရပ်ကွက်ရှိမင်းကန်နှင့်ရှေ့မြောက်ရပ်ကွက်ရှိ ပြည်တော်သာ သောက်သုံးရေကန်များတွင် ရေသိုလောင်ဖြန့်ဝေပေးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ထို့နောက် ရသေ့တောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့မိ၊ မြို့ဖများက ရသေ့တောင်မြို့ပေါ် သောက်သုံးရေရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ရသေ့တောင်မြို့တွင် ရေလေလွင့်မှုများမရှိစေရေး၊ စည်းကမ်းမဲ့ ရေပိုက်လိုင်းသွယ်တန်းမှုများ မရှိစေရေး၊ မြို့သန့်ရှင်းသာယာလှပရေးအတွက် မြို့နေလူထုကပါ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများနှင့် ဒေသခံပြည်သူများအားလုံးက စည်းစည်းလုံးလုံးဖြင့် ပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ထောက်ပံ့ငွေများပေးအပ်ရာ မြို့မိ၊ မြို့ဖများက လက်ခံခဲ့ကြောင်း သိရသည်။

ဝင်းမင်းစိုး(ပြန်/ဆက်)

# ဘားအံမြို့၌ ၂၀၂၃-၂၀၂၄ စီမံကိန်းလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်နိုင်ရေး ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကျင်းပ

**ဘားအံ ဧပြီ ၂၂**

ကရင်ပြည်နယ် ဘားအံခရိုင်၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဘားအံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ရှေးဦးစွာ ဘားအံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်လွင်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ဘားအံခရိုင်၏ စီပွားရေးမျှော်မှန်းချက်အနေဖြင့် စုစုပေါင်း ထုတ်လုပ်မှုဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ) မှာ နှစ်အလိုက် ဈေးနှုန်းအရ ငွေကျပ် ၁၃၅၂ ဒသမ ၂ ဘီလီယံ အကောင်အထည်ဖော်ရန်နှင့် ပုံမှန်ဈေးနှုန်းအရ ၄ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ရန် ရည်မှန်းထားပါကြောင်း၊ ဘားအံခရိုင်၌ လူတစ်ဦးစီ၏ ပျမ်းမျှထုတ်လုပ်မှု၊ ဝန်ဆောင်မှုတန်ဖိုးနှစ်အလိုက် ဈေးနှုန်းအရ ၁၈၇၅၄၈၇ ကျပ် ဖြစ်ပေါ်လာရန် ရည်မှန်းထားပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒေသန္တရစီမံကိန်း ရည်မှန်းချက်တာဝန်များ ပေးအပ်ရာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ခရိုင်အဆင့် ဌာနဆိုင်ရာများ ကိုယ်စား ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဦးစီးမှူးအားလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု လျာထားချက်များ တာဝန်ပေးအပ်ရာတွင် ခရိုင် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ဦးစီးမှူးအားလည်းကောင်း၊ မြို့နယ်အဆင့် ရည်မှန်းချက်တာဝန်များ ပေးအပ်ရာတွင် ဘားအံမြို့နယ်နှင့် လှိုင်းဘွဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများအားလည်းကောင်း ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ပြန်/ဆက်)**

## နတ်မောက်မြို့နယ်၌ နှမ်းစပါး ၁၆၃၁ ကေကျော် စိုက်ပျိုးပြီးစီး

**နတ်မောက် မေ ၂၂**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်ရှိ ကျေးလက်နေပြည်သူများသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် လျာထားချက် ၁၁၃၆ ကေရှိပြီး ယခုအချိန်တွင် နွေစပါးစိုက်ကေ ၁၆၃၁ ကေအထိ စိုက်ပျိုးပြီးစီးနေပြီဖြစ်၍ လျာထားချက်ထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



နတ်မောက်မြို့နယ်၌ ဆင်းသုခစပါးအမျိုးအစားကို အဓိကထားစိုက်ပျိုးကြပြီး စပါးမျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်စိုက်ကွက်များ၊ ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကွက်၊ စံပြကျေးရွာများကို ဖော်ဆောင်၍ စိုက်ပျိုးထားခြင်း၊ မျိုးစေ့ချကိရိယာနှင့် ကောက်စိုက်စက်ဖြင့် စနစ်တကျစိုက်ပျိုးခြင်း၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက တောင်သူများ စားနပ်ရိက္ခာဖူလုံရေး၊ ဝင်ငွေများ တိုးပွားလာစေရေးနှင့် စိုက်ပျိုးထုတ်လုပ်မှု အရည်အသွေးကောင်းမွန်ကာ ပြည်ပဈေးကွက်များသို့ တိုးချဲ့လာနိုင်စေရန်အတွက် စိုက်ပျိုးရေးနည်းပညာများကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

နွေစပါးစိုက်ပျိုးနိုင်မှုမှာ အစိုးရဆည်ငယ်၊ ကန်ငယ်များဖြစ်သည့် နတ်မောက်ရေလှောင်တမံမှ ဆည်ရေသောက်ဧရိယာ ကေ ၃၀၀၊ ကျောက်တံခါးဆည်မှ ရေသောက်ဧရိယာ ကေ ၁၁၀၀၊ ဆည်ငယ်၊ ကန်ငယ်သောက်ဧရိယာ ကေ ၂၃၁ စုစုပေါင်း ၁၆၃၁ ကေ စိုက်ပျိုးနိုင်ခြင်း ဖြစ်သည်။

**လှဝင်း**

## ညောင်ဦးမြို့နယ်၌ နွေရာသီတွင် နွားစာရှားပါးမှုမဖြစ်စေရန် နေပီယာမြက်ကို တောင်သူများ စိုက်ပျိုးမှုများလာ

**ညောင်ဦး မေ ၂၂**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်အတွင်းရှိကျေးလက်တောင်သူများသည် နွေရာသီကာလတွင် နွားစာမြက်ရှားပါးမှု မဖြစ်စေရန်အတွက် နေပီယာမြက်စိုက်ပျိုးမှုများလာပြီး နွားစာရှားပါးမှုကို တစ်ထောင့်တစ်နေရာမှ ဖြေရှင်းနိုင်ပြီဖြစ်ကြောင်း နတ်ကြီးအိုင်ကျေးရွာမှ နေပီယာမြက် စိုက်ပျိုးထားသည့် တောင်သူဦးမင်းလှိုင်ထံမှ သိရသည်။

ညောင်ဦးမြို့နယ်၌ နွားစာမြက်ရှားပါးခြင်းကို နှစ်စဉ်နှစ်တိုင်းကြုံတွေ့ခဲ့ပြီး ဆောင်းဦးပေါက်ချိန်မှစ၍ နွေရာသီတစ်လျှောက်လုံး နွားစာမြက်ရှားပါးလေ့ရှိရာ ဒေသတွင်းပေါက်ရောက်သော အပင်များဖြစ်သည့် တမာပင်၊ ကုက္ကိုပင်၊ပင်းခံပင်၊ဖက်ဝန်းပင်၊ညောင်ပင်၊ ရှားပင်မှ ရှားရွက်၊ ရှားသီး၊ ထနောင်းရွက်၊ ထနောင်းသီးများကို မြေပဲရိုးမှော်နှင့်လည်းကောင်း၊ ပဲစင်ငုံမှော်နှင့်လည်းကောင်း၊ ပြောင်းရိုးခြောက်နှင့်ရောစပ်၍လည်းကောင်း ကျွေးကာ နွားစာရှားပါးမှုကို နှစ်စဉ်နှစ်တိုင်းဖြေရှင်းခဲ့ရကြောင်း၊ ထန်းသီးပေါ်ချိန်တွင် ထန်းသီး၊ ထန်းနို့ပေါ်ချိန်ထန်းနို့တို့ဖြင့် ရောကျွေးခြင်းများလည်းရှိခဲ့ကြောင်း နတ်ကြီးအိုင်ကျေးရွာနေဦးတင်ဆောင်က နွားစာမြက်ရှားပါးစဉ်က အကြောင်းများကို ပြောပြသည်။

ယခုအခါ ညောင်ဦးမြို့နယ်မှ ကျေးလက်တောင်သူများသည် နွားစာမြက်ရှားပါးမှုကို ဖြေရှင်းနိုင်ရန် နေပီယာမြက်များ စိုက်ပျိုးခဲ့ရာ မြက်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေကြောင်း၊ နေပီယာမြက်စတင်စိုက်ပျိုးရန် မျိုးများကို ပလင်းကမ်းသာယာဆင်စခန်းမှ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း၊ နေပီယာမြက်သည် ရာသီဥတုမှုပြင်းဒဏ်ကို ခံနိုင်ပြီး စိုစွတ်သည့်ရာသီဥတုလည်းကြိုက်ကြောင်း သိရသည်။

နေပီယာမြက်ကို ဆင်များ၊ နွားများ၊ ဝက်များ၊ ဆိတ်များ ကြိုက်ကြပြီး နုပ်နုပ်စဉ်း၍ ငါးမွေးကန်များထဲရှိ ငါးများကိုလည်း အသားတိုးရန်အတွက် ကျွေးမွေးနိုင်ကြောင်း၊ နေပီယာမြက်သည် တိရစ္ဆာန်များအတွက် အာဟာရဖြစ်ကာ အသားတိုးနှုန်းမြန်ခြင်းကြောင့် ကျေးလက်တောင်သူတိုင်းစိုက်ပျိုးပြီး ကျွေးသင့်၍ နေပီယာမြက် အဆစ်တစ်ဆစ်စိုက်ပျိုးလျှင် အရွယ်ရောက်နေပီယာမြက်တစ်ပင်လျှင် အပင်ပွားဆယ်ပင်မှ အပင်လေးဆယ်အထိပွားများပြီး အမြင့် ၁၀ ပေမှ ၁၄ ပေအထိ မြင့်မားကြောင်း သိရသည်။

အညာဒေသ ညောင်ဦးမြို့နယ်မှ ကျေးလက်တောင်သူများအနေဖြင့် တိရစ္ဆာန်အစာဖြစ်သော နေပီယာမြက်ကို စတင်စိုက်ပျိုးပြီးနောက် စိုက်ပျိုးသည့် တောင်သူများအနေဖြင့် နွားစာမြက်ကို လုံလောက်စွာ ရရှိနေကြပြီး တောင်သူတိုင်းစိုက်ပျိုးထားသင့်သည့် မြက်မျိုးဖြစ်ကြောင်း တောင်သူများက ပြောကြားလျက်ရှိသည်။

**ဒီပါလင်း**

## ကြက်သွန်ခင်းများအတွင်း သီးညှပ်စိုက်ပျိုးထားသည့် ကြက်တူရွေးပဲသီးများ ဈေးကောင်းရ

**ညောင်ဦး မေ ၂၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည်ပတ်ဝန်းကျင်ကျေးရွာများ၌ ကြက်သွန်စိုက်ပျိုးချိန်က သီးထပ်သီးညှပ်စိုက်ပျိုးထားသော ကြက်တူရွေးပဲသီးများ ပေါ်ချိန်တွင် ဈေးကောင်းရရှိနေခြင်းကြောင့် တောင်သူများ အဆင်ပြေနေကြကြောင်း ကျောက်ပန်းတောင်းမြို့နယ် လဲဂွကျေးရွာမှ တောင်သူအချို့ထံမှ သိရသည်။

ကျောက်ပန်းတောင်းမြို့နယ် ကြက်မောက်တောင်ဆည် ပတ်ဝန်းကျင် ကျေးရွာအများစုသည် ကြက်သွန်နီစိုက်ပျိုးပြီး နှစ်လခန့်အကြာတွင် ကြက်သွန်ခင်းပေါင်များပေါ်၌ ကြက်တူရွေးပဲများ တစ်ပေခြား စိုက်ပျိုးထားကာ ကြက်သွန်ရေလောင်းချိန်တွင် ကြက်သွန်ကိုသာ ဦးစားပေးရေလောင်းကြကြောင်း၊ ကြက်သွန်နုတ်ပြီးချိန်မှသာ သီးညှပ်စိုက်ပျိုးထားသည့် ပဲပင်များကို ပေါင်များပြန်လည်ပြုပြင်၍ ရေလောင်း၊ မြေဩဇာကျွေးကြကြောင်း သိရသည်။ ကြက်သွန်များဖြစ်ထွန်းချိန် ပဲပင်များကို ရေလောင်းပါက ပဲပင်ကြောင့် ကြက်သွန်ပင်များ အပင်ရှုပ်ပြီး ကြက်သွန်အထွက်နှုန်းထိခိုက်နိုင်သဖြင့် ကြက်သွန်နုတ်သိမ်းပြီးချိန်မှသာ ရေများများလောင်းကာ ပဲပင်အမြန်ကြီးထွားစေပြီး အပွင့်ပွင့် အသီးသီးအောင်ရစိုက်ရကြောင်း၊ ကြက်တူရွေးပဲများကို သီပွံပဲဟုလည်း ခေါ်ဆိုကြောင်းအသီးစပေါ်ချိန်တွင် တစ်ပိဿာ ကျပ် ၁၈၀၀ အထိဈေးရရှိပြီး ကြက်တူရွေးပဲသီးများ လှိုင်လှိုင်ပေါ်ချိန်တွင် တစ်ပိဿာ ကျပ် ၂၀၀၀ အထိဈေးရရှိခြင်းကြောင့် သီးထပ်သီးညှပ် စိုက်ပျိုးသည့် တောင်သူများ အဆင်ပြေကြကြောင်း မုန့်ကုန်းကျေးရွာ ဦးနေမျိုးထွန်းက ရှင်းပြသည်။

ကျောက်ပန်းတောင်းမြို့နယ်၌ လဲဂွ၊ ညောင်ဖြူပင်၊ လက်ပံအိုင်၊ ကုန်းတဲ၊ ဆပ်ပြာကျင်း၊ မုန့်ကုန်း၊ အမှတ်သုံး၊ အမှတ်လေး၊ ကင်းမွန်းမြို့၊ မကျီးတိုင်၊ စည်ပင်သာကျေးရွာများသည် ဆောင်းကြက်သွန်ကို အမြောက်အမြားစိုက်ပျိုးကြကာ ကြက်တူရွေးပဲကို သီးညှပ်အဖြစ်စိုက်ပျိုးကြပြီး ထွက်ရှိလာသည့် ကြက်တူရွေးပဲများကို ကျောက်ပန်းတောင်းမြို့ဈေးသို့ အခင်းရှင်ကိုယ်တိုင် သွားရောက်ရောင်းချပြီး ပွဲရုံစားများကလည်း လာရောက်ဝယ်ယူကြကြောင်း၊ ကြက်တူရွေးပဲသီးများပေါ်ချိန်တွင် နှစ်ရက်တစ်ခါ ဆွတ်ခူးပေးရကာ ကြက်တူရွေးပဲသည် နုတ်သိမ်းပြီးချိန်တွင် ပဲနွယ်များကိုလည်း နွားစာအဖြစ် အသုံးပြုနိုင်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ဆိပ်ဖြူမြို့နယ်၌ နွေသီးနှံများအောင်မြင်စေရန် ဆည်တမံနှစ်ခုမှ စိုက်ပျိုးရေပေး

**ဆိပ်ဖြူ မေ ၂၂**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာနက မြို့နယ်အတွင်းရှိ နွေစပါးနှင့် ဆီထွက်သီးနှံ စိုက်ပျိုးကေ ၁၀၀ ကျော်အတွက် နွေသီးနှံစိုက်ပျိုးတောင်သူများ စိုက်ပျိုးရေပြည့်ဝစွာရရှိစေရန် ဆည်တမံနှစ်ခုမှ ရေများဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ဆိပ်ဖြူမြို့နယ်၌ နွေသီးနှံများအဖြစ် နွေစပါး၊ ဆီထွက်သီးနှံများဖြစ်သည့် နှမ်းနှင့် ပဲတီစိမ်းတို့ကို ဒေသခံတောင်သူများက ရေရရှိရေးနည်းလမ်းအမျိုးမျိုးဖြင့် စိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံ နှမ်းနှင့် ပဲတီစိမ်းစိုက်ခင်းများမှာ အောင်မြင်ထွန်းလျက်ရှိပြီး နွေစပါးများကို ပျိုးထောင်စိုက်ပျိုးလျက်ရှိသည်။

မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲမှုဦးစီးဌာနက နွေသီးနှံစိုက်ပျိုးမှုအတွက် ဆည်တမံနှစ်ခုဖြစ်သည့် ဝန်လိုတမံနှင့် ဝန်ချောင်းတမံတို့မှ ရေများကို နွေစပါး ၄၁ ကေ၊ နှမ်း ၄၄ ကေနှင့် နှမ်း ၂၆ ဒသမ ၅ ကေသို့ ဖြန့်ဝေပေးလျက်ရှိပြီး စိုက်ပျိုးရေလေလွင့်မှုမရှိစေရန်အတွက် ဆည်တမံများ၊ ရေပေးမြောင်းများကို မြောင်းမှ အုတ်စီရေမြောင်းများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိသည်။ ဆိပ်ဖြူမြို့နယ်၌ ယခုနှစ် နွေသီးနှံများအဖြစ် နွေစပါး ၁၃၅ ကေ၊ နှမ်း ၁၈၄ ကေ၊ နှမ်း ၅၇ ကေ စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ကိုဇွဲ(အညာမြေ)**

## ကသာ၌ နေပူရှိန်ပြင်းနေသဖြင့် မြေပဲဆွတ်ခူးသူများ လုပ်ငန်းမတွင်ကျယ်ဖြစ်နေ

**ကသာ မေ ၂၂**

ကသာမြို့နယ် အရှေ့ဘက်ရှိ ဧရာဝတီမြစ်ရေကျရာ မြေနုကျွန်းများပေါ်မှ မြေပဲစိုက်ခင်းများတွင် မြေပဲဆွတ်ခူးသည့် နေ့စားအလုပ်သမားများအနေဖြင့် ယခုလအတွင်း နေပူရှိန်ပြင်းလွန်းသောကြောင့် လုပ်ငန်းမတွင်ကျယ်ဘဲ တွက်ခြေမကိုက်ဖြစ်နေကြကြောင်း သိရသည်။



“နေက အလွန်ပူပြင်းတယ်၊ သဲနုန်းမြေနဖြစ်တော့ မြေကြီးကလည်းပူတယ်။ မြေပဲပင်တွေလည်း နေပူဒဏ်ကြောင့် အပင်ခြောက်ပြီး ပျော့လာလို့ မြေပဲခြွေချိန်မှာ တစ်ခါတည်း ခြွေရမယ့်အစား နှစ်ကြိမ် သုံးကြိမ်လောက်ခြွေရတော့ မြေပဲတစ်တင်းရဖို့ အချိန်အများကြီးပေးရလို့ မနက်/ညနေ သုံးတင်းလောက်ရအောင် မနည်းအားစိုက်ရတယ်။ မြေပဲခြွေပြီးသားတစ်တင်းကို ကျပ် ၂၀၀၀ ရတော့ တစ်နေ့သုံးတင်း အနည်းဆုံးရမှ ကျပ် ၆၀၀၀ ရမယ်။ တွက်ခြေမကိုက်ပေမယ့် အလုပ်ဖြစ်အောင် လုပ်ကိုင်နေရတယ်” ဟု မြေပဲဆွတ်ခူးသူတစ်ဦးက ပြောသည်။

ကသာမြို့နယ်မှ တောင်သူများသည် ဧရာဝတီမြစ် မြစ်ရေကျဆင်းချိန်မှစ၍ ဆောင်းမြေပဲအပါအဝင် အခြားသီးနှံများကို သဲသောင်မြေနုကျွန်းပေါ်တွင် စိုက်ပျိုးကြသည်။ ရာသီပေါ်သီးနှံဖြစ်သော ဖရဲ၊ သခွား၊ ဖရုံ၊ ရှောက်၊ ဂေါ်ဖီထုပ်၊ ပန်းမုန်လာ၊ မုန်လာဥ၊ ကန်စွန်းဥ၊ ပြောင်းဖူးတို့ကိုလည်း စိုက်ပျိုးကြကာ ဆီထွက်မြေပဲကိုမူ အဓိကထားစိုက်ပျိုးကြသည်။

စိုက်ပျိုးသီးနှံများအနက် ငွေလုံငွေရင်း ရရှိနိုင်သော ဖရဲသီးနှင့် မြေပဲတို့ကို အဝယ်ပွဲရုံများထံမှ ကြိုတင်ငွေယူနစ်ဖြင့် စိုက်ပျိုးကြပြီး ဖရဲသီးနှင့် မြေပဲ မပေါ်သေးသည့် အချိန်များတွင် စားဝတ်နေရေးနှင့် လူမှုရေးအတွက် အခြားသီးနှံပင်များကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးလုပ်ကိုင်ကြသည်။ အလုပ်အကိုင်အခွင့်အလမ်း ရှာဖွေသူများအတွက်လည်း စိုက်ပျိုးချိန် ပေါင်းရှင်းချိန် ခူးဆွတ်ချိန်များတွင် အလုပ်ရရှိကြကာ ယခုနှစ်တွင်မူ မြေပဲဆွတ်ခူးချိန်တွင် အပူချိန်မြင့်လွန်းသဖြင့် မြေပဲဆွတ်လုပ်သားများ အဆင်မပြေဖြစ်နေကြခြင်းဖြစ်ကြောင်း သိရသည်။

**ငွေအိုး**
**(ကသာ)**

# စက်သုံးဆီများ အလွယ်တကူဝယ်ယူရရှိရေးအတွက် Google Sheet အသုံးပြု၍ စက်သုံးဆီလျှောက်ထားရာတွင် တိကျမှန်ကန်စွာ လျှောက်ထားရန်ဆွေးနွေး

**ရန်ကုန် ဧပြီ ၂၂**

ကုန်ထုတ်လုပ်ငန်းများနှင့် ကုန်ထုတ်လုပ်မှု အထောက်အကူပြုလုပ်ငန်းများ စက်သုံးဆီလွယ်ကူစွာ ဝယ်ယူရရှိနိုင်ရေးအတွက် စက်မှုဇုန်အတွင်းနှင့် စက်မှုဇုန်ပြင်ပရှိ စက်ရုံ၊ အလုပ်ရုံများမှ စက်သုံးဆီလျှောက်ထားမှုများကို စက်မှုဇုန်အတွင်းရှိ စက်ရုံများအတွက် သက်ဆိုင်ရာစက်မှုဇုန်များမှ စုစည်း၍လည်းကောင်း၊ စက်မှုဇုန်ပြင်ပရှိစက်ရုံများအတွက် သက်ဆိုင်ရာအသင်းများ စုစည်း၍လည်းကောင်း လျှောက်ထားလျက်ရှိသည်။



ယင်းသို့လျှောက်ထားရာတွင် ပိုမိုလွယ်ကူမြန်ဆန်စေရေးအတွက် Google Sheet အသုံးပြု၍သာ လျှောက်ထားရမည်ဖြစ်ပြီး Google Sheet တွင်ဖြည့်စွက်ပုံနည်းလမ်းအဆင့်ဆင့် ရှင်းလင်းဆွေးနွေးပွဲကို ဧပြီ ၂၁ ရက်တွင် ကုန်သည်စက်မှုအသင်းချုပ်ရုံး၌ ကျင်းပသည်။ **(ယာပုံ)**

ဆွေးနွေးပွဲတွင် ကုန်သွယ်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးမိုးမြင့်က စက်သုံးဆီလျှောက်ထားရာတွင် ကြုံတွေ့နေရသည့် အခက်အခဲများ လျော့နည်းပပျောက်စေရေးအတွက် ယနေ့ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားပြုလုပ်ရခြင်းဖြစ်ကြောင်း၊ စက်သုံးဆီဈေးနှုန်း ကွာဟချက်များကြောင့် စက်မှုဇုန်များအတွက် နစ်နာမှုများကို လျှော့ချနိုင်ရေး မတ်လ စတုတ္ထပတ်မှစတင်၍ အစည်းအဝေးများပြုလုပ်ခဲ့ပြီး စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုဆွေးနွေးပွဲတွင် ရှင်းလင်းဆွေးနွေးပေးသည့် ပုံစံအတိုင်း တိကျမှန်ကန်စွာ လျှောက်ထားပေးစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ကုန်သည်စက်မှုအသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဒေါ်ခိုင်ခိုင်နွယ်က လျှောက်ထားရမည့် Google Sheet တွင် တိကျမှန်ကန်စွာ ဖြည့်သွင်းပေးစေလိုကြောင်း၊ ဇုန်ပြင်ပမှ လျှောက်ထားမည့် စီးပွားရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း (MIA) တွင် မိမိတို့၏ သက်ဆိုင်ရာအသင်း ထောက်ခံချက်ဖြင့် လျှောက်ထားရမည်ဖြစ်ပါကြောင်း၊ Google Sheet မပို့ခင်တွင်လည်း အချက်အလက်များ မှန်ကန်စေရန် ပြန်လည်စစ်ဆေးပေးစေလိုကြောင်း၊ အားလုံးပူးပေါင်းပါဝင်၍ ကြိုးစားဆောင်ရွက်မည်ဆိုပါက အကောင်အထည်ဖော်ဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ယင်းနောက် Google Sheet အသုံးပြု၍ စက်သုံးဆီ လျှောက်ထားရာတွင် ဖြည့်စွက်ပုံနည်းလမ်း အဆင့်ဆင့်ကို မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်းရောင်းချဖြန့်ဖြူးရေးအသင်း (ဖြန့်ဖြူးရေးကော်မတီ အတွင်းရေးမှူး) ဒေါက်တာသက်ထွန်းအောင်က ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် စက်မှုဇုန်များမှ တာဝန်ရှိသူများက မိမိတို့သိရှိလိုသည်များကို မေးမြန်းခဲ့ကြသည်။

ရှင်းလင်းဆွေးနွေးပွဲသို့ ကုန်သည်မှုနှင့်ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးလုပ်ငန်းကော်မတီအတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ ကုန်သည်စက်မှုအသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ်၊ မြန်မာနိုင်ငံ စက်သုံးဆီတင်သွင်း ရောင်းချဖြန့်ဖြူးရေးအသင်းမှ တာဝန်ရှိသူများ၊ စက်မှုဇုန်များမှ တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများစုစုပေါင်း ၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ဖားကန့်မြို့နယ်အတွင်း ချောင်းရှင်းလင်းရေးလုပ်ငန်းများ ၅၀ ရာခိုင်နှုန်းအထိပြီးစီး

**ဖားကန့် ဧပြီ ၂၂**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်အတွင်းရှိ ဥရုချောင်းနှင့် ချောင်းလက်တက်များ ရေကြီးရေလျှံမှုမဖြစ်ပေါ်စေရေး၊ ရေစီးရေလာ ကောင်းမွန်စေရေးနှင့် သဘာဝဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးကြပ်၍ မတ် ၂၁ ရက်မှစတင်ပြီး ချောင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်းအထိ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ယခုနှစ်အတွင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အနေဖြင့် မော်မောင်းချောင်းဝ ဖားကန့်ကြီးကွေ့၊ မျောက်ဖြူချောင်းဝနှင့် ဂျန်ဂတ်ချောင်းဝ၊ ရှရော်ခချောင်းဝနှင့် ဝေ့ခါချောင်းဝ၊ မမုံချောင်းပေါက်ဝ၊ ရေအေးချောင်းဆွတ်အောင်နေရာ၊ စပေါ့ကူးတို့တံတားမှ နမ့်မော်ချောင်းပေါက်ဝအထိ၊ မော်မောင်းလျှန်ချောင်းနှင့် စကာလီချန်ချောင်း၊ မော်ရှန်ချောင်းနှင့် ကျောက်စိမ်းတောင်ကွေ့စသည့် နေရာ ကိုးခု၌ ချောင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၄င်းနေရာများတွင် လုပ်ငန်းပြီးစီးမှု ၅၀ ရာခိုင်နှုန်းအထိ ရှိပြီဖြစ်သည်။




ဖားကန့်ရတနာ နယ်မြေအတွင်းရှိ ချောင်းရှင်းလင်းမှုလုပ်ငန်းစဉ်တွင် လုံးခင်း၊ ဖားကန့်တူးဖော်ရေးဌာနမှ စီမံဆောင်ရွက်ပေးသည့် ကုမ္ပဏီ၊ သမအသင်းများ၏ ဘက်ဟိုးအစီး ၂၀ နှင့် မြေသယ်ယာဉ် အစီး ၄၀ တို့ဖြင့် ရှင်းလင်းမှုပြုလုပ်ခဲ့ပြီး မိုးဦးမကျမီ မေလအတွင်း အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ သိရသည်။

ဖားကန့်မြို့နယ်၌ ၂၀၂၁-၂၀၂၂ ခုနှစ်ကလည်း ရှရော်ခချောင်းနှင့် ဥရုချောင်းဆုံနေရာ၊ ဝေ့ခါချောင်းနှင့် ဥရုချောင်းဆုံနေရာ၊ စပေါ့ကူးတို့တံတားမှ နမ့်မော်ပေါက်ဝအထိ၊ နမားယန်ချောင်းလက်တက်နေရာ၊ နမ့်မော်ချောင်းလက်တက်နေရာ၊ ဖားကန့်ကြီးမျောက်ဖြူချောင်းဆုံနေရာ၊ ရှရော်ခချောင်းလက်တက် ဖားကန့်အများသုံးရေကန်မှ ရှရော်ခဘုန်းကြီးကျောင်းအထိစသည့် နေရာ ခုနစ်နေရာတို့တွင် ချောင်းရှင်းလင်းမှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# အစိုးရစက်မှုလက်မှုသိပ္ပံ(မိုးညှင်း) ကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မိုးညှင်း ဧပြီ ၂၂**

ကချင်ပြည်နယ် မိုးညှင်းမြို့ အစိုးရစက်မှု လက်မှုသိပ္ပံ(မိုးညှင်း) ကျောင်း၌ သန့်ရှင်းသာယာလှပစေရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဧပြီ ၂၁ ရက်က ဌာနဆိုင်ရာဝန်ထမ်းများနှင့် နယ်မြေခံ တပ်မတော်သားများပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြသည်။

ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်စေရန်၊ ကျောင်းသန့်ရှင်း သာယာလှပစေရန်နှင့် လေကောင်းလေသန့်များရရှိစေရန် ရည်ရွယ်၍ ဌာနဆိုင်ရာဝန်ထမ်းများ၊ အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် နယ်မြေခံတပ်မတော်သားများ ပူးပေါင်း၍ ကျောင်းဝင်းအတွင်းရှိ သစ်ပင်ချုံနွယ်မြက်ပင်များ ခုတ်ထွင် ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များ လှည်းကျင်းပေးခြင်းနှင့် မီးရှို့ရှင်းလင်းခြင်းတို့ကို စုပေါင်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ **ရွှေမိုးညှင်း**

# ခရီးသည်တင်ယာဉ် တိမ်းမှောက် သုံးဦးသေဆုံး

**မိုင်းဖြတ် ဧပြီ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ကျိုင်းတုံ-တာချီလိတ်ပြည်ထောင်စုလမ်းမကြီးပေါ် မိုင်တိုင်အမှတ် ၆၈၈ ကီလိုမီတာနှင့် ၆၈၉ ကီလိုမီတာအကြား တာကျောက်ကျေးရွာအနီး၌ ဧပြီ ၂၀ ရက်က ခရီးသည်တင် မော်တော်ယာဉ်တစ်စီး အရှိန်လွန်တိမ်းမှောက်မှု ဖြစ်ပွားပြီး ခရီးသည်သုံးဦးသေဆုံးခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ မြို့မရဲစခန်းမှ စခန်းမှူးမြင့်မောင်နှင့် တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ တာချီလိတ်ဘက်မှ ကျိုင်းတုံဘက်သို့ ယာဉ်မောင်း မင်းလွင်ဦး (၂၆) နှစ်၊ မောင်းနှင်လာသည့် အန်စာတုံးခဲရောင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက် အနက်ပေ ၈၀ ခန့်ရှိ နမ့်လုံချောင်းအတွင်း ပြုတ်ကျတိမ်းမှောက်ခြင်းဖြစ်ကြောင်း၊ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ ခရီးသည် အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၁၀ ဦးအနက် ၂၁ ဦးတွင် မစိုးရိမ်ရဒဏ်ရာများရရှိပြီး အမျိုးသားနှစ်ဦး၊ အမျိုးသမီးတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုဖြစ်ပွားရာသို့ မြို့မရဲစခန်းမှ စခန်းမှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးညီညီအောင်နှင့် တာဝန်ရှိသူများ၊ မိုင်းဖြတ်မြို့နယ် လူမှုကူညီရေးအသင်းဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း မင်းလွင်ဦးအား မိုင်းဖြတ်မြို့မရဲစခန်း၌ အမှုဖွင့်ထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကမ္ဘာကြီးပူနွေးလာမှုနှင့် ခရမ်းလွန်ရောင်ခြည်များအကြောင်း အသိပညာပေး

**ဗန်းမော် ဧပြီ ၂၂**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကမ္ဘာကြီးပူနွေးလာမှုနှင့် ခရမ်းလွန်ရောင်ခြည်များအကြောင်း သိကောင်းစရာ ဆွေးနွေးပွဲ (Talk Show) ကို ဧပြီ ၂၁ ရက်က ဗန်းမော်ခရိုင် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

အဆိုပါ Talk Show တွင် ဗန်းမော်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သဲစုမိုးက ပြည်သူများ သိရှိလိုက်နာဆောင်ရွက်ရန် လိုအပ်သည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးထဲက ကမ္ဘာကြီးပူနွေးလာမှုနှင့် ခရမ်းလွန်ရောင်ခြည်များ အကြောင်းသိကောင်းစရာများနှင့်ပတ်သက်၍ ကမ္ဘာကြီးပူနွေးလာမှု၏ အဓိပ္ပာယ်၊ ကမ္ဘာကြီးပူနွေးလာရသည့် အကြောင်းအရင်းများ၊ ကမ္ဘာကြီးပူနွေးလာခြင်းကြောင့်ဖြစ်ပေါ်နိုင်သည့် အကျိုးဆက်များ၊ ကမ္ဘာကြီးပူနွေးလာမှုကို လျော့ချနိုင်ရန် ဆောင်ရွက်သင့်သည့်အချက်များ၊ ခရမ်းလွန်ရောင်ခြည်၏ အဓိပ္ပာယ်၊ ခရမ်းလွန်ရောင်ခြည် စံနှုန်း(UV Index)အကြောင်းများ၊ ခရမ်းလွန်ရောင်ခြည်အမျိုးအစားအလိုက် ဆိုးကျိုးသက်ရောက်မှုများ၊ ခရမ်းလွန်ရောင်ခြည် ကာကွယ်ရန်နည်းလမ်းများကို မေးမြန်းခဲ့ရာ ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးဝေယံကျော်က ကမ္ဘာကြီးပူနွေးလာမှုနှင့် ခရမ်းလွန်ရောင်ခြည်များ အကြောင်းသိကောင်းစရာများကိုအကျယ်တဝင့် ဆွေးနွေးဖြေကြားခဲ့သည်။

ဆက်လက်၍ ပြည်သူများအနေဖြင့် ခရမ်းလွန်ရောင်ခြည်ကာကွယ်ရန်အတွက် နေအပြင်းဆုံး အချိန်များတွင် နေပူထဲတိုက်ရိုက်သွားလာခြင်းများ ရှောင်ကြဉ်သင့်ကြောင်း၊ အပြင်သို့သွားလာပါက ထီးအမြဲယူသွားသင့်ကြောင်း၊ ခန္ဓာကိုယ်ကို လုံလုံခြုံခြုံဝတ်ဆင်သင့်ကြောင်း၊ လုံလုံခြုံခြုံဝတ်ဆင်ရာတွင် အရောင်ဖျော့သည့် အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည်၊ လေဝင်လေထွက်ကောင်းသည့် ဦးထုပ်အကြီးကြီးတွေ ဝတ်ဆင်သင့်ပါကြောင်း မျက်လုံးထိခိုက်မှုမဖြစ်စေရန် UV-A နှင့် UV-B နှစ်မျိုးလုံး ကာကွယ်ပေးသည့် နေကာမျက်မှန် အမျိုးအစားကို တပ်ဆင်သင့်ကြောင်း၊ ရေများများသောက်သင့်ကြောင်း ၊ ကလေးများ နေရောင်အောက်သို့ ခေါ်ဆောင်သွားမည်ဆိုပါက အထက်နည်းလမ်းများအတိုင်း လိုက်နာသင့်ကြောင်း စသည်ဖြင့် အသိပညာပေးဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်**
**(ပြန်/ဆက်)**

## ဆီးဂိမ်းအမျိုးသမီးဘော်လီဘောပြိုင်ပွဲတွင် မြန်မာနှင့်မလေးရှား စတင်ကစားရမည်

ရန်ကုန် မေ ၂၂

(၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ၏ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များ ထုတ်ပြန်လိုက်ပြီဖြစ်ပြီး မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘော်လီဘောအသင်းသည် မလေးရှားအသင်းနှင့် စတင်ကစားရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘော်လီဘောအသင်းသည် ဆီးဂိမ်းပြိုင်ပွဲတွင် တစ်ကျော့ပြန်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ထိုင်း၊ အင်ဒိုနီးရှား၊ မလေးရှားတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေခြင်းဖြစ်သည်။ ဆီးဂိမ်း အမျိုးသမီး ဘော်လီဘောပြိုင်ပွဲတွင်အသင်းရှစ်သင်း ဝင်ရောက် ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်း နှစ်အုပ်စုခွဲ၍ ကျင်းပသွားမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် ထိုင်း၊ အင်ဒိုနီးရှား၊ မြန်မာ၊ မလေးရှား၊ အုပ်စု (ခ) တွင် ဗီယက်နမ်၊ စင်ကာပူ၊ ဖိလစ်ပိုင်နှင့် ကမ္ဘောဒီးယားအသင်းတို့ပါဝင်ကြသည်။ အုပ်စုပွဲများကို မေ ၉၊ ၁၀၊ ၁၁ ရက်တွင် သုံးရက်ဆက်တိုက် ကျင်းပမည်ဖြစ်ပြီး တစ်နေ့လျှင် အုပ်စုလေးပွဲနှုန်း ပြုလုပ်သွားမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် မေ ၉ ရက်တွင် မလေးရှားအသင်းနှင့် စတင်ကစားရမည်ဖြစ်ပြီး မေ ၁၀ ရက်တွင် ထိုင်းအသင်း၊ မေ ၁၁ ရက်တွင် အင်ဒိုနီးရှားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအမျိုးသမီး ဘော်လီဘောအသင်းသည် ၂၀၁၇ မလေးရှားဆီးဂိမ်းပြိုင်ပွဲတွင် နောက်ဆုံးဝင်ရောက်ယှဉ်ပြိုင်ပြီးနောက် ယခုအကြိမ်မှသာ ပြန်လည်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ၂၀၁၉ ဖိလစ်ပိုင်ဆီးဂိမ်းပြိုင်ပွဲနှင့် ၂၀၂၁ ဗီယက်နမ်ဆီးဂိမ်းပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း မရှိကြောင်း သိရသည်။ မြန်မာအမျိုးသမီး ဘော်လီဘောအသင်းသည် ဆီးဂိမ်းပြိုင်ပွဲ အကြိုပြင်ဆင်မှုအဖြစ် တရုတ်နိုင်ငံ၌ သုံးလကြာ သွားရောက်လေ့ကျင့်ထားသည်။

ရဲရင့်လွင်

❍ ကျောဖုံးမှ

လက်ဝဲသုန္ဒရအသင်းမှာမူ ရွှေပြည်သာအသင်း ရှုံးပွဲကြုံတွေ့မှုကို အသုံးချနိုင်ခဲ့ပြီး အနိုင်ရလဒ်နှင့်အတူ ဇယားထိပ်ဆုံးရော ရယူနိုင်ခဲ့သည်။ ထို့ကြောင့် ချန်ပီယံဆုအပါအဝင် တန်းတက်ခွင့်နှစ်နေရာအတွက် လက်ကျန်ပွဲများမှာ ပြိုင်ဆိုင်မှုပိုမိုပြင်းထန်လာဖွယ်ရှိနေသည်။ ပွဲစဉ် (၈) တွင် လက်ဝဲသုန္ဒရအသင်းက Maryar အသင်းကို ခုနစ်ဂိုး–လေးဂိုး၊ Dream Team Legends အသင်းက NY အသင်းကို လေးဂိုး–တစ်ဂိုး၊ Red Eagles အသင်းက ရွှေပြည်သာအသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး ရိုးမအသင်းနှင့် M–Million အသင်းတို့ ငါးဂိုးစီသရေကျခဲ့သည်။

ရဲရင့်လွင် ၊ ဓာတ်ပုံ–MFF



လက်ဝဲသုန္ဒရအသင်းနှင့် Maryar အသင်း ယှဉ်ပြိုင်နေစဉ်။

## အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲတွင် မြန်မာကလပ် VUC အသင်း အုပ်စု (က) တွင် ကျရောက်

ရန်ကုန် မေ ၂၂

၂၀၂၃ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို မေ ၂၀ ရက်က ထိုင်းနိုင်ငံ၌ ကျင်းပရာ မြန်မာဖူဆယ်ကလပ် VUC အသင်းသည် အုပ်စု (က) တွင် ကျရောက်ခဲ့သည်။

### သုံးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်

၂၀၂၃ အာဆီယံ ဖူဆယ်ကလပ်ပြိုင်ပွဲတွင် အသင်းခြောက်သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး သုံးသင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် အိမ်ရှင်ထိုင်းကလပ် ဟောင်ယန်သာခမ်အသင်း၊ မလေးရှားကလပ် ပါဟန်းရိန်းဂျားအသင်း၊ မြန်မာကလပ် VUC အသင်း၊ အုပ်စု (ခ) တွင် အင်ဒိုနီးရှားကလပ် ဘလက်စတီးအသင်း၊ ဗီယက်နမ်ကလပ် ထိုင်ဆွန်နန်အသင်း၊ ဩစတြေးလျကလပ် Football Victoria အသင်းတို့ ပါဝင်နေသည်။

### အုပ်စုပထမပွဲ ထိုင်းကလပ်နှင့် ကစားရမည်

ပွဲစဉ်ရေးဆွဲထားမှုအရ မြန်မာကလပ် VUC အသင်းသည် အုပ်စုပထမပွဲအဖြစ် မေ ၁ ရက်တွင် အိမ်ရှင်ထိုင်းကလပ် ဟောင်ယန်သာခမ်အသင်းနှင့် စတင်ကစားရမည်ဖြစ်ပြီး ဒုတိယပွဲအဖြစ် မေ ၃ ရက်တွင် မလေးရှားကလပ် ပါဟန်းရိန်းဂျားအသင်းနှင့် ကစားရမည်ဖြစ်သည်။

### ပထမဆုံး ယှဉ်ပြိုင်ခွင့်ရရှိ

VUC အသင်းသည် လက်ရှိတွင် MFF ဖူဆယ်လိဂ်–၁ ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး ပထမအကျော့အပြီးတွင် ဇယားထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ VUC အသင်းသည် အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲတွင် ပထမဆုံးယှဉ်ပြိုင်ခွင့် ရရှိခြင်းဖြစ်သည်။

### ယခုနှစ်မှ ပြန်လည်ယှဉ်ပြိုင်

မြန်မာကလပ်အသင်းများသည် ယင်းပြိုင်ပွဲ၏ အကြိမ်အများစုတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော်လည်း ၂၀၂၀ နှင့် ၂၀၂၂ ခုနှစ်တွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်းမရှိဘဲ ယခုနှစ်မှ ပြန်လည်ယှဉ်ပြိုင်ခြင်းဖြစ်သည်။

ရဲရင့်လွင်

## နောက်ကျချေပဂိုးများကြောင့် ဆောက်သမ်တန်ကို အာဆင်နယ် သရေကျ

ပရီမီယာလိဂ် ပွဲစဉ် (၃၂) မှ အာဆင်နယ်နှင့် ဆောက်သမ်တန်အသင်းတို့ပွဲစဉ်တွင် အပြန်အလှန်သွင်းဂိုးများဖြင့် အကြိတ်အနယ်ရှိခဲ့သော်လည်း ပွဲအပြီးတွင် တစ်ဖက်သုံးဂိုးစီဖြင့် သရေကျခဲ့သည်။

အဆိုပါ ပွဲစဉ်ကို ဧပြီ ၂၂ ရက် နံနက် ၁ နာရီခွဲက အမ်းမရိတ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ခြင်း ဖြစ်ပြီး ပွဲကြည့်ပရိသတ် ၆၀၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။ ပြတ်သားသော ရလဒ်ဖြင့် အမှတ်ပေးဇယားကို အာဆင်နယ်အသင်း ဦးဆောင်ခွင့်ရရှိရေး ကြိုးစားလာခဲ့သော်လည်း ပြိုင်ဘက်အသင်း၏ တုံ့ပြန်ကစားပုံကောင်းမွန်မှုကြောင့် သွင်းဂိုးရရှိရေး အခက်တွေ့ခဲ့ရသည်။



ဦးဆောင်ဂိုးကို ဆောက်သမ်တန်က ရရှိခဲ့ပြီး ပွဲချိန်တစ်မိနစ်တွင် အယ်ကာရက်ဇ်က သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် အသင်းအတွက် ဒုတိယဂိုးနှင့် တတိယဂိုးကို ဝဲလ်ကော့သ်နှင့် ကလီတာကားတို့က သွင်းယူပေးနိုင်ခဲ့သည်။

အာဆင်နယ်အတွက် သွင်းဂိုးများကို မာတင်နယ်လီ၊ အိုဒီဂတ်နှင့် ဆာကာတို့က သွင်းယူပေးခဲ့သည်။ ယခုပွဲသရေကျမှုကြောင့် အာဆင်နယ်က ဒုတိယနေရာမှ မန်စီးတီးထက် နှစ်ပွဲပိုကစားပြီး ငါးမှတ်အသာဖြင့် အမှတ်ပေးဇယားကို ဆက်လက်ဦးဆောင်ထားသည်။

## လီဂူးဝမ်းပွဲစဉ် (၃၂) တွင် အိန်းဂျားကို ပီအက်စ်ဂျီ အနိုင်ရ

ပြင်သစ်လီဂူးဝမ်း ပွဲစဉ် (၃၂) မှ အိန်းဂျားနှင့် ပီအက်စ်ဂျီအသင်းတို့ပွဲစဉ်ကို ဧပြီ ၂၂ ရက် နံနက် ၁ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ပြီး ပီအက်စ်ဂျီအသင်းက အဓိက တိုက်စစ်ကစားသမား အမ်ဘာပေ ခြေစွမ်းပြမှုနှင့်အတူ နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

တန်းဆင်းဇုန်အောက်ဆုံးရပ်တည်နေသည့် အိန်းဂျားအသင်းသည် ပီအက်စ်ဂျီအသင်းကို အနိုင်ရရှိရေး အာရုံစိုက်ကစားလာသော်လည်း အသင်းစွမ်းဆောင်ရည်ပိုင်း လိုအပ်ချက်ရှိနေသည့်အတွက် ရှုံးပွဲနှင့် ကြုံတွေ့ခဲ့ရသည်။ ထို့ကြောင့် အိန်းဂျားအသင်းသည် တန်းမဆင်းရရေးအတွက် လက်ကျန်ပွဲစဉ်များတွင် ရလဒ်ကောင်းရရှိရေး ရေကုန်ရေခန်းယှဉ်ပြိုင်ကစားရတော့မည် ဖြစ်သည်။

ပီအက်စ်ဂျီအသင်းအတွက် သွင်းဂိုးများကို အမ်ဘာပေ တစ်ဦးတည်း နှစ်ဂိုးသွင်းယူနိုင်ခဲ့ပြီး အိန်းဂျားအသင်းအတွက် တစ်လုံးတည်းသော ချေပဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် သီအော့က သွင်းယူပေးနိုင်ခဲ့သည်။

ယခုပွဲအနိုင်ရရှိခဲ့သည့်အတွက် ပီအက်စ်ဂျီအသင်းသည် လီဂူးဝမ်း ၃၂ ပွဲကစားပြီး ရမှတ် ၇၅ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားပြီး ချန်ပီယံဖြစ်ရေးတွင်လည်း လက်တစ်ကမ်းအလိုကို ရောက်ရှိလာပြီ ဖြစ်သည်။



## စတုဂတ်အိုးပင်းပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ပီလစ်ကိုဗာကို ဆွီယာတက်ခ် အနိုင်ရ

စတုဂတ်အိုးပင်းအမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် အီဂါ ဆွီယာတက်ခ်သည် ချက်တင်းနစ်မယ် ပီလစ်ကိုဗာကို နှစ်ပွဲ–တစ်ပွဲဖြင့် အနိုင်ရကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သည်။

အဆိုပါ ပွဲစဉ်တွင် ဆွီယာတက်ခ်သည် ပြိုင်ဘက်ကို အကြိတ်အနယ်ကစားခဲ့ရပြီး ၄–၆၊ ၆–၁၊ ၆–၂ ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

အသက် ၂၁ နှစ်အရွယ် ဆွီယာတက်ခ်သည် စတုဂတ်အိုးပင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင်လည်း တရုတ်တင်းနစ်မယ် ရှောင်ကို နှစ်ပွဲပြတ် အနိုင်ရရှိထားသူ ဖြစ်သည်။ ဆီမီးဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သော ဆွီယာတက်ခ်သည် တူနီးရှားတင်းနစ်မယ် ဂျေဘီယာနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

၎င်းနှင့်အတူ စတုဂတ်အိုးပင်း ဆီမီးဖိုင်နယ်သို့ ပိုတာကိုဗာ၊ စဘယ်လင်ကာ၊ ဟာဒက်မာရီယာတို့ တက်လှမ်းနိုင်ခဲ့သည်။

လင်းလက်ကြယ် – စုစည်းသည်

# မိုင်းယုမြို့ သုံးနှစ်တစ်ကြိမ် ရိုးရာလှေလှော်ပြိုင်ပွဲကို ဧပြီလကုန်တွင် ကျင်းပရန် ခန့်မှန်းထား

မိုင်းယု ဧပြီ ၂၂

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယုမြို့၌ လှေပြိုင်ပွဲဖြစ်မြောက်ရေးကော်မတီက ကြီးမှူး၍ သုံးနှစ်တစ်ကြိမ် ကျင်းပသည့် ရိုးရာခလှေ့လှေလှော်ပြိုင်ပွဲကို ယခုနှစ်တွင် နမ့်လွေချောင်း သဲသောင်ပြင်၌ ဧပြီ ၂၉ ရက်မှ မေ ၁ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပရန် ခန့်မှန်းထားကြောင်း တာဝန်ရှိသူများထံမှ သိရသည်။**



၂၀၁၉ ခုနှစ် မေလက ကျင်းပသည့် လှေလှော်ပြိုင်ပွဲမြင်ကွင်း။

အဆိုပါ ရိုးရာခလှေ့လှေလှော်ပြိုင်ပွဲကို မိုင်းယုဒေသရှိ ဒေသခံတိုင်းရင်းသား အဘိုးအဘွားများ လက်ထက်မှစ၍ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင် အခွင့်အလမ်းများနှင့် စိုက်ပျိုးရေးများ တိုးတက်ကောင်းမွန်စေရန်နှင့် အခြား သဘာဝဘေးအန္တရာယ်အမျိုးမျိုး ကျရောက်မှုမှ ကာကွယ်နိုင်ရန် ရိုးရာခလှေ့နတ်များကို ပူဇော်ပသသည့်အနေဖြင့် ကျင်းပကြပြီး သုံးနှစ်မှ တစ်ကြိမ်သာ ရိုးရာလှေလှော်ပြိုင်ပွဲကို ပြုလုပ်ကြောင်း၊ ပွဲတော်မပြုလုပ်ပေးပါက လူမှုစီးပွားရေးလုပ်ငန်းများနှင့် ဘေးအန္တရာယ်အမျိုးမျိုး ကျရောက်တတ်သည်ဟု ရေးရိုးအစဉ်အလာအယူအဆများ ရှိခဲ့သောကြောင့် ယင်းပွဲတော်ကို ကျင်းပရခြင်းဖြစ်ကြောင်း မြို့မိမြို့ဖများထံမှ သိရသည်။

မိုင်းယုမြို့ရိုးရာခလှေ့လှေလှော်ပြိုင်ပွဲကို ၂၀၁၉ ခုနှစ် မေလက နောက်ဆုံးကျင်းပခဲ့ပြီး ၂၀၂၂ ခုနှစ် မေလတွင် နောက်တစ်ကြိမ် ကျင်းပရမည် ဖြစ်သော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် ပွဲကျင်းပမှုကို ရပ်နားထားခဲ့ကာ ယခု ၂၀၂၂ ခုနှစ်တွင် ဧပြီ ၂၉ ရက်မှ မေ ၁ ရက်အထိ သုံးရက်တိုင်တိုင် မြို့မရပ်ကွက်အနီးရှိ နမ့်လွေချောင်းတွင် စည်ကားသိုက်မြိုက်စွာဖြင့် ပြန်လည်ကျင်းပမည်ဟု မှန်းဆထားကြောင်း၊ ပြိုင်ပွဲရက် အတည်တကျ ဖြစ်စေရန် အတွက် ပြန်လည်ဆွေးနွေး ညှိနှိုင်းမည်ဖြစ်ကြောင်းနှင့် မိုင်းလွေကျေးရွာ၌လည်း ကျင်းပမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကိုကိုနိုင်
(မိုင်းယု)

## ထိုင်းနိုင်ငံ၌ ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ၃၁၁ ဦး မြဝတီအမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် ဆက်လက်ဝင်ရောက်

မြဝတီ ဧပြီ ၂၂

ထိုင်းနိုင်ငံ၌ ရောက်ရှိနေပြီး နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံသားများအား မြဝတီမြို့ရှိ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် ပြန်လည်ကြိုဆို လက်ခံလျက်ရှိရာ ဧပြီ ၂၀ ရက်တွင် မြန်မာအလုပ်သမား ၃၁၁ ဦး ဆက်လက်ဝင်ရောက်ကြောင်း သိရသည်။



ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား တာဝန်ရှိသူများက ကြိုဆိုအားပေးကြပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါဆိုင်ရာများ အသိပညာပေးခြင်း၊ ပြန်လည်ဝင်ရောက်လာသူများ၏ အချက်အလက်များ ကောက်ယူခြင်းများကို ဆောင်ရွက်ပေးသည်။ ပြန်လည်ဝင်ရောက်လာသူများမှာ တိုင်းဒေသကြီး၊ ပြည်နယ် အသီးသီးမှ အမျိုးသား ၂၃၇ ဦး၊ အမျိုးသမီး ၇၄ ဦး စုစုပေါင်း ၃၁၁ ဦးဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြန်လာသူများအနက် ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ နေရပ်ပြန်များအား မော်လမြိုင်မြို့ရှိ ၁၀ မြို့နယ် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းသို့ ပို့ဆောင်ပေးပြီး အခြား တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ နေရပ်ပြန်များအား မြဝတီမြို့ရှိ မဲကနယ် အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများတွင် ၁၀ ရက်ကြာ အသွားအလာ ကန့်သတ်ထားရှိကာ ကိုဗစ်ရောဂါပိုး ရှိမရှိ စစ်ဆေးပြီးမှ သက်ဆိုင်ရာ မြို့နယ်များသို့ ပို့ဆောင်ပေးမည်ဖြစ်သည်။

ထိန်လင်းအောင်(ပြန်/ဆက်)

## တနိုင်းမြို့၌ မဟာသရဏဂုံရွှေစည်းခုံ ရှင်လုံစေတီတော်မြတ် ရွှေထီးတော်တင်လှူမည်

တနိုင်း ဧပြီ ၂၂

ကချင်ပြည်နယ် တနိုင်းမြို့နယ်၌ မဟာသရဏဂုံရွှေစည်းခုံစေတော်မြတ် ရွှေထီးတော်အထွတ်တင်လှူပူဇော်နိုင်ရန် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၀ ရက်က မြို့မကျောင်းတိုက်၌ ကျင်းပသည်။

အစည်းအဝေးတွင် ထေရဝါဒသာသနာပြု (ဗဟို) မြို့မကျောင်းဆရာတော် စန္ဒနာလင်္ကာရ၊ တပ်ဦးကျောင်းဆရာတော်၊ သာယာရွှေပြည်ဆရာတော်နှင့် ဇေယျာသီရိဆရာတော်တို့က ဩဝါဒပေးပြီးနောက် ထီးတော်တင်ပွဲအတွက် ဧည့်ခံကျွေးမွေးရေး၊ အခမ်းအနားပြင်ဆင်ရေး၊ မဏ္ဍပ်ဆောက်လုပ်ရေး၊ ထီးတော်ပင့်ဆောင်ရေး စသည့် ကော်မတီများဖွဲ့စည်းကာ ဆွမ်းအလှူရှင် ဦးအောင်စိုးနှင့် ဒေါ်ခိုင်မိသားစုက ကျပ်သိန်း ၂၅၀ မတည်လှူဒါန်းသည်။

တနိုင်းမြို့ ရှင်လုံးဂါးကျေးရွာ ရှင်လုံကျောင်းတိုက်၌ တည်ထားသော မဟာသရဏဂုံရှင်လုံစေတီတော်မြတ်ကြီးကို ၁၃၈၅ ခုနှစ် ကဆုန်လပြည့် (မေ ၃ ရက်) တွင် ရွှေထီးတော်အထွတ်တင်လှူ ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

ပိုင်ထွန်း(တနိုင်း)

## မိုင်းဖြတ်မြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး

မိုင်းဖြတ် ဧပြီ ၂၂

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး(Talk Show)ကို ဧပြီ ၂၁ ရက်က လူထုအခြေပြုဗဟိုဌာန၌ ပြုလုပ်သည်။




မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ခတ်ပုံကျွမ်းကျင်-၂ ဦးသန်းထွန်းအေးနှင့် လုပ်သားရုပ်သံ ဒေါ်နှင်းနုထွေးတို့က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာန၏ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကမ္ဘာပေါ်တွင် ရာသီဥတုပြောင်းလဲမှုများကြောင့် အပူ၊ အအေးလွန်ကဲခြင်းနှင့် ရေဘေး၊ လေဘေး၊ မီးဘေး စသည့် သဘာဝဘေးအန္တရာယ်များ ပိုမိုဖြစ်ပွားလျက်ရှိကြောင်း၊ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ရှောင်ရန်ဆောင်ရန်အချက်များ၊ မီးဖို/လျှပ်စစ်သုံး မိဘပြည်သူများ လိုက်နာရမည့် အချက်များ၊ အဆောက်အအုံများတွင် မီးလောင်ခဲ့လျှင် လိုက်နာဆောင်ရွက်ရမည့် အချက်များကို ဆွေးနွေးဟောပြောခဲ့သည်။

ရွှေကို(မိုင်းဖြတ်)

## ရပ်စောက်မြို့နယ်၌ မီးလောင်မှုဖြစ်ပွား၍ သံဃာတစ်ပါး ပျံလွန်တော်မူ

ရပ်စောက် ဧပြီ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ဖောင်းတောကျေးရွာအုပ်စု ဘုရားဖြူကျေးရွာ ဘုရားဖြူဘုန်းတော်ကြီးကျောင်း၌ ဧပြီ ၁၉ ရက် ည ၉ နာရီခန့်က ဘုရားမီးပူဇော်စဉ် ဖယောင်းတိုင်လဲကျ၍ မီးလောင်မှုဖြစ်ပွားပြီး သံဃာတစ်ပါး ပျံလွန်တော်မူခဲ့ကြောင်း သိရသည်။

အဆိုပါဘုန်းတော်ကြီးကျောင်းရှိ (၈၀x၆၀) ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ်ကျောင်းဆောင်အတွင်းတွင် ခန်းနေဆရာတော် ဥူးသောမ သက်တော် ၂၅ နှစ်သည် ဘုရားစင်တွင်ဖယောင်းတိုင်ဖြင့် ဘုရားမီးပူဇော်ခဲ့ရာမှ ဖယောင်းတိုင်လဲကျ၍ မီးစတင်လောင်ခြင်းဖြစ်ပြီး မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဖြိုးမင်းဦးစီးသည့် မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ရေသယ်ယာဉ်တစ်စီး၊ သန္နေတပ်ဖွဲ့ဝင် ၁၈ ဦး၊ အရန်တပ်ဖွဲ့ဝင် ၁၂ ဦးတို့ဖြင့် မီးငြိမ်းသတ်ခဲ့ရာ ည ၉ နာရီ မိနစ် ၃၀ တွင် မီးထိန်းနိုင်ခဲ့ပြီး ည ၁၁ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ မီးလောင်မှုကြောင့် (၈၀x၆၀) ပေ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်းတစ်ထပ်ကျောင်းဆောင်တစ်လုံးနှင့် နဝကမ္မပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် ခန်းနေဆရာတော် ဥူးသောမသည် ခြေကျင်းဝတ်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ပြီး ခန်းနေဆရာတော် ဥူးသံဝရ သက်တော် ၇၆ နှစ်မှာ အိပ်ပျော်နေ၍ မီးလောင်ဒဏ်ရာဖြင့် ပျံလွန်တော်မူခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ခန်းနေဆရာတော် ဥူးသောမအား ရပ်စောက်မြို့မရဲစခန်းမှ အမှုဖွင့်ပြီး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆုမွန်(ရပ်စောက်)

## ရေစကြိုမြို့၌ နေအိမ်မီးလောင်၍ တစ်ဦးသေဆုံး

ရေစကြို ဧပြီ ၂၂

ပခုက္ကူခရိုင် ရေစကြိုမြို့ အမှတ်(၈) ရပ်ကွက် သုခဝတီရပ်ကွက်အတွင်း ဧပြီ ၂၀ ရက် နံနက် ၁၀ နာရီကျော်အချိန်ခန့်က လူနေအိမ်သုံးလုံး မီးလောင်ခဲ့ကြောင်း သိရသည်။

နေအိမ်မီးလောင်မှုဖြစ်ပွားနေကြောင်း အနီးပတ်ဝန်းကျင် ပြည်သူတစ်ဦးမှ တယ်လီဖုန်းဖြင့် သတင်းပေးပို့မှုအရ ရေစကြိုမြို့နယ် မီးသတ်ဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးညီညီအောင်ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက သွားရောက်ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်မှုမှာ ရေစကြိုမြို့ သုခဝတီရပ်နေ ဦးဖိုးဝင်း ၄၉ နှစ်သည် အရက်မူး၍ နေအိမ်၌ အဝတ်များအား မီးပုံရှို့ရာမှ ၎င်း၏ သွပ်မိုး၊ ထရံကာတစ်ထပ်အိမ်ကို မီးကူးစက်လောင်ခြင်းဖြစ်ပြီး ယင်းမှတစ်ဆင့် အခြားအိမ်နှစ်လုံးကိုပါ ဆက်လက်လောင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ဦးဖိုးဝင်းမှာ မီးလောင်မှုကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

မောင်လှလင်(ရေစကြို)

# မြဝတီမြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ရွှေမြင်းဝန်စေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူ



**မြဝတီ ဧပြီ ၂၂**

ကရင်ပြည်နယ် မြဝတီမြို့ ကျက်သရေဆောင် ရှေးဟောင်းသမိုင်းဝင်ဆံတော်ရှင် ရွှေမြင်းဝန် စေတီတော်မြတ်ကြီး လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်လှူပူဇော်ခြင်း၊ ဘက်စုံပြုပြင်မွမ်းမံခြင်း ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ခြင်းတို့အား ရေစက်ချမင်္ဂလာ အခမ်းအနားကို ယနေ့ နံနက် ၅ နာရီခွဲက ကျင်းပသည်။

**မင်္ဂလာဆောင်ရွက်တော်မူ**

ရှေးဦးစွာ ကိုးနဝင်းဇောတိရတနာစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ဇောတိပါလ အမှူးပြုပြီး မြသုခ (၂၇၅) တပ်ဦးကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော် ဒေါက်တာ ပညာ နန္ဒနှင့် ဩဝါဒါစရိယ ဆရာတော်များက ဦးဆောင်ပြီး ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း မင်္ဂလာဆောင် ရွက်တော်မူသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ဆရာတော်၊ သံဃာတော်များအား မြဝတီခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးတင့်နှင့် တာဝန်ရှိသူများက အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်း သည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# မြို့သစ်မြို့နယ်၌ လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ အမိုးလန်ပျက်စီး

**မြို့သစ် ဧပြီ ၂၂**

မကွေးတိုင်းဒေသကြီး မြို့သစ် မြို့နယ်တွင် ယနေ့ညနေပိုင်းက လေပြင်းတိုက်ခတ်မှုကြောင့် မြို့ သစ်မြို့နယ်အတွင်းရှိကျေးရွာများ တွင် လူနေအိမ်များ အမိုးလန် ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ လေပြင်းတိုက်ခတ်မှု ကြောင့် ဇီးလုံးကျေးရွာအုပ်စုမှ အိမ်ခြေ ငါးလုံး၊ တပ်ကုန်းကျေးရွာ အုပ်စုမှ အိမ် တစ်လုံး၊ ဘုန်းတော် ကြီးကျောင်း တစ်ကျောင်း အမိုး လန်ပျက်စီးခြင်း၊ ဓာတ်တိုင် လေး တိုင်ပြိုလဲခြင်း၊ ကွက်သစ်ရပ်ကွက် မှ အိမ် တစ်လုံး၊ ဈေးဆိုင်ခန်း တစ်ခန်း အမိုးလန်ပျက်စီးခြင်း၊ ပုလင်းကြီးကျေးရွာအုပ်စုမှ အိမ် ခြေ ၂၅ လုံး အမိုးလန်ပျက်စီးခြင်း၊ မကြီးချိုကျေးရွာအုပ်စုမှ အိမ်ခြေ ၅၈လုံး အမိုးလန်ပျက်စီးခြင်း၊ နွားတင်းကုပ် ရှစ်လုံး၊ ဘုန်းတော် ကြီးကျောင်း တစ်ကျောင်း၊ စာသင် ကျောင်း တစ်ကျောင်း အမိုးလန် ပျက်စီးခြင်း၊ တလုပ်ပင်ကျေးရွာ အုပ်စုမှ အိမ်ခြေ ၁၇လုံး၊ နွားတင်း ကုပ် လေးလုံး၊ အမိုးလန်ပျက်စီး ခြင်း၊ အိုင်မဲကျေးရွာအုပ်စုမှ အိမ်ခြေ ခြောက်လုံး၊ ရွှေပန်းအုပ်စု မှ အိမ်တစ်လုံး၊ စာသင်ကျောင်း တစ်ဆောင်၊ အမိုးလန်ပျက်စီးခြင်း၊ အင်းရွာကြီးကျေးရွာအုပ်စုမှ အိမ် ခြေ ၄၁လုံး အမိုးလန်ပျက်စီးခြင်း၊ တယ်ပင်စမ်းကျေးရွာအုပ်စုမှ အိမ် ခြေ နှစ်လုံး အမိုးလန်ပျက်စီးခဲ့သည်။

ညောင်ဇင်ကျေးရွာအုပ်စုမှ အိမ်ခြေ နှစ်လုံး၊ နွားတင်းကုပ် တစ်လုံး အမိုးလန်ပျက်စီးခြင်း၊ ဘုရားကြီး ရပ်ကွက်တွင် မိုးကြိုး ပစ်ခံရမှုကြောင့် လူနှစ်ဦးဒဏ်ရာ ရရှိခြင်း၊ နွား သုံးကောင် သေဆုံး ခြင်း၊ မကျီးထူးကျေးရွာအုပ်စုတွင် အိမ်ခြေ ၂၂လုံး အမိုးလန်ပျက်စီး ခြင်း၊ ထောက်ရှာတန်းကျေးရွာ အုပ်စုမှ အိမ်ခြေ ၅၃လုံး အမိုးလန် ပျက်စီးခြင်း၊ နင်းကြမ်းကျေးရွာ အုပ်စုမှ အိမ်ခြေ ၂၃လုံး အမိုးလန် ပျက်စီးခြင်း၊ ဒန့်ဒလွန်ပင်ကျေးရွာ အုပ်စုမှ အိမ်ခြေ နှစ်လုံး၊ ဘုန်းတော်ကြီးကျောင်း တစ် ကျောင်း၊ (ဆွမ်းစားဆောင် တစ် ဆောင်)၊ စာသင်ကျောင်း တစ် ကျောင်း အမိုးလန်ပျက်စီးခြင်း၊ ဆူးတပ်ကြီးကျေးရွာ အုပ်စုမှ အိမ်ခြေ လေးလုံး၊ နွားတင်းကုပ် နှစ်လုံး၊ ကျေးလက်ဆေးပေးခန်း တစ်ဆောင် အမိုးလန်ပျက်စီးခြင်း၊ ကွင်းကြီးအုပ်စုမှ အိမ်ခြေ ခုနစ် လုံး၊ ကိုင်းအုပ်စုမှ အိမ်ခြေ ကိုး လုံး အမိုးလန်ပျက်စီးခဲ့သည်။

စည်သာကျေးရွာ အုပ်စုမှ အိမ်ခြေ ၇၅လုံး အမိုးလန်ပျက်စီး ခြင်း၊ မြေပြင်သာကျေးရွာအုပ်စုမှ အိမ်ခြေ ၁၄၃လုံး အမိုးလန် ပျက်စီးခြင်း၊ အိမ်ခြေ ခြောက်လုံး ပြိုကျခြင်းနှင့် ဘုန်းတော်ကြီး ကျောင်း သုံးကျောင်း အမိုးလန် ပျက်စီးခြင်း၊ မကြီးကုန်းကြီး ကျေးရွာအုပ်စုမှ အိမ်ခြေ ၇၉ လုံး အမိုးလန်၍ သုံးလုံးပြိုကျခြင်း၊ ပုလင်းပြားကြီးကျေးရွာ အုပ်စုမှ အိမ်ခြေ ၆၉ လုံး အမိုးလန် ပျက်စီးခြင်း၊ ပုလင်းရေလှောင်တမံ ရှိ ရှင်းလင်းဆောင် အမိုးနှင့် မျက်နှာကြက် အမိုးလန်ခြင်းများ ဖြစ်ပွားခဲ့သည်။

အဆိုပါ လေပြင်းတိုက်ခတ်ရာ နေရာသို့ သက်ဆိုင်ရာတာဝန်ရှိသူ များက လိုအပ်သည်များ သွား ရောက်ကူညီပေးကာ ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးနှင့် ရပ်မိ ရပ်ဖများက လိုအပ်သည်များ ပေါင်းစပ်ကူညီဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

**သန်းဝင်းထွန်း(ပြန်/ဆက်)**



# မင်းဘူး(စကု)မြို့နယ် ခန်ကုန်းကျေးရွာမီးဘေးသင့် အိမ်ထောင်စုဝင်များအား အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့လှူဒါန်း

**ပွင့်ဖြူ ဧပြီ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ် ခန်ကုန်းကျေးရွာ၌ ဧပြီ ၂ ရက်က မီးလောင်မှုဖြစ်ပွား ခဲ့ပြီး မီးဘေးသင့်ပြည်သူများအား စားသောက်ရေးနှင့် အဆင်ပြေစွာ နေထိုင်နိုင်ရေးအတွက် ယမန် နေ့က ပွင့်ဖြူမြို့နယ် ငါးခြောက် ကျွန်းကျေးရွာနှင့် ပေါက်ကုန်း ကျေးရွာ ရွာဦးကျောင်းဆရာတော် များ၏ ဦးဆောင်မှုဖြင့် ပရဟိတ အဖွဲ့ဝင်များက မီးဘေးသင့် ပြည်သူများအတွက် အလှူငွေ၊ စားသောက်ကုန် ပစ္စည်းများနှင့် အိမ်အသုံးအဆောင် ပစ္စည်းများ သွားရောက် ထောက်ပံ့လှူဒါန်း သည်။

ထိုသို့ မီးဘေးသင့်ပြည်သူများ အဆင်ပြေစွာ နေထိုင်စားသောက် နိုင်ရေးအတွက် ထောက်ပံ့လှူဒါန်း ရာတွင် ဆရာတော်များ ဦးဆောင် သော ပရဟိတအဖွဲ့ဝင်များက ကျေးရွာ ရပ်မိရပ်ဖများနှင့်အတူ ခန်ကုန်းကျေးရွာ ရတနာပုံ ကျောင်းတိုက်ဓမ္မာရုံသို့ သွား ရောက်ပြီး ကျေးရွာရှိ မီးဘေးသင့် အိမ်ထောင်စု ၃၄ စုအတွက် အိမ်ထောင်စု တစ်စုလျှင် အလှူ ငွေကျပ်၃၅၃၀၀ နှုန်းဖြင့် စုစုပေါင်း အလှူငွေကျပ် ၁၂၀၀၂၀၀ နှင့် စားသောက်ကုန် ပစ္စည်းများ၊ အဝတ်အထည်များနှင့် အိမ်အသုံး အဆောင်ပစ္စည်း မျိုးစုံတို့ကို မီးဘေးသင့်ပြည်သူများ လက်ဝယ် အရောက် ထောက်ပံ့လှူဒါန်းပေး သည်။ **လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ဥကပ်နေသော ရေချိုပုစွန်တုပ်ကြီးများကို ဘေးမဲ့ပေးရန်နှိုးဆော်ချက်

မိုးဦးကျကာလဖြစ်သော ဧပြီလ၊ မေနှင့် ဇွန်လများတွင် ဥကပ်နေသော(သို့မဟုတ်) ဥနှင့်ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်ချောင်း၊ အင်းအိုင်များတွင် ဥချရန်ပြင်ဆင် လျက်ရှိပါသည်။ ထိုပုစွန်တုပ်ကြီးများမှ ထောင်ပေါင်းများစွာသော ပုစွန်များပေါက်ပွားလာနိုင်မည် ဖြစ်ပါသည်။

အဆိုပါ မျိုးပုစွန်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ သားလောင်းများ မပေါက်နိုင်တော့ ဘဲ မျိုးပြုန်းတီးစေရာရောက်သဖြင့် ဥကပ်နေသော (သို့မဟုတ်) ဥနှင့်ပြည့်ဝနေသော မျိုးပုစွန်ကြီးများအား ဧပြီလ၊ မေနှင့် ဇွန်လများတွင် ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထား ရှိခြင်း၊ အရောင်းအဝယ် ပြုလုပ်ခြင်းများ မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာ အမှတ်၊ ၁/၉၂ ဖြင့် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက **"ရေချို ငါးလုပ်ငန်းဥပဒေ"**ပါ ပြဋ္ဌာန်းချက်များအရ အရေးယူခံရမည်ဖြစ်ပါသည်။

သို့ပါ၍ ရေချိုပုစွန်တုပ်ကြီးများ ရေရှည်တည်တံ့နေစေရန်နှင့် မျိုးပြုန်းတီးမှုမှ ကာကွယ်ရန်၊ တစ်နိုင်ငံလုံးရေရှည်စားသုံးနိုင်ရန်၊ အမျိုးသားစီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်ရန်အတွက် ဥကပ်နေသော ရေချိုပုစွန်တုပ်ကြီးများကို ဧပြီလမှ ဇွန်လကုန်အထိ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါ သည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# အပူဒဏ်ကြောင့် သတိလစ်ခြင်းအား အရေးပေါ်ရှေးဦးပြုစုပါ

အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke) ခံစားရပါက အောက်ဖော်ပြပါ ရောဂါလက္ခဏာများအား ခံစားရနိုင်ပါသည်-

- ❖ အရေပြားပူ၍ ခြောက်သွေ့ခြင်း (သို့) ချွေးအလွန်အကျွံထွက်ခြင်း
- ❖ စိတ်ရှုပ်ထွေးခြင်း
- ❖ သတိလစ်ခြင်း
- ❖ တက်ခြင်း
- ❖ ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်ခြင်းတို့ဖြစ်ပါသည်။

အထက်ပါ အပူဒဏ်လက္ခဏာများ ခံစားနေရသော လူနာအား တွေ့ရှိပါက -

- ❖ လူနာအား အရိပ်ရ၊ အေးမြသောနေရာ(သို့) လေပန်ကာရှိသော နေရာ (သို့) လေအေးပေးစက်ရှိသောအခန်းသို့ ရွှေ့ပြောင်းပါ။
- ❖ လူနာအား နီးစပ်ရာ ဆေးရုံ/ဆေးခန်းသို့ အမြန်ဆုံးပို့ဆောင်ပါ။ အရိပ်ရသည့် နေရာသို့ ပို့ဆောင်ပါ (သို့မဟုတ်) အရိပ်ရအောင် ဆောင်ရွက်ပေးပါ။
- ❖ အောက်ဖော်ပြပါနည်းလမ်းများအတိုင်း ရှေးဦးစွာပြုစုပေးပါ။

၁။ လူနာ၏ ခြေရင်းဘက်အား မြှင့်ထားပေး၍ ပက်လက်အနေ အထားဖြင့် ထားပါ။
၂။ လူနာ၏ အဝတ်အစားများအား ချွတ်ပေးပါ။
၃။ လူနာကောင်းစွာ သတိရနေပါက ရေအေးအေး (သို့) ဓာတ်ဆားရည် (ORS) တိုက်ပေးပါ။
၄။ လူနာ၏ကိုယ်ပေါ်သို့ ရေအေးအေး ဖျန်းပေးပါ။
၅။ လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက်တို့အား ရေ အေးအေး (သို့) ရေခဲစိမ်ထားသော အဝတ်များဖြင့် ရေပတ် အုပ်ပေးပါ။
၆။ လေပန်ကာရှိပါက လူနာအား ပန်ကာလေမှုတ်ပေးပါ (သို့) ယပ်ခတ်ပေးပါ။

အရေးပေါ်ရှေးဦးပြုစုခြင်းများ ဆောင်ရွက်ပြီးလျှင် ဆေးရုံ၊ ဆေးခန်း၊ ကျေးလက် ကျန်းမာရေးဌာနများသို့ အမြန်ဆုံး ပို့ဆောင်၍ ကုသမှုခံယူရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# တရားမဝင် ကျွန်းသစ်၊ လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

**နေပြည်တော် မေ ၂၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က သတင်းအရ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်အနီးတွင် တရားမဝင်ကုန်ပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ် နှစ်စီးအား တားဆီး၍ ပဲခူးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ခေါ်ယူပြီး အဖွဲ့စုံဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကားတာယာအဟောင်း ၁၉၃ လုံး အပါအဝင် ကုန်ပစ္စည်း ၁၉ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၉၆၂၀၀၀)ကိုလည်းကောင်း၊ အဆိုပါပစ္စည်းများ တင်ဆောင်သော Nissan Diesel Tractor Head နှစ်စီးနှင့် နောက်တွဲယာဉ် နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၇၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၉၆၂၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

**ဖမ်းဆီးအရေးယူ**

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မေ ၁၉ ရက်တွင် ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က လှည်းကူးမြို့နယ် မင်းကုန်းကျေးရွာ (၁) ရပ်ကွက် နတ်စင်အင်း စာသင်ကျောင်းလမ်းအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားမဝင်ကျွန်းသစ် ၄ ဒသမ ၇၉၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၁၄၉၂)နှင့် အဆိုပါသစ်များ တင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကို သစ်တောဥပဒေအရ လည်းကောင်း၊ မေ ၂၀ ရက်တွင် အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ လိုင်စင်မဲ့ယာဉ်ဖမ်းဆီးရမိရေးအဖွဲ့က သန်လျင်မြို့နယ် အမှတ်(၂) တံတား(ကုလားဝဲ)ထိပ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀)ကို သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၈၁၄၉၂ ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျအကောက်ခွန် အဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မေ ၁၉ ရက်တွင် အေးရှားဝေါလ် ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ သွင်းကုန်လိုင်စင် မရရှိမီ ဆိပ်ကမ်းသို့ ကြိုတင်ရောက်ရှိသည့် ရက် ၆၀ ရက်ကျော်လွန်သော Super Cornice Compound EC-98 ၇၈၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၅၇၀၀၀၀) နှင့် သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် ရုံးသုံးစားပွဲ အလုံး ၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀)ကို လည်းကောင်း၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ် လေဆိပ်(သွင်းကုန်)၌ ဝန်စည်များအတွင်းမှ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့် EI-6550 DV Standard X-Ray Baggage Scanner အပိုပစ္စည်း တစ်စုံအပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၆၁၀၀၀)ကိုလည်းကောင်း၊ မေ ၂၀ ရက်တွင်မြန်မာစက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ နှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် Grace Ceramic Toilet Seat ၂၆၉ လုံး အပါအဝင် ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၉၇၀၀၀)နှင့် သွင်းကုန်လိုင်စင် မရရှိမီ ဆိပ်ကမ်းသို့ ကြိုတင်ရောက်ရှိသည့် ရက် ၆၀ ရက်ကျော်လွန်သော Plastic Resin ၉၉၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၈၇၁၁၀၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၅၁၃၈၀၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ မေ ၂၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူ အမြဲတမ်းစစ်ဆေးရေး စခန်း၌ တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မူဆယ်မြို့မှ မန္တလေးမြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ် တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် Dynam Battery ၁၉ လုံး အပါအဝင် ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၅၈၀၀၀)ကို လည်းကောင်း၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသော Aung Zeya Micro Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၅၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အမှုတွဲ ၁၄ မှု**

သို့ဖြစ်ပါ၍ မေ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၄ မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၉၁၇၃၉၄၉၂) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၂၂**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရှင်စောပုရပ်ကွက်နေ သဇင်အိ(ခ)သဲသဲသည် ၎င်းအသုံးပြုသည့် “Thazin Ei” Facebook အကောင့်၊ ဥက္ကလာမြို့သစ်(၇)ရပ်ကွက်နေ ချောစံပယ်စိုးသည် ၎င်းအသုံးပြုသည့် “Jasmine Soe” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပြည်လုံချမ်းသာရပ်ကွက်နေ ဝေလျှံဖြိုး (ခ) ဝီလီသည် ၎င်းအသုံးပြုသည့် “Wai Liang Phyo” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် အမှတ်(၁၆)ရပ်ကွက်နေ ယဉ်ယဉ်မွန်သည် ၎င်းအသုံးပြုသည့် “MOE HTET Photo Studio & Photo Service” Facebook အကောင့်၊ မရမ်းကုန်းမြို့နယ် အမှတ်(၄)ရပ်ကွက်နေ မြတ်သူသူသည် ၎င်းအသုံးပြုသည့် “Myat Thu Thu” Facebook အကောင့်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်နေ ကျော်စိုးနိုင်(ခ)ယာကွတ်သည် ၎င်းအသုံးပြုသည့် “KO LIN” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှု ဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပုလောမြို့နယ်၌ မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွား

**နေပြည်တော် မေ ၂၂**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်၌ မေ ၂၁ ရက်က မီးကြွင်းမီးကျန်မှတစ်ဆင့် မီးလောင်မှုဖြစ်ပွားသည်။

ဖြစ်စဉ်မှာ မေ ၂၁ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်ခန့်က ပုလောမြို့နယ် အမှတ်(၁)ရပ်ကွက်၌ မီးလောင်မှုဖြစ်ပွားကြောင်းသတင်းအရ ပုလောမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က ရေသယ်ယာဉ်နှစ် စီး၊ မီးသတ်ယာဉ် လေးစီးတို့ဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ တစ်နာရီခန့်အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်း၊ အဆိုပါ ရပ်ကွက်နေ မချိုချိုသွေး (၂၆)နှစ်၏ နေအိမ်ရှိ မီးဖိုချောင်တွင်အသုံးပြုသည့် မီးကြွင်းမီးကျန်မှတစ်ဆင့် မီးစတင်လောင်ကျွမ်းခဲ့ပြီး နေအိမ် စုစုပေါင်း ၂၁ လုံး မီးကူး စက်လောင်ကျွမ်းခဲ့သဖြင့် မချိုချိုသွေးအား ပုလောမြို့မရဲစခန်း အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**



# ရန်ကုန်တိုင်းဒေသကြီးအတွင်း ဘုန်းတော်ကြီးကျောင်းများအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဧပြီ ၂၂**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းကြီးကျောင်း၊ သီလရှင်ကျောင်းများတွင် ဆွမ်း၊ ကွမ်း အခက်အခဲမရှိစေရေးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးကို ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းတွင် ဒဂုံမြို့သစ် ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ တာဝန်ရှိသူများသည် ရန်ကုန်တိုင်းဒေသကြီး မြဝတီမင်းကြီး ၁ လမ်း (၅၁) ရပ်ကွက် မြောက်ဒဂုံမြို့နယ် မဏိရတနာကျောင်းရှိ ရဟန်း၊ သံဃာတော်များနှင့် စာသင်သား သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုးတို့ကို သွားရောက်ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။



**သတင်းစဉ်**

# သန်လျင်၌ ကဆုန်လပြည့်ဗုဒ္ဓနေ့ ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပမည်

**သန်လျင် ဧပြီ ၂၂**

သန်လျင်မြို့ ကျက်သရေဆောင် မဟာအတုလရံသီ သာသနာ့ဗိမာန်တော်ကြီးတွင် လာမည့်မေ ၃ ရက် (ကဆုန်လပြည့်နေ့) နံနက် ၇ နာရီတွင် ဗိမာန်ဝင်းအတွင်းရှိ မဟာဗောဓိညောင်ပင်၌ ညောင်ရေသွန်းလောင်း ပူဇော်မည်ဖြစ်သည်။

ထို့အတူ နံနက် ၈ နာရီတွင် သာသနာ့ဗိမာန်ကြီး၏ ဩဝါဒါစရိယ သန်လျင်မြို့ ချမ်းမြေ့သာယာရေး စာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တကုမာရ ဦးဆောင်၍ ဗုဒ္ဓနေ့ အခမ်းအနား ကျင်းပမည်ဖြစ်သည်။

အဆိုပါသန်လျင်မြို့နယ်လုံးဆိုင်ရာ ကဆုန်လပြည့်ဗုဒ္ဓနေ့ အခမ်းအနားသို့ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာ ဘာသာရေး အသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများ ပါဝင်ကုသိုလ်ပြုနိုင်ကြရန် တိုက်တွန်း နှိုးဆော်လျက်ရှိကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

# နာဂဒေသ လဟယ်မြို့တွင် နွေရာသီ ကွန်ပျူတာ၊ အင်္ဂလိပ်စာသင်တန်း ဖွင့်လှစ်သင်ကြား

**လဟယ် ဧပြီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် သာသနာ့ပါလ ပရဟိတကျောင်းနှင့် ရန်ကုန်မြို့ Ability School သင်တန်းကျောင်းတို့မှ ကြီးမှူးဖွင့်လှစ်သော ဒုတိယအကြိမ် Summer Computer & English Course နွေရာသီ တစ်လတာ ကွန်ပျူတာ၊ အင်္ဂလိပ်စာ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီက လဟယ်မြို့ မာလာတောင်အားကစားခန်းမ၌ ကျင်းပသည်။

**အဖွင့်အမှာစကားပြောကြား**

ရှေးဦးစွာ လဟယ်မြို့နယ် လုံခင်ထေရဝါဒ ဗုဒ္ဓသာသနာပြု ဆရာတော် အရှင်နန္ဒောဘာသက အဖွင့်ဩဝါဒ စကားမိန့်ကြားပြီး နာဂစီမံအုပ်ချုပ်ရေး အဖွဲ့အတွင်းရေးမှူး ဦးနေမင်းသူက သင်တန်းဖွင့် အမှာစကားပြောကြားသည်။

**ကျေးဇူးတင်ဝမ်းမြောက်**

ဆက်လက်၍ ရန်ကုန်မြို့ Ability School သင်တန်းနည်းပြ ဆရာတော် ဉူးကေသဝက သင်တန်းဖွင့်လှစ်ရခြင်း ရခြင်းရည်ရွယ်ချက်၊ သင်တန်းအကြောင်းနှင့် သင်တန်းဖွင့်လှစ်သင်ကြားမည့် အစီအစဉ်များနှင့် ပတ်သက်၍ မိန့်ကြားတော်မူသည်။ ၎င်းနောက် လဟယ်မြို့ သာသနာ့ပါလ ပရဟိတကျောင်းအုပ်ဆရာတော် ဉူးသာသနာ့က ကျေးဇူးတင် ဝမ်းမြောက်ကြောင်း မိန့်ကြားတော်မူသည်။

ထို့နောက် သင်တန်းကာလအတွင်း လိုအပ်သော မီးစက်ဆီနှင့် အထွေထွေ လိုအပ်ချက်အတွက် လှူဒါန်းပေးကြသော အလှူရှင်များကို ဂုဏ်ပြုလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သင်ကြားပို့ချ**

အဆိုပါသင်တန်းတွင် အင်္ဂလိပ်စာ သင်တန်းသား သင်တန်းသူ ၂၀၀၊ ကွန်ပျူတာသင်တန်းသား သင်တန်းသူ ၆၀ စုစုပေါင်း ၂၆၀ အား သင်တန်းနည်းပြဆရာ ရှစ်ဦးဖြင့် တစ်လတာ သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။



**လဟယ်(ပြန်/ဆက်)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ကျောက်မြောင်း(အထက်)ရပ်ကွက်၊ ဒဂုံသီရိလမ်း၊ တိုက်အမှတ်(၉၀)ရှိ မြေရှင်ပိုင်(မြေညီထပ်+ပထမထပ်) တိုက်ခန်း(၂)ခန်းကို အရောင်းအဝယ် ပြုလုပ်ခြင်းအပေါ် ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

အထက်လိပ်စာပါ တိုက်ခန်း(၂)ခန်းကို မိခင် ဒေါ်တင်တင်ဝင်း(မြေရှင်)(ကွယ်လွန်)ပြီးနောက် တစ်ဦးတည်း အမွေဆက်ခံပိုင်ဆိုင်သူဖြစ်ပါကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုပြီးရောင်းသူ ဦးကြည်ဝင်း ၁၂/မဂဒ(နိုင်)၀၁၆၂၇၃၊ ၎င်း၏ ကိုယ်စားလက်မှတ်ရေးထိုးငွေလက်ခံယူသူ ဒေါ်စုစုခင် ၁၂/မဂဒ(နိုင်)၀၁၆၂၇၂ ထံမှ ဒေါ်နိုင်နိုင် ၁၁/စတန(နိုင်)၀၂၆၉၈၀ က လက်ရောက်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ယင်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း သက်ဆိုင်ရာစာချုပ်၊စာရွက်စာတမ်းမူရင်းများနှင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေအရ ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်သိန်းကျော်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၆၇၃/၂၀၁၂)
ရုံးခန်း-အမှတ်(၃၈)၊ ပထမထပ်၊ သမိန်ဗရမ်းလမ်း၊ ဌေးကြွယ်(က)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၆၁၀၃၆၉၀၆၊ Facebook:land lawyer 1

# ၁၃၈၄ - ၈၅ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် Short Film ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် ဧပြီ ၂၂**

၁၃၈၄-၈၅ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် Short Film ပြိုင်ပွဲကို Royal Apex က ကြီးမှူးကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

၁၃၈၄-၈၅ မြန်မာ့ရိုးရာအတာသင်္ကြန်ပွဲတော် Short Film ပြိုင်ပွဲကို Royal Apex က ကြီးမှူးကျင်းပသည့် ရည်ရွယ်ချက်အနေဖြင့် ယခုအခါ နိုင်ငံခြားတိုင်းပြည်များမှ ၎င်းတို့၏ ရိုးရာပွဲတော်အဖြစ် ပုံတူကူးချမွေးစားလာကြခြင်းကြောင့် မြန်မာ့ရိုးရာသင်္ကြန်ထုံးတမ်းစဉ်လာများအား ကမ္ဘာသိအောင်ဂုဏ်ပြုလိုခြင်းကြောင့် ယခုပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ဟု Royal Apex မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ယခုပြိုင်ပွဲတွင် မြန်မာနိုင်ငံတစ်ဝန်းမှ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲအားနှစ်ပိုင်းခွဲ၍ ပြုလုပ်မည်ဖြစ်ကာ Professional အဆင့်နှင့် ဝါသနာရှင်အဆင့်ဟူ၍ ခွဲခြားထားသည်။ Professional အဆင့်တွင် မည်သည့်ကင်မရာအမျိုးအစားနှင့်မဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ဝါသနာရှင်အဆင့်တွင် မည်သည့် ဖုန်းအမျိုးအစားနှင့်မဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်မည် ဖြစ်သည်။ ဆုကြေးများအနေဖြင့် Professional အဆင့်တွင် ပထမဆု ငွေကျပ်သိန်း ၂၀၊ ဒုတိယဆု ငွေကျပ် ၁၅ သိန်း၊ တတိယဆုငွေကျပ် ၁၀ သိန်း၊ နှစ်သိမ့်ဆု သုံးဆုအား ငွေကျပ် ငါးသိန်းစီ ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်သွားမည်ဖြစ်ပြီး ဝါသနာရှင်အဆင့်အတွက် ပထမဆု ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆုအတွက် ငွေကျပ် ငါးသိန်း၊ တတိယဆုအတွက် ငွေကျပ် သုံးသိန်း၊ နှစ်သိမ့်ဆု သုံးဆုအတွက် ငွေကျပ် တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။

ယခုပြိုင်ပွဲအတွက် ဇာတ်လမ်းတိုကို ယခုနှစ် မြန်မာ့ရိုးရာအတာသင်္ကြန်ကို သေချာပီပြင်စွာ ရိုက်ကူးပုံဖော်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဥပမာအားဖြင့် မြန်မာဆန်စွာ ရေပက်ကစားခြင်း၊ စတုဒိသာကျွေးမွေးခြင်း၊ ဇိဝိတဒါနဘေးမဲ့လွှတ်ခြင်းများ၊ သက်ကြီးဘိုးဘွားများကို ဆံပင်ညှပ်ခြင်း/ခေါင်းလျှော်ခြင်း/ခြေသည်း လက်သည်းညှပ်ခြင်းများ၊ သင်္ကြန်တွင်းအခါကြီးရက်ကြီး ဥပုသ်သီလစောင့်တည်တရားနာခြင်း၊ ရဟန်းသံဃာများ ပရိတ်ရွတ်ဖတ်သရဇ္ဈာယ်ခြင်း စသည့် မြန်မာ့ရိုးရာအတာသင်္ကြန်နှင့် သက်ဆိုင်သော ပုံရိပ်များ စုံလင်စွာပါရှိရမည်ဖြစ်သည်။




ယခုပြိုင်ပွဲဝင် Short Film များကို Myanmar Thingyan Festival 2023 Page တွင် တင်ဆက်သွားမည်ဖြစ်ပြီး Like and Share အများဆုံး Short Film ကို People Choice Award အဖြစ် အထူးဆုအနေဖြင့် ငွေကျပ် သုံးသိန်း ချီးမြှင့်သွားမည်ဖြစ်သည်။ Short Film ကို ကြာချိန် ငါးမိနစ်ထက် မပိုစေဘဲ 1080 x 720 DPI HD Quality ဖြင့် ပေးပို့ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

Short Film နှင့်အတူ Stay ပုံ ငါးပုံပါ ထည့်သွင်း၍ ဧပြီ ၃၀ ရက် နောက်ဆုံးထားကာ ich.myanmar.thingyan@gmail.com ကို ပေးပို့ရမည်ဖြစ်သည်ဟု သိရသည်။ ပြိုင်ပွဲဝင်ဆုရ Short Film များအား အများပြည်သူအကျိုးအတွက် အသုံးပြုခြင်းကို ခွင့်ပြုရမည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**

# ဖူလ်ဟမ်ကို ရှုံးနိမ့်ခဲ့သည့်အတွက် လက်ကျန်ပွဲစဉ်များကို ရုန်းကန်ရတော့မည့် လိဒ်စ်

ဧပြီ ၂၂ ရက် ညပိုင်းက အစောဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ် (၃၂)မှ ဖူလ်ဟမ်နှင့် လိဒ်စ်အသင်းတို့ ပွဲစဉ်တွင် ဖူလ်ဟမ်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

တန်းဆင်းဇုန် ဖိအားရှိနေသည့် လိဒ်စ်အသင်းသည် မဖြစ်မနေနိုင်ပွဲရရှိရန် လိုအပ်သော်လည်း နိုင်ပွဲရရှိသည်အထိ လုံလောက်သော ခြေစွမ်းပြသနိုင်ခြင်း မရှိခဲ့ချေ။ ပွဲချိန် ၅၈ မိနစ်တွင် ဟယ်ရီဝီလ်ဆင် ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ဖူလ်ဟမ်အသင်း ဦးဆောင်ဂိုးရရှိခဲ့သည်။

ပွဲချိန် ၇၂ မိနစ်တွင် ဖူလ်ဟမ်အသင်း ဒုတိယဂိုးရရှိခဲ့ပြီး ပါရဲရားက သွင်းယူနိုင်ခဲ့သည်။ ပွဲချိန် ၇၉ မိနစ်တွင် ဖူလ်ဟမ်ကွင်းလယ်ကစားသမား ပေါ်လင်ဟာ ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့၍ လိဒ်စ်အသင်း ချေပဂိုးတစ်ဂိုး ရရှိခဲ့သည်။ ယခုပွဲ ရှုံးနိမ့်မှုကြောင့် လိဒ်စ်အသင်းသည် ၃၂ ပွဲ ကစားပြီး ၂၉ မှတ်သာ ရရှိထားသေးသည့်အတွက် လာမည့်နှစ် ပရီမီယာလိဂ်တွင် တင်ကျန်ရန် လက်ကျန်ပွဲစဉ်များတွင် ရလဒ်ကောင်း ရရှိရေး အစွမ်းကုန်ကြိုးပမ်း အားထုတ်ရတော့မည်ဖြစ်သည်။

ဖူလ်ဟမ်အသင်းက ယခုပွဲအနိုင်ရရှိမှုကြောင့် ၃၁ ပွဲကစားပြီး ရမှတ် ၄၅ မှတ်ဖြင့် အမှတ်ပေးဇယား အထက်ပိုင်းသို့ တက်လှမ်းနိုင်ခဲ့သည်။

အခြားပွဲစဉ်များတွင် လီဗာပူးက နော်တင်ဟမ်ကို သုံးဂိုး-နှစ်ဂိုး၊ လက်စတာက ဝုလ်ဖ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး ပဲလေ့စ်နှင့် အဲဗာတန် ဂိုးမရှိ သရေ၊ ဘရန့်ဖိုဒ်နှင့် ဗီလာ တစ်ဂိုးစီသရေဖြစ်ခဲ့သည်။

**အောင်ဇော်**

# မာရက်ဇ်၏ ဟက်ထရစ်သွင်းဂိုးဖြင့် မန်စီးတီးတို့ အက်ဖ်အေဖလားဗိုလ်လုပွဲတက်

အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲ ပထမပွဲစဉ်ကို ဧပြီ ၂၂ ရက် ညပိုင်းက ဝင်ဘလေကွင်း၌ မန်စီးတီးနှင့် ရှက်ဖီးယူနိုက်တက်တို့ ယှဉ်ပြိုင်ကစားရာ မာရက်ဇ်၏ ဟက်ထရစ်သွင်းဂိုးဖြင့် မန်စီးတီးက သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲတက်ရောက်သွားသည်။

ပရီမီယာလိဂ်အသင်းကြီး မန်စီးတီးတို့အနေဖြင့် ချန်ပီယံရှစ်မှ ရှက်ဖီးယူနိုက်တက်ကို ကစားကွက်အသာ၊ ခြေအသာဖြင့် အနိုင်ယူနိုင်ခဲ့သည်။ မန်စီးတီးအတွက် ဂိုးများကို မာရက်ဇ်က ပထမပိုင်း ၄၃ မိနစ်တွင် ပယ်နယ်တီနှင့် ၆၁ မိနစ်နှင့် ၆၆ မိနစ်တို့တွင် သွင်းယူပေးခဲ့သည်။

**အောင်ဇော်**

## အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ နံ့သာကျေးရွာတွင် နေထိုင်သော (ဘ) ဦးဇော်ဝင်းနိုင် ၈/ပမန(နိုင်)၁၉၀၈၈၂ ၏သမီး မသူဇာလှိုင်အား မဟေမာန်နှင်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မဟေမာန်နှင်း**

## ဖောင်းကြွပျောက်ဆုံးခြင်း

ယာဉ်အမှတ် 9M/6362 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး(ထားဝယ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8A/9858, Nissan Candar CM 87K, Truck (4X2)R ယာဉ်လက်ဝယ်ရှိသူ ဦးဖုန်ကျင်ချွန်း(ခ) သိန်းမောင် ၁၃/ကမန(နိုင်)၀၅၅၁၈၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ကျောက်မဲမြို့)**

## အမည်ပြောင်း

ဦးသော်ဇင်လင်း ၈/ဆပဝ(နိုင်)၀၈၃၄၅၉၏သမီး၊ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ်၊ အမက(လွန်ချီ) Grade-2 မှ မအေးအေးအောင်အား မနှင်းရွှေဇင် ဟု ပြောင်းလဲခေါ်ပါရန်။

**မနှင်းရွှေဇင်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
### စိုက်ပျိုးရေးသုတေသနဦးစီးဌာန
### နေပြည်တော်- ရေဆင်း

၁။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအတွက် အောက်ပါတည်ဆောက်ရေးလုပ်ငန်း(၂)မျိုး Lot(၂)ခုကိုမြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည် -

| | | | |
|---|---|---|---|
| (က) | ဓာတ်ခွဲခန်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း Room No.301 (701.5 sqft), 301B (170.5 sqft), 302(170.5 sqft), 303(701.5 sqft), 303B(345.0sqft) & Corridor Ceiling Work | 1 Lot | ဇေယျာသီရိမြို့နယ် |
| (ခ) | (၁၀၀' x ၄၇'x ၂၄') နှစ်ထပ်(ဓာတ်ခွဲခန်း) RC အဆောက်အအုံအသစ်တည်ဆောက်ခြင်း (၁၂၀' x ၂၀') ကွန်ကရစ်လမ်းအပါအဝင် | 1 Lot | ဇေယျာသီရိမြို့နယ် |

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၄-၅-၂၀၂၃ ရက်၊ (ရုံးချိန်အတွင်း)

၃။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရုံးချုပ်) စီမံခန့်ခွဲရေးနှင့်ပြင်ဆင်ထိန်းသိမ်းရေးဌာနခွဲ

၄။ **တင်ဒါလျှောက်လွှာအရောင်းပိတ်ရက်** - ၁၂- ၅ -၂၀၂၃ ရက်၊ ညနေ (၁၆:၃၀) နာရီ

၅။ **တင်ဒါလျှောက်လွှာတင်သွင်းရမည့်ရက်** - ၁၅-၅-၂၀၂၃ ရက်၊ ညနေ (၁၆:၃၀) နာရီ

၆။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၃၄၁၆၅၉၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးသုတေသနဦးစီးဌာန**


မ/ဥက္ကလာ နွယ်နီတိုက်ခန်းရောင်းမည်

အဝိုင်းအနီး၊ (ဃ)ဈေးရှေ့၊ သုခမ္မာလမ်းကျောကပ်၊ နွယ်နီ ၈ လမ်း၊ ၁၅ ပေ × ၆၀ ပေ မြေညီထပ် အခန်း (၁) ခန်းဖွဲ့၊ တိုက်သစ်၊ လေဝင်လေထွက်ကောင်း၊ မှတ်တိုင်နီး၊ ဈေးနီး၊ ဘဏ်နီး။ *** ဘဏ်ချိတ်ရ

သိန်း (၈၉၀) ညှိနှိုင်း 09 43021001


## အထူးကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းကြောင်းကြေညာခြင်း

၂၂-၉-၂၀၂၁ရက်တွင် ကျွန်မ ဒေါ်နန်းသူဇာအောင်သို့ ဦးသိန်းအောင်မှ ဒက္ခိဏသီရိမြို့နယ်၊ ဦးပိုင်/မြေကွက် အမှတ်(၂)၊ ဧရိယာ ၂၅ဒသမ၀၀ ဧကရှိ မြေနှင့်ပတ်သက်၍ နေပြည်တော် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၃၁၀/၂၀၂၁)ကို ယနေ့ ၂၂-၄-၂၀၂၃ရက်မှစ၍ အပြီးအပိုင်ရုပ်သိမ်းကြောင်း ကြေညာလိုက်ပါသည်။

**ဒေါ်နန်းသူဇာအောင်**
**၉/မနမ(နိုင်)၁၂၃၁၂၇**
**ဖုန်း-၀၉-၂၅၂၅၁၁၂၂၀**

## မန္တလေးကွန်ပျူတာတက္ကသိုလ် (၁၄) ကြိမ်မြောက်ဘွဲ့နှင်းသဘင် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မန္တလေးကွန်ပျူတာတက္ကသိုလ် မှ ၂၀၁၇-၂၀၁၈ပညာသင်နှစ်၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တို့တွင် အောင်မြင်ခဲ့သော Ph.D.(IT) ဘွဲ့သင်တန်း၊ M.C.Sc./ M.C.Tech/ M.I.Sc./ B.C.Sc. (Business Information Systems)/B.C.Sc.(High Performance Computing)/ B.C.Sc. (Knowledge Engineering)/ B.C.Sc.(Software Engineering)/ B.C.Tech. (Computer Communication and Networks) ဘွဲ့သင်တန်းစာမေးပွဲအောင်မြင်ပြီးသူများအတွက် မန္တလေးကွန်ပျူတာတက္ကသိုလ် (၁၄) ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို မန္တလေးကွန်ပျူတာ တက္ကသိုလ် အခန်းအမှတ် (၁၀၄) တွင် (၂၆-၅-၂၀၂၃) ရက် (သောကြာနေ့) အစမ်းလေ့ကျင့်ပွဲနှင့် (၂၇-၅-၂၀၂၃) ရက် (စနေနေ့) တွင် ဘွဲ့နှင်းသဘင် ကျင်းပ ပြုလုပ်မည်ဖြစ်ပါသည်။

၂။ ဘွဲ့နှင်းသဘင် လျှောက်လွှာလျှောက်ထားလိုသူများသည် မန္တလေးကွန်ပျူတာတက္ကသိုလ်တွင် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် (၃)လအတွင်းရိုက်ကူးထားသော 1½"x 2" အရွယ်ဓါတ်ပုံ (၃)ပုံ ပူးတွဲ၍ ဘွဲ့နှင်းသဘင်တက်ရောက်ရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်ဟု ထင်ရှားစွာ ဖော်ပြလျက် ၂၀၂၃ ခုနှစ်၊ မေလ (၁၂) ရက်နေ့နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြပါသည်။

၃။ ဘွဲ့နှင်းသဘင်ကြေးမှာတက်ရောက်ဘွဲ့ ၁၅၀၀၀/-(ကျပ်တစ်သောင့်ငါးရာတိတိ)၊ အဝေးရောက်ဘွဲ့ ၁၀၀၀၀/-(ကျပ်တစ်ထောင်တိတိ) ကို မန္တလေးကွန်ပျူတာတက္ကသိုလ် ငွေစာရင်းဌာနတွင်ပေးသွင်းရမည်။

၄။ ရပ်ဝေးမှဘွဲ့နှင်းသဘင်လျှောက်လွှာပေးပို့လိုသူများသည် စာတိုက်ငွေပို့လွှာ (Postal money order) ဖြင့် ပေးပို့နိုင်ပါသည်။ငွေပို့လွှာအောက်ခြေတွင် “ဘွဲ့နှင်းသဘင်ကြေးပေးပို့ခြင်း” ဟုဖော်ပြပြီး မန္တလေး ကွန်ပျူတာတက္ကသိုလ်သို့လိပ်မူ၍လျှောက်လွှာရှင်၏အမည်၊ ဘွဲ့ရတက္ကသိုလ်ဝင်မှတ်ပုံတင်အမှတ် (မကပတ)၊ အထူးပြုဘာသာ၊ ပညာသင်နှစ်၊ အောင်မြင်သည့်ခုနှစ်နှင့်လ၊နေရပ်လိပ်စာအပြည့်အစုံကို တိကျစွာ ဖော်ပြရ မည်။ (ပြည့်စုံစွာဖော်ပြထားခြင်းမရှိသည့် ငွေပို့လွှာများကိုလက်ခံမည်မဟုတ်ပါ။)

၅။ ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည်မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံတို့အနက် နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။ မြန်မာ့ယဉ်ကျေးမှုဓလေ့နှင့် ကိုက်ညီမှုမရှိသော ဝတ်စားဆင်ယင်မှုဖြင့်တက်ရောက်ခြင်းကို (အစမ်းလေ့ကျင့်ပွဲအပါအဝင်) လုံးဝခွင့်ပြုမည် မဟုတ်ပါ။

၆။ ယခင်နှစ်များက ပထမဘွဲ့ယူပြီး၍ ယခုနှစ်အတွက်ဘွဲ့လွန်ဘွဲ့ယူရန် လျှောက်ထားသူများသည် မူလ ဘွဲ့လက်မှတ်မိတ္တူကို ပူးတွဲတင်ပြလျှောက်ထားရမည်။

၇။ ယခင်နှစ်များကဘွဲ့ရစာမေးပွဲအောင်မြင်သူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင် သည်။

၈။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသသဘင်အခမ်းအနားသို့တက်ရောက်ရန်ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်တွင်မှသာ ထုတ်ပေးမည် ဖြစ်ပါသည်။

၉။ ဘွဲ့နှင်းသဘင်ကျင်းပမည့် အသေးစိတ်အစီအစဉ်များကို မန္တလေးကွန်ပျူတာတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် ၀၉-၇၅၂၃၀၂၁၁၅ သို့ ဆက်သွယ်စုံစမ်း နိုင်ပါသည်။

**ဌာနကြီးမှူး(သင်တန်းရေးရာ)၊ မန္တလေးကွန်ပျူတာတက္ကသိုလ်**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7D/6305 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၅)၊ စိတ္တလမ်း၊ အောင်သုခရပ်ကွက်၊ အိမ်အမှတ် (၁၁၅)နေ ဒေါ်ထွေးထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သိစေအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ထွေးထွေး၏သားဖြစ်သူ မောင်သက်ဇော်မြင့်သည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော အရှုပ်အရှင်းကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ခိုင်ဦး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၃၆၇)**
**ရပ်ကွက်ကြီး (၁၀)၊ ပြင်ဦးလွင်မြို့**

## အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၀၈(A)၊ လူနေရပ်ကွက် အမှတ် -တောင်သူစု၊ ၂/ခ ရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ မြေကွက်အမှတ် ၂၅၉+၂၆၀၊ မြေအမျိုးအစား ဂရန်မြေ၊ မြေ ဧရိယာ ၀ဒသမ၁၄၄ ဧကရှိ မြေကွက်(၂)ကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား မူလဂရန် အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်ညွှန့်ညွှန့်ဝေ ၁၂/စခန(နိုင်)၀၀၈၃၂၉၊ ဒေါ်သင်းသင်းစိုး ၁၂/ကမတ(နိုင်)၀၁၅၄၇၃ တို့ထံမှ အရောင်းအဝယ် ဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးလက်ဝယ်ထားရှိပိုင်ဆိုင်သူဟုဆိုသူ ဦးဝင်းသိန်းထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ချောကေခိုင် ၈/တတက(နိုင်)၁၀၂၈၉၉ က ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားပြီး အဆိုပါ မြေအပါအဝင် စာချုပ်စာတမ်းမူရင်းများကို လက်ရောက်လက်ခံလွှဲပြောင်းရယူ ပိုင်ဆိုင်ခဲ့ပြီး ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ တစ်ဦးတည်းမှသာ ပိုင်ဆိုင်ပါကြောင်းနှင့် စီမံခန့်ခွဲပိုင်ဆိုင်ခွင့်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချောကေခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်ထွဋ်မြင့်(H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ(၆၉၇၅)(၂၀-၂-၂၀၀၁)**
**အမှတ် ၄၈၃၊ မြရတနာ ၁လမ်း၊ (ခ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်**
**ဖုန်း-၀၉-၂၅၀၆၅၉၃၃၉**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် အသံလွှင့်ကျွမ်းကျင်(၂)(တိုင်းရင်းသား) (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး (၅)နေရာ လစ်လပ်လျက်ရှိရာ တိုင်းရင်းသား(ကချင်၊ ကယန်း၊ ချင်း(ချိုး)၊ ဂေဘား၊ မွန်၊ 'ဝ'၊ ကိုးကန့်၊ ပအိုဝ်း၊ ခနု) ဘာသာများမှ သတ်မှတ်အရည်အချင်းနှင့် ပြည့်မီသူများ လျှောက်ထားနိုင်ပါသည်။

၂။ လျှောက်ထားသူသည် -

(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) (၃၀-၄-၂၀၂၃)ရက်နေ့တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်၍ အအေးခန်းတွင် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ဃ) ရွေးချယ်ခြင်းခံရသူများသည် အမြဲတမ်း ဝန်ထမ်းအဖြစ် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။

(င) နေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်နိုင်ရမည်။

(စ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။ အနည်းဆုံးပညာအရည်အချင်းသတ်မှတ်ချက်မှာ အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်ဖြစ်ပြီး မြန်မာဘာသာမှ သက်ဆိုင်ရာတိုင်းရင်းသားဘာသာသို့ ကျွမ်းကျင်စွာ ဘာသာပြန်ဆို ရေးသားနိုင်ခြင်း၊ တိုင်းရင်းသားဘာသာစကားအား ကျွမ်းကျင်စွာပြောဆိုနိုင်ခြင်းရှိရမည်။

၃။ အရည်အချင်းပြည့်မီသူများကို ရွေးချယ်ခန့်ထားရေးအတွက် အရည်အချင်းစစ်ဆေးရေးစာမေးပွဲ ရေးဖြေ(မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ၊ သက်ဆိုင်ရာတိုင်းရင်းသားဘာသာ)နှင့် လူတွေ့ကို နေပြည်တော်တွင် ဖြေဆိုရမည်ဖြစ်ပြီး လျှောက်လွှာများကို ကိုယ်ရေးရာဇဝင်အကျဉ်းနှင့် အောက်ပါစာရွက်စာတမ်းများ ပူးတွဲလျက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်-တပ်ကုန်းသို့ (၂၁-၅-၂၀၂၃)ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။ (စာတိုက်မှသော်လည်းကောင်း၊ တိုက်ရိုက်ပို့၍သော်လည်းကောင်း နောက်ကျမှရောက်ရှိလာသော လျှောက်လွှာများနှင့် ပြည့်စုံမှုမရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

(က) ကိုယ်ရေးရာဇဝင်အကျဉ်း (လက်ရှိနေထိုင်လျက်ရှိသည့် လိပ်စာနှင့် ဆက်သွယ်ရန် ဖုန်းနံပါတ်များ ထည့်သွင်းရန်)

(ခ) ဘွဲ့လက်မှတ်မိတ္တူ/ သတ်မှတ်ထားသည့် ပညာအရည်အချင်းမိတ္တူ

(ဂ) ဒီပလိုမာအောင်လက်မှတ်များရှိပါက မိတ္တူ

(ဃ) အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(င) သက်ဆိုင်ရာမြို့နယ်ရဲစခန်းမှ လျှောက်လွှာပိတ်ရက်မတိုင်မီ (၃)လအတွင်း ရရှိထားသည့် ပြစ်မှုကင်းရှင်းကြောင်းထောက်ခံချက်မူရင်း

(စ) လိုင်စင်ဓာတ်ပုံ(၂)ပုံ (ဓာတ်ပုံနောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)

(ဆ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဇ) ဝင်ကြေးငွေကျပ် ၂၀၀၀ိ/-ပေးသွင်းသည့် ချလန်မူရင်း (သို့မဟုတ်) စာတိုက်ငွေပို့လွှာ (Money Order) ပြေစာမူရင်း

၄။ စာမေးပွဲဝင်ကြေးငွေကျပ် ၂၀၀၀ိ/-ကို မြန်မာ့စီးပွားရေးဘဏ်၊ တပ်ကုန်းမြို့ ငွေစာရင်းအမှတ်၊ အမ်ဒီ ၀၁၀၃၉၀ သို့လည်းကောင်း၊ ရန်ကုန်မြို့အတွက် မြန်မာ့စီးပွားရေးဘဏ်၊ ကမာရွတ် ငွေစာရင်းအမှတ်၊ အမ်ဒီ ၀၁၀၆၆၉သို့လည်းကောင်း၊ ကျန်ပြည်နယ်/တိုင်းဒေသကြီးများမှ လျှောက်လွှာများပေးပို့လိုပါက ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်-တပ်ကုန်းသို့ လိပ်မူ၍ သက်ဆိုင်ရာ စာတိုက် (သို့) အမြန်ချောပို့များမှတစ်ဆင့် ဤဌာနသို့ ငွေပို့လွှာ (Money Order)ဖြင့် ပူးတွဲ၍လည်းကောင်း ပေးပို့ရပါမည်။

၅။ သတ်မှတ်ချက်ကိုက်ညီသည့် လျှောက်လွှာများအားစိစစ်၍ ရေးဖြေစာမေးပွဲဖြေဆိုရမည့် နေ့ရက်၊ အချိန်၊ နေရာတို့ကို သတင်းစာများမှ ထပ်မံကြေညာပေးမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်-တပ်ကုန်း၊ တယ်လီဖုန်းအမှတ်၊ ၀၆၇-၈၀၇၉၁၈၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ သုတ(၈)လမ်း၊ (၄)ရပ်ကွက်၊ တိုက်ခန်းအမှတ်(၃၅၇/ခ)၊ (၆)ထပ်တိုက်ရှိ(ဒုတိယထပ်)၊ ဧရိယာအကျယ်အဝန်း (၁၈ ပေ X ၅၄ ပေ) ရှိ ရေမီးစုံတိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဘောက်မိုင် (၁/ဝမန(နိုင်)၀၆၃၃၇၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန်းသန်းအေး(၁၂/ကမရ(နိုင်)၀၂၄၂၄၉) မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုရည်လှိုင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၄၃၄၅၀)**
**အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)ရပ်ကွက်၊ မြေကွက်အမှတ်(၇၆)၊ မိုးဟိန်းလမ်း၊ ဧရိယာအကျယ်အဝန်း (၄၃ ပေ X ၆၁ ပေ) (၀.၀၆၁ ဧက) (၂၆၇၂စတုရန်းပေ)ရှိ နှစ်(၆၀) ဂရန်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက် ဒေါ်ခိုင်ငွေထွန်း (၁၃/ရစန(နိုင်)၀၀၀၂၄၃) မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှလည်း အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေများကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်စုရည်လှိုင် (LL.B) အထက်တန်းရှေ့နေ (စဉ်-၄၃၄၅၀)**
**အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ ၃၉(A)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၂၂၄၄၉၄၂၂၊ ၀၉-၆၉၃၅၆၃၇၈၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး ၊ သာကေတမြို့နယ် ၊ (၄/တောင်)ရပ်ကွက် ၊ ကျောင်းလမ်း၊ တိုက်အမှတ်(၅၄၇)၊အခန်းအမှတ်(2/A)၊(ဒုတိယထပ်) (၃လွှာ/ခေါင်းရင်းခန်း) ၊ အကျယ်အဝန်း (၁၈ပေ× ၅၄ပေ)ရှိတိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကိုရောင်းချပိုင်ခွင့် ရှိကြောင်းအဆိုပြုသူ ဒေါ်နန်းမူ (၁၂/သကတ(နိုင်)၁၂၆၁၈၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

**ဦးအောင်ကျော်လှိုင် LL.B, အထက်တန်းရှေ့နေ(စဉ်-၄၃၆၈၈)**
**ဒေါ်သိမ့်သိမ့်ယမင်း LL.B, အထက်တန်းရှေ့နေ(စဉ်-၄၀၈၉၄)**
**Ph-09421746974, 09-254332312**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ရတနာဒီပရပ်ကွက် (၁၀)၊ မြို့မမြောက်ရပ်၊ မြေကွက်အမှတ် ပ-၃၃၄၀၅၊ ဒေါ်မြတ်မိုးသူ အမည်ပေါက်သည့် ဂရန်မြေ အကျယ်အလျား ပေ(၆၀x၄၀) မြေကွက်နှင့် ယင်းမြေကွက်၏ လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ထားရှိပိုင်ဆိုင်သူ ဒေါ်မြတ်မိုးသူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစည်သူအောင် အောင် ၁၂/မရက(နိုင်)၁၃၀၁၀၁မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ ဤမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသည့် မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ဇေယျ (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၄၁၉၀)**
**အခန်း (၃၅)၊ ရွာတော်မင်္ဂလာဈေး၊ ပုဗ္ဗသီရိမြို့**
**ဖုန်း-၀၉-၇၇၈၄၄၇၇၅၄**


မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ် လူသစ် ဘဝသစ်

## တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၃)၊ အခြေခံပညာ မူလတန်းကျောင်းမှ (လက်ထောက်မူလတန်းပြ) ဒေါ်မြတ်ဟယ်ရီကျော်၏ ဖခင်အမည်မှန်မှာ ဦးစောထူး(ခ)ဦးမျိုးအောင် ၁၂/အစန(နိုင်)၀၃၈၈၈၆သည် တစ်ဦးတည်းဖြစ်သည်မှာ မှန်ကန်ကြောင်း။

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၄)၊ အခြေခံပညာ မူလတန်းကျောင်းမှ (လက်ထောက်မူလတန်းပြ) ဒေါ်ဇင်မာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးကျော်မြိုင်၁၃/ရငန(နိုင်) ၀၂၄၄၃၇ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

မိုးကောင်းမြို့၊ နောင်ကိုင်တော်ရပ်ကွက်နေ (ဘ) ဦးသန့်ဇင်ဦး၏သမီး မနန်းအိအိဇင်အား မထက်ရတီဦးဟု ပြောင်းလဲခေါ်ပါရန်။

## မွေးသက္ကရာဇ်အမှန်

ခေါင်လန်ဖူးမြို့၊ မြို့မရပ်ကွက်(၂)နေ (ဘ) ဦးလေမယ်ဖူဆီးရဲ့၏သမီး မဒွေ့ဆာနာ ၁/ခဘဒ(နိုင်)၀၁၃၉၄၄၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၁၀-၂၀၀၂ ဖြစ်ပါသည်။

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးကျော်နိုင် ၈/မဘန(နိုင်)၀၇၈၃၈၉၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၅၃၆၆၀၉၆

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်စောသူဇာ ၈/သရန(နိုင်)၀၇၃၃၆၅၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၅၃၀၇၉၄၁

## ပတ်စ်ပို့ပျောက်

ကျွန်မ မစန်းစန်းဝင်း ၈/မသန(နိုင်)၁၃၂၀၆၂၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၀၁၅၃၅၁၈၃

## ပတ်စ်ပို့ပျောက်

ကျွန်မ မဖြူဖြူဝင်း ၈/မကန(နိုင်)၁၀၆၉၆၈၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းသို့ အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၅၃၆၆၀၉၆

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမောင်မောင်သန်း ၁၁/ပဏတ(နိုင်) ၀၅၀၆၈၄၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ) မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၆၁၈၅၃၅၀၀

## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
## ကချင်ပြည်နယ်ရုံး
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကချင်ပြည်နယ်ရုံး၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွက် ကချင်ပြည်နယ်ဘဏ္ဍာရန်ပုံငွေ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ပြည်နယ်အတွင်း၌ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါ လျှောက်လွှာများအား ၂၅-၄-၂၀၂၃ ရက်မှစတင်၍ ရုံးချိန်အတွင်း အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကချင်ပြည်နယ်ရုံး၊ မြစ်ကြီးနားမြို့၌ ဝယ်ယူလျှောက်ထားနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | လုပ်ငန်းအမည် | Lot နံပါတ် |
|---|---|---|
| ၁ | (က) ပူတာအိုခရိုင်/မြို့နယ်ရုံး "L" ပုံစံ RC(၂)ထပ် ဆောက်လုပ်ခြင်း (၆၀'x၂၀'x၂၈')(၃၀'x၂၀'x၂၈') | Lot-1 |
| | (ခ) ပူတာအိုခရိုင်/မြို့နယ်ရုံး ကျောက်စီရေမြောင်း တည်ဆောက်ခြင်းလုပ်ငန်း (၁၀၅'+၂၃') | |

၂။ **အိတ်ဖွင့်တင်ဒါစတင်တင်သွင်းရမည့်ရက်** - ၂၅-၄-၂၀၂၃ ရက်မှ ၉-၅-၂၀၂၃ ရက်အထိ

၃။ **အိတ်ဖွင့်တင်ဒါပိတ်မည့်ရက်** - ၉-၅-၂၀၂၃ ရက် (၁၆:၀၀)နာရီ

၄။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်နေရာ** - အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ တင်ဒါခေါ်ယူရေးကော်မတီရုံး

၅။ တင်ဒါဖွင့်ဖောက်စိစစ်မည့်ရက်အား ထပ်မံအသိပေး အကြောင်းကြားပါမည်။

၆။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၇။ အသေးစိတ်သိရှိလိုပါက အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကချင်ပြည်နယ်ရုံး ဖုန်း-၀၇၄-၂၅၂၂၆၈၃၊ ၀၇၄-၂၅၂၆၆၄၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ကချင်ပြည်နယ်တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန
## တိုက်ကြီးခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## အိတ်ဖွင့်တင်ဒါအမှတ်(၁/၂၀၂၃-၂၀၂၄)

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ တိုက်ကြီးခရိုင်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း တိုင်းဒေသကြီးရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်မည့် လမ်း/တံတားလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်လျက်ရှိသော လမ်းခင်းပစ္စည်း နှင့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ငန်းခွင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၈-၄-၂၀၂၃ ရက်၊ (သောကြာနေ့)

၃။ **တင်ဒါလျှောက်လွှာရောင်းချမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့

၄။ **တင်ဒါလျှောက်လွှာပိတ်မည့်နေ့ရက်/အချိန်** - ၁၂-၅-၂၀၂၃ ရက်၊ (သောကြာနေ့) ညနေ ၄:၃၀ နာရီ

၅။ **တင်ဒါဖွင့်ပွဲကျင်းပမည့်ရက်/အချိန်** - ၁၅-၅-၂၀၂၃ ရက်၊ (တနင်္လာနေ့) နံနက် ၁၀:၀၀ နာရီ

၆။ **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့

၇။ အသေးစိတ်သိရှိလိုပါက လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ တိုက်ကြီးခရိုင်၊ တိုက်ကြီးမြို့၊ ဖုန်း-၀၅၅-၂၂၂၀၀၂၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## သထုံမြို့နယ်တရားရုံးတော်
## ၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ်-၁

| | | |
|---|---|---|
| ဒေါ်ယမင်း | **နှင့်** | ဦးလှိုင်ဝင်းထွဋ် |
| **တရားလို** | | **တရားပြိုင်** |

မွန်ပြည်နယ်၊ သထုံမြို့၊ သိမ်ကုန်းရပ်ကွက်၊ ဂန္ဓာရုံကျောင်းလမ်း၊ အမှတ်(၇၄၈)နေ တရားပြိုင် ဦးလှိုင်ဝင်းထွဋ် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ခုနှစ် မေ ၂ ရက် (၁၃၈၅ ခုနှစ် ကဆုန်လဆန်း ၁၄ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန်ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၃ခုနှစ် ဧပြီ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဆွေမာဦး)**
**မြို့နယ်တရားသူကြီး**
**သထုံမြို့နယ်တရားရုံး**

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
## အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်
## ငွေရတုအထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေရန်အတွက် စာမူများတောင်းခံလွှာ

၁။ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို ၁၉၉၈ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ရာ လာမည့် ဒီဇင်ဘာလတွင် တက္ကသိုလ်ဖွင့်လှစ်ခြင်း ငွေရတုအထိမ်းအမှတ်သို့ ရောက်ရှိမည်ဖြစ်ပါသည်။

၂။ တက္ကသိုလ်ဖွင့်လှစ်ခြင်း ငွေရတုအထိမ်းအမှတ် ငွေရတုမဂ္ဂဇင်းကို ထုတ်ဝေမည်ဖြစ်ပါသဖြင့် မြန်မာ၊ ပါဠိ၊ အင်္ဂလိပ် မိမိနှစ်သက်ရာဘာသာဖြင့် ကဗျာ၊ အတ္ထုပ္ပတ္တိ၊ ဆောင်းပါး၊ ဝတ္ထုတိုတို့ကို အောက်ဖော်ပြပါ အချက်အလက်များ ပါဝင်စေလျက် ရေးသားပေးပို့နိုင်ပါရန် စာမူများ တောင်းခံအပ်ပါသည်-

(က) တက္ကသိုလ်ငွေရတုဆိုင်ရာအကြောင်းအရာ (ခ) တက္ကသိုလ်ပညာရေးဆိုင်ရာအကြောင်းအရာ
(ဂ) သာသနာရေးဆိုင်ရာ အကြောင်းအရာ (ဃ) ဗုဒ္ဓဘာသာဆိုင်ရာသုတေသနအကြောင်းအရာ

၃။ မြန်မာ၊ ပါဠိဘာသာအတွက် Pyidaungsu Font, Size 14 ဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာအတွက် Times New Roman Font, Size 12 ဖြင့်လည်းကောင်း ရေးသားပေးပို့ရပါမည်။

၄။ ကဗျာအတွက် စာမျက်နှာ ၁ မျက်နှာ မှ ၂ မျက်နှာအတွင်း၊ အတ္ထုပ္ပတ္တိ၊ ဆောင်းပါးနှင့် ဝတ္ထုတိုများအတွက် ၃ မျက်နှာ မှ ၅ မျက်နှာအတွင်း ရေးသားပေးပို့ရပါမည်။

၅။ နောက်ဆုံးပေးပို့ရမည့်ရက်မှာ ၂၀၂၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်ဖြစ်ပြီး Viber +959450009196, +959421083479, နှင့် Email venissariya.itbmu.108@gmail.com, theravamsa777@gmail.com တို့သို့ ပေးပို့ရမည်ဖြစ်ပါသည်။

**ငွေရတုမဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မော်လမြိုင်မြို့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၃-၂၀၂၄ ခု၊ ဘဏ္ဍာရေးနှစ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ မွန်ပြည်နယ်၏ ပြည်နယ်ဘဏ္ဍာ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မုဒုံမြို့နယ်၊ ကော့ပရံကျေးရွာတွင် ၃၃/၁၁ကေဗွီ (၃)အမ်ဗွီအေ ဓာတ်အားခွဲရုံ(၁)ရုံ အသစ်တည်ဆောက်ရာတွင် ပစ္စည်းများဝယ်ယူခြင်း Material Lot ၃ ခု အတွက် အိတ်ဖွင့်တင်ဒါ ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့်ရက်** - ၂၄-၄-၂၀၂၃ ရက်မှ ၁၆-၅-၂၀၂၃ ရက်ထိ

**တင်ဒါတင်သွင်းရမည့်ရက်** - ၁၇-၅-၂၀၂၃ ရက်မှ ၁၉-၅-၂၀၂၃ ရက်ထိ

**တင်ဒါလျှောက်လွှာဝယ်ယူ/တင်သွင်းရမည့်နေရာ** - မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မော်လမြိုင်မြို့

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းရမည့်ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်သိရှိလိုသည်များအား ရုံးချိန်အတွင်း လူကိုယ်တိုင်သော်လည်းကောင်း၊ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့လည်းကောင်း တိုက်ရိုက်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မွန်ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံး**
**မော်လမြိုင်မြို့**
**Ph-09-428725572,09-428725573**
**09-428725574,09-455454422**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)
## အမရပူရခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ် တရားမအထွေထွေမှုအမှတ် - ၁၂

**ကွယ်လွန်သူ ဒေါ်လှမြင့်(ခ)ဖွားတီမံ ၏ ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ ဆေးအိုးဘိုကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်လှမြင့်(ခ)ဖွားတီမံ ကျန်ရစ်သည့် အမရပူရမြို့နယ်၊ ဆေးအိုးဘိုကျေးရွာအုပ်စု၊ ကွင်းအမှတ် (၆၃၅-ဆေးအိုးဘို)၊ ဦးပိုင်အမှတ် (၄၉)၊ ဧရိယာ ၄ ဒသမ ၂၉ ဧက အကျယ်အဝန်းရှိ လယ်မြေကွက်ပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးသန်းရွှေပါ ၅ ဦးက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ် မေ ၈ ရက် (၁၃၈၅ ခုနှစ် ကဆုန်လပြည့်ကျော် ၅ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည် ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်လှမြင့်(ခ)ဖွားတီမံ၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွား သက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၃ ခုနှစ် မေ ၈ ရက် (၁၃၈၅ ခုနှစ် ကဆုန်လပြည့်ကျော် ၅ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့် သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဦးသန်းရွှေ ပါ-၅ ဦး ၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည် ဖြစ်သည်။

၂၀၂၃ ခုနှစ် ဧပြီ ၂၀ ရက်တွင် ဤရုံးတော် တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဌေးအောင်)**
**ခရိုင်တရားသူကြီး**
**အမရပူရခရိုင်တရားရုံး**

## CLAIMS DAY NOTICE
## MV PROSPECT OCEAN

Consignees of cargo carried by MV PROSPECT OCEAN are here by notified that the vessel will arrive on about 24-04-2023 and cargo will be discharged Into the premises of Yangon port.

Damaged cargo will be surveyed daily from (08:00) AM to (11:20) AM and (12:00) NOON to (04:00) PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည် -

**ဖုန်း- ၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရွှေညောင်ပင်ရပ်ကွက်၊ ကွင်းအမှတ်(၄၁)၊ ဦးပိုင်အမှတ် (၈/၄)၊ မြေဧရိယာ ၀ ဒသမ ၀၅၀ ဧကရှိ မြေကွက်သည် မူလက ဒေါ်ဝင်းကြည်(ခ)အန်းချင့်-ဒေါ်ဆိုက်ဟွမ်(ခ)ချိုချိုထွေး(၂)ဦးအမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၂၇၂၄(၃)၁၉၉၅-၁၉၉၆ အရ ၁-၄-၂၀၁၀ ရက်အထိ (၁၅)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန်ပူးတွဲအမည်ပေါက်သူ ဒေါ်ဆိုက်ဟွမ်(ခ)ချိုချိုထွေး (၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးရန်ကွေ့ရှင်း(ခ)အေးမောင်)က ၁၀-၃-၂၀၂၃ ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၁၀၃/၂၀၂၃)အရ မြေငှားဂရန်ပူးတွဲအမည်ပေါက်သူ ဒေါ်ဝင်းကြည်(ခ)အန်းချင့် ၁/မကန(နိုင်)၀၁၆၇၆၂ထံသို့အပြီးအပိုင်လွှဲပြောင်းပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ဝင်းကြည်(ခ)အန်းချင့်အမည်ဖြင့်မြေငှားဂရန်(အမည်လျှော့) လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ညောင်ရွှေမြို့၊ ရွာသာကျေးရွာအုပ်စု၊ ကံလှရွာနေ ဦးတိုးရ ၁၃/ညရန(နိုင်)၀၄၉၆၃၉-ဒေါ်သန်းတင် ၁၃/ညရန(နိုင်)၀၄၉၆၃၈တို့၏သမီးဖြစ်သူ မမျိုးမြင့်ဆွေ ၁၃/ညရန(နိုင်)၁၁၀၁၃၁ သည် မိဘတို့၏ ဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိဘများကို စိတ်ဆင်းရဲအောင်ပြုမူပြီး မိမိသဘောနှင့် နေအိမ်မှ ထွက်ခွာသွားပြီးနောက် ပြန်လာခြင်းမရှိသကဲ့သို့ မိဘများအား ဆက်သွယ်ခြင်းလည်း မပြုလုပ်တော့ပါ။ သို့ဖြစ်၍ မမျိုးမြင့်ဆွေအား ဦးတိုးရ-ဒေါ်သန်းတင် တို့၏သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်းနှင့် နောက်နောင်တွင် မမျိုးမြင့်ဆွေနှင့်ပတ်သက်သည့်ကိစ္စအဝဝမှာ ဦးတိုးရ-ဒေါ်သန်းတင်တို့နှင့် သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာပါသည်။

**ဦးတိုးရ-ဒေါ်သန်းတင်**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်) လွိုင်ကော်ခရိုင်၊ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်၊ လွိုင်ကော်ခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်ရန်ပုံငွေဖြင့်ဆောင်ရွက်မည့် Lot(1) လွိုင်ကော်မြို့နယ် ဒေါဆော်လီရေတင် ပင်မမြောင်း လိုင်နင်စီခြင်း(၃၅၂၅ ပေ)လုပ်ငန်းနှင့် Lot(2) လွိုင်ကော်မြို့ မိုင်းလုံး 1 MVA ထရန်စဖော်မာနှင့် VCB (၁)စုံ လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းများအတွက် မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသားလုပ်ငန်းရှင် မည်သူမဆို အိတ်ဖွင့်တင်ဒါ (Open Tender) လျှောက်လွှာတင်သွင်းနိုင်ပါသည်။

၂။ **တင်ဒါပုံစံစတင် ရောင်းချမည့်ရက်** - ၂၄-၄-၂၀၂၃ ရက်

၃။ **တင်ဒါပုံစံရောင်းချမည့် နေရာ** - ၂၄-၄-၂၀၂၃ ရက်မှစ၍(ရုံးချိန်အတွင်း) ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ လွိုင်ကော်ခရိုင်၊ နမ့်ဘော်ဝမ်(က)ရပ်ကွက်၊ လွိုင်ကော်မြို့

၄။ **တင်ဒါပုံစံပိတ်မည့် ရက်စွဲ/အချိန်** - ၇-၅-၂၀၂၃၊ (၁၂:၀၀ နာရီ)

၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက လွိုင်ကော်ခရိုင်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး ဖုန်း-၀၉-၅၆၀၀၉၄၉/၀၉-၄၂၈၀၀၃၁၀၅ သို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

## ကယားပြည်နယ်အစိုးရအဖွဲ့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကယားပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး နယ်စပ်ဒေသဖွံ့ဖြိုးရေး(မူလ)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ကယားပြည်နယ်အတွင်း ကယားပြည်နယ်အစိုးရအဖွဲ့၊ နယ်စပ်ဒေသဖွံ့ဖြိုးရေး(မူလ)ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လမ်းပြုပြင် (၂)ခု၊ မြေလမ်း (၄)လမ်း၊ ကျောက်လမ်း (၁၇)လမ်း၊ ကတ္တရာလမ်း (၂၁)လမ်း၊ ကွန်ကရစ်လမ်း (၁၄)လမ်း ကွန်ကရစ်တံတား(၈)စင်း၊ သံပေါင် သစ်သားတံတား (၁)စင်း၊ Box Culvert (၇၀)စင်း၊ Pipe Culvert (၁၉)စင်း၊ တန်ဖိုးနည်းအိမ်ရာ (၅)လုံး၊ ဘော်ဒါဆောင် (၁)ဆောင်နှင့် အခြားလုပ်ငန်း (၆)ခု စသည့်လုပ်ငန်းများကို ဆောင်ရွက်နိုင်ရေး ပြည်တွင်းလုပ်ငန်းရှင်များအား အောက်ပါအတိုင်း အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါ စတင်ရောင်းချ/ တင်သွင်းရမည့်ရက်** - ၂၄-၄-၂၀၂၃ ရက် (တနင်္လာနေ့) (ရုံးချိန်အတွင်း)မှ ၈-၅-၂၀၂၃ ရက်(တနင်္လာနေ့) (ရုံးချိန်အတွင်း)ထိ

(ခ) **အိတ်ဖွင့်တင်ဒါ ပိတ်မည့်ရက်နှင့်အချိန်** - ၈-၅-၂၀၂၃ ရက် (တနင်္လာနေ့) ၁၆:၃၀ နာရီ

(ဂ) **အိတ်ဖွင့်တင်ဒါပိတ်မည့် ရက်နှင့်အချိန်** - အိတ်ဖွင့်တင်ဒါဖွင့်ပွဲပြုလုပ်မည့်ရက်အား ဆက်သွယ်အကြောင်းကြားသွားပါမည်။

အသေးစိတ်သိရှိလိုပါက ကယားပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ သီဟလမ်း၊ မင်းစုရပ်ကွက်၊ လွိုင်ကော်မြို့၊ ဖုန်း-၀၈၃-၂၁၆၄၄၊ ၀၉-၄၂၀၇၀၁၈၄၂၊ ၀၉-၄၄၁၉၂၆၉၂၆၊ ၀၉-၄၂၈၀၀၄၁၁၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ **အိတ်ဖွင့်တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## မြေတိုင်းရပ်ကွက် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ လွိုင်ကော်လမ်းနှင့် မြတ်လေး(၁)လမ်းထောင့် မြေတိုင်းရပ်ကွက်အမှတ်(၁/ဥတ္တရသီရိ မြောက်ရပ်)၊ ဦးပိုင်/မြေကွက်အမှတ်(ဥ-၆၃၃၀)၊ အကျယ်အဝန်း(၈၀x၈၀)ပေ၊ ဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ နှစ်(၃၀)မြေငှားဂရန်မြေကွက်သည် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးမောင်သိန်း(ဘ)ဦးထား ၉/မသန(နိုင်)၀၈၀၇၃၆ အမည်ပေါက် ဂိုင်းခြံမြေနှင့်အဆောက်အအုံ အကျိုးခံစားခွင့် အရပ်ရပ်တို့ကိုဝယ်ယူခဲ့ပြီး လက်ရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ယမုံဖြူဦး ၁၂/စခန(နိုင်)၀၆၅၀၅၀ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ အဆိုပါမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေမြင့် (စဉ်-၁၇၃၈၉/၂၁) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၅/၆၉၀) ၊ ရန်-မန်းလမ်း၊ အောင်သာယာရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊**
**ဖုန်း-၀၉-၂၅၀၂၀၃၀၃၁**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 80W/48724 Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မျိုးဝင်း ၁၄/ဟသတ(နိုင်)၀၂၈၅၀၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 53W/22505 Honda Move 110 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကိုကိုဆွေ ၁၄/ဟသတ(နိုင်)၂၇၇၀၄၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ဟသ်ာတ)**

## ကယားပြည်နယ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန် (အိတ်ဖွင့်တင်ဒါအဆိုပြုလွှာခေါ်ယူခြင်း)

၁။ ကယားပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းအား မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ယူ ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက်** - ၂၃-၄-၂၀၂၃ ရက်

(ခ) **တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့်ရက်** - ၆-၅-၂၀၂၃ ရက်၊ ညနေ (၁၆:၃၀) နာရီ

**တင်ဒါလျှောက်လွှာများ ရောင်းချမည့်နေရာ** - ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ လွိုင်ကော်မြို့

**စုံစမ်းဆက်သွယ်ရန်လိပ်စာ/ဖုန်း**- ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဖုန်း-၀၈၃-၂၂၁၀၈၆၊ ၀၈၃-၂၂၁၅၄၆

၂။ တင်ဒါလျှောက်လွှာပုံစံများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း အထက်ဖော်ပြပါ လိပ်စာအတိုင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကယားပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

